www.burmeseclassic.com



www.burmeseclassic.com

BURMESE CLASSIC

# ဗျူး

## အရှေ့အနောက်ရပ်ဝန်း

www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဖျူးစာပေ)

အမှတ်-၅၂၀(က)၊ အင်း၀ (၄)လမ်း။

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်

ဦးကျော်ရင် (မြ-၀၀၃၂၆) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ စော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပန်းချီ

သိန်းရွှေကြည်

အတွင်းဖလင်

ကိုဇင်ဦးနှင့်ညီများ

ပုံနှိပ်ခြင်း

ပထမအကြိမ်

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ

တန်ဖိုး-၁၀၀ ကျပ်၊ အုပ်ရေ- ၅၀၀

ဖြန့်ချိရေး

ဖျူးစာပေ

၀၉ ၅၀၃၀၁၁၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

ဖျူး

အရှေ့အနောက်ရပ်ဝန်း

ဖျူးစာပေ၊ ၂၀၁၆။

၂၄၀-စာ၊ ၁၂ x ၁၈ စင်တီ။

(၁) အရှေ့အနောက်ရပ်ဝန်း


## အခန်း (၁)

လောကမှာ ဘယ်သူမဆို မချစ်ဖူးတဲ့သူမရှိပါဘူး။ ချစ်ဖူးတဲ့သူတိုင်းမှာ ခံစားချက်အနုအရင့်လိုက်ပြီး အချစ်ကိုပေးဆပ်သူနဲ့ အချစ်ကိုရယူသူဆိုပြီး ကွဲပြားသွားတာပဲရှိမယ်။ အချစ်ကတော့ သူ့ဂုဏ်သိက္ခာနဲ့သူ လောကအလယ်မှာ တည်တံ့ခိုင်မြဲနေဦးမှာပါ။

လူတွေအချစ်ကို မက်မောဖက်တွယ်နေသလောက် မိုးမင်းသဏ္ဍာန်ကတော့ အချစ်ကို လှောင်ပြောင်ကဲ့ရဲ့ရှုတ်ချပြီး လူတွေရဲ့အပိုအလုပ်တစ်ခုလို့ ပျစ်ပျစ်နှစ်နှစ် ဝေဖန်လိုက်ချင်တော့တာပါပဲ။

မိုးမင်းသဏ္ဍာန်က အချစ်ကို တန်ဖိုးမထားသလောက် စိမ်းလဲ့သွဲ့ ကတော့ အချစ်စစ် အချစ်မှန်ကို ရှာဖွေတွေ့ရှိဖို့ ကြိုးစားနေသူဖြစ်သောကြောင့် သူငယ်ချင်းနှစ်ယောက်ဆုံတိုင်း ပဋိပက္ခလေးတွေအမြဲဖြစ်တတ်ကြတာ သူတို့နှစ်ယောက်ရဲ့ခေါက်ရိုးကျိုးနေတဲ့ အစဉ်အလာတစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သဏ္ဍာန် လောကကြီးထဲမှာ အချစ်မရှိဘဲ လူသားတွေ ဖြစ်မလာဘူးဟဲ့၊ အဲဒါကို နားလည်လား"

"သွားစမ်းပါဟာ အချစ် ဟုတ်လား၊ ဘာအချစ်လဲ အချစ်က ကိုယ်သေရင် ကိုယ့်နောက်ကို ပါမလာဘူး။ လူတွေအချစ်ကြောင့် မှုလောင်နေရတာ နင် နားလည်လား"

စိမ်းလဲ့လဲ့စို နှင်းဆီသွေးရောင် နှုတ်ခမ်းအစုံကို တွန့်ခနဲ မဲ့လိုက်ပြီး

"နင်က စားပြီးနားမလည်တဲ့ အတန်းအစားထဲမှာ ပါတယ် သိလား"

"ဟမ် ဘာဆိုင်လဲ ငါက ဘယ်သူ့ဆီကစားပြီး ဘာတွေများ ကျေးဇူးတရားကန်းနေလို့လဲ"

"ကန်းတာပေါ့ နင့်အဖေနဲ့အမေ နင့်ကိုမွေးလာတာ အဲဒီအချစ်ကြောင့်လေ၊ နင်က အချစ်ကြောင့် လူဖြစ်လာတာဟဲ့၊ အဲဒါကိုမေ့ပြီး အချစ်မကောင်းကြောင်း ပြောနေရတယ်လို့"

စိမ်းလဲ့လဲ့စို စကားကြောင့် မိုးမင်းသဏ္ဍာန် ခဏကြာမျှ တွေဝေသွားပြီး တဟားဟားအော်ရယ်တော့သည်။ စိမ်းလဲ့လဲ့စို ကော်ဖီတစ်ငုံသောက်နေရင်းမှ ရယ်သံကြောင့် မိုးမင်းသဏ္ဍာန်ကို မျက်ခုံးနှစ်ဖက်ပင့်ပြီး ကြည့်ကာ

"ဘာရယ်တာလဲ ငါပြောတာ မှားနေလို့လား"





စိမ်းလဲ့စို၏ ငေါ့တော့တော့ အမေးကြောင့် မိုးမင်းသဏ္ဍာန် ရယ်သံနှောသောအသံဖြင့်

"သိပ်မှားတာပေါ့၊ အဖေနဲ့အမေ အချစ်ကြောင့် ငါ့ကိုမွေးတယ်ဆိုတာ ငါနဲ့ဘာဆိုင်လဲ၊ သူတို့နဲ့ပဲ ဆိုင်တာလေ၊ အဓိကက ငါ ချစ်လို့မှ မဟုတ်တာ"

တယူသန်စွာပြောနေသော မိုးမင်းသဏ္ဍာန် ရယ်သံနှောသောအသံဖြင့်

"သိပ်မှားတာပေါ့ အဖေနဲ့အမေ အချစ်ကြောင့် ငါ့ကိုမွေးတယ်ဆိုတာ ငါနဲ့ဘာဆိုင်လဲ၊ သူတို့နဲ့ပဲ ဆိုင်တာလေ၊ အဓိကက ငါချစ်လို့မှ မဟုတ်တာ"

တယူသန်စွာပြောနေသော မိုးမင်းသဏ္ဍာန်ကို စိတ်ပျက်စွာကြည့်လိုက်ပြီး

"နင် တော်တော်အတ္တကြီးတာပဲ၊ အေးလေ နင်က အချစ်ကိုရှာမတွေ့သေးလို့ ဒီလိုအဓိပ္ပာယ်မရှိတဲ့စကားတွေ ပြောနေတာပဲ၊ နင်နဲ့စကားပြောရတာ လုံးဝဖီလင်မလာတော့ဘူး တော်ပြီ ငါသွားတော့မယ်၊ ရော့ ဒါ ငါ့ကော်ဖီဖိုး နင့်အတွက်ပါထည့်ရှင်းပေးထားတယ်"

သောက်လက်စ ကော်ဖီကိုပင် ဆက်မသောက်တော့ဘဲ စလင်းဘတ်အိတ်ထဲမှ ငါးထောင်တန်တစ်ရွက်ကို ထုတ်ပြီး စားပွဲပေါ်တင်ပေးခဲ့ကာ ထထွက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မိုးမင်းသဏ္ဍာန်၏ မခိုးမခန့်ရယ်သံက စိမ်းလဲ့လဲ့စို၏နောက်ပါး သို့ ကပ်ပါသွားသည်။

လူပျိုဖော်ဝင်စကတည်းက အခု အသက်နှစ်ဆယ့်ငါးနှစ်အရွယ် အထိ ကိုယ့်နှလုံးသားကို ကိုင်လှုပ်နိုင်စွမ်းမရှိသေးတဲ့အချစ်ကို မိုးမင်း သဏ္ဍာန် ဘယ်လိုလုပ် တန်ဖိုးထားလို့ရမှာတဲ့လဲ။ သူကရော အချစ်နဲ့ ဘယ်လောက်ထိတွေ့ဖူးနေလို့လဲ၊ အချစ်ဝတ္ထုတွေဖတ်ပြီး လာပြောနေတဲ့ ပေါကြောင်ကြောင် အချစ်ဒဿနကို ပြွက်ရယ်ပြုလိုက်မှ ဒင်းလေးမှတ် မှာ။

ကိုယ့်အတွေးကို သဘောတကျပြန်ရယ်ပြီး သောက်လက်စ ကော်ဖီကို အရသာခံပြီး သောက်လိုက်သည်။

"အဟက် သူ့ကို စိတ်ဆိုးအောင် စလိုက်ရလို့ ကော်ဖီဖိုးတောင် ရှင်းစရာမလိုတော့ဘူး"

ချပေးသွားသော ငါးထောင်တန်ကို ယူကြည့်ပြီး မိုးမင်းသဏ္ဍာန် ပြုံးလိုက်သည်။

မိုးမင်းသဏ္ဍာန်နဲ့ စိမ်းလဲ့လဲ့စိုဆိုတာ ငယ်စဉ်ကတည်းက မတည့်အတူနေ သူငယ်ချင်းနှစ်ယောက်ဖြစ်သည်။ သူငယ်ချင်းဆိုပေမယ့် အမြဲတမ်းပြိုင်ဆိုင်နေသော သူငယ်ချင်းပြိုင်ဘက်ဟု မိဘဆွေမျိုးသူငယ် ချင်းအသိုင်းအဝိုင်းက အားလုံးသိထားကြသူများဖြစ်သည်။

စားပွဲဝိုင်းနားသို့လျှောက်လာသော လူရိပ်တစ်ခုကြောင့် တွေးနေ





သော အတွေးစတို့ပျက်ကာ မော့ကြည့်လိုက်သည်။

"တစ်ပွေတည်းလာကြုံနေတယ်ပေါ့ ဟုတ်လား၊ အဖော်မဲ့နေ ရင်လည်း ကိုယ့်ကိုဖုန်းဆက်ပါလား မိုးရာ၊ ကိုယ်အဖော်လာလုပ်ပေးမှာ ပေါ့"

လွယ်ထားသောကျောပိုးအိတ်ကို စားပွဲပေါ်တင်ပြီး မျက်နှာချင်း ဆိုင်ထိုင်ခုံမှာ ဝင်ထိုင်ရင်းပြောလာသော ကျော်ဒင်ခကို စိတ်ပျက်စွာ မော့ကြည့်လိုက်သည်။

"ဒါက ဘယ်လိုဖြစ်လာတာလဲ ကျော်ကြီးရာ"

"ဟင် ဘာဖြစ်လို့လဲ"

ကျော်ဒင်ခ သူ့ကိုယ်သူ ငုံ့ကြည့်ပြီး ပေါ့ပေါ့ပါးပါး မေးလိုက် သည်။

"မင်းဝတ်ထားတဲ့ ဝတ်စုံနဲ့ ကာလာကိုပြောတာလေ၊ အရောင် က ပန်းဆီရောင်ဝမ်းဆက် ဆိုးထားတဲ့ ဆံပင်ကလည်း ပန်းရောင် ကြည့်ရတာ အခြောက်ကြီးနဲ့တူနေသလားလို့ကွာ"

မိုးမင်းသဏ္ဍာန်အမေးကြောင့် ကျော်ဒင်ခ ရက်သွားပြီး

"မင်းကလည်းကွာ ဒီဝတ်စုံကို ငါဝတ်ချင်လို့ ဝတ်တာမဟုတ် ဘူးကွ၊ ငါ့အမေကွာ ငါ့သားလေးက အသားဖြူဖြူလေးမို့ ဒီဝတ်စုံလေးနဲ့ လိုက်မှာပဲဆိုပြီး ဝယ်လာပေးတာတဲ့ကွာ"

"အဟက် ကြည့်ကောင်းပါတယ် စိတ်ပျက်ဖို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ငါ့ကို မစပါနဲ့တော့ကွာ၊ ငါရှက်လို့ပါကွ မင်းကလည်း"

ဖြူသောမျက်နှာမှာ ရှက်စိတ်ကြောင့် နီမြန်းနေသော ကျော်ဒင်ခကိုကြည့်ပြီး ပို၍ပို၍ နောက်ချင်လာသည်။

"မင်းက မိန်းမချော ချောတာကိုး၊ ငါခုမှ သေချာကြည့်မိတယ်၊ အဟဲ မင်းနဲ့တွေ့ရင် ရင်ခုန်ခုန်နေတာ ထူးဆန်းတယ်ကွ"

ဘာရယ်မဟုတ် ပြောလိုက်သောစကားတစ်ခွန်းက ကျော်ဒင်ခကို စိတ်လှုပ်ရှားသွားစေသည်ထင်၏။ မျက်နှာသည် ရှက်ရိပ်လွှမ်းသွားကာ

"ဟာ မင်းကလည်း ယောက်ျားလေးအချင်းချင်းကွာ"

"ယောက်ျားလေးအချင်းချင်း တွဲကြတဲ့သူတွေ တပုံကြီး ဟော့ကောင် အဲဒါ ဘာဆန်းလဲ"

"ဘာလဲ မင်းကတွဲချင်စိတ်ရှိလို့လား"

ခပ်ရွံ့ရွံ့မေးလာသော ကျော်ဒင်ခ ပုံစံကိုကြည့်ပြီး မိုးမင်းသဏ္ဍာန် ရယ်ချင်စိတ်ကို မနည်းအောင့်အီးကာ

"မင်းရုပ်က တွဲချင်စရာကိုးကွ၊ ယောက်ျားလေးချင်းတောင် အဲဒီခံစားမှုဖြစ်လောက်အောင် မင်းပုံစံက လန်းတယ်"

"အိုကေလေ ဒါဆိုရင် ခံစားမှုအသစ်လေးတွေ ရအောင် တွဲကြည့်ကြတာပေါ့"

"ဟမ် တကယ်ကြီးတွဲမှာလား"





"မင်းပဲ တွဲချင်တယ်ဆို"

"အေးလေ မင်းစိတ်ပါလာမှတော့ တွဲကြည့်ရုံပေါ့"

ကျော်ဒင်ခ ဘာကောင်လဲဆိုတာ ခုမှပင် ဘွင်းဘွင်းကြီး သိလိုက်ရပြီမို့ ပါးစပ်ဆော့မိသော ကိုယ့်ကိုယ်ကိုယ်ပင် လက်သီးနဲ့အကြိမ်ကြိမ် ထိုးချင်လာတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"သမီးရေ ဒီနေ့အိမ်ကို အထူးဧည့်သည်တွေလာကြမယ်ကွဲ့"

မေမေ့ဆီကို ဧည့်သည်တွေ ဥဒဟိုလာနေကြတာဟာ စိမ်းလဲ့လဲ့စိုအတွက် အထူးအဆန်းမှ မဟုတ်တာ။

"ဘယ်က ဧည့်သည်တွေမို့လဲ မေမေ၊ အထူးအဆန်းလုပ်လို့ မေမေ့လို ပိုးထည်တိုက်ပိုင်ရှင်ဆီကို ပိုးထည်ကုန်သည်တွေလာနေကျပဲဟာကို"

"ဒီနေ့လာမှာက ပိုးကုန်သည်တွေမဟုတ်ဘူး၊ စိန်ကုန်သည် သမီးရဲ့"

စိမ်းလဲ့လဲ့စို မျက်လုံးလေး ဝင့်ခနဲ ဖြစ်သွားပြီး

"မေမေက စိန်လုပ်ငန်းပါ လုပ်တော့မလို့လား"

"မဟုတ်ပါဘူး သမီးရယ်၊ ဒီတစ်ခါလာမယ့်ဧည့်သည်က မေမေ့





လုပ်ငန်းအတွက်လာတာ မဟုတ်ပါဘူး၊ သမီးလေးကို လိုချင်လို့ မေမေ့ဆီမှာ စကားလာကမ်းလှမ်းတာ"

မေမေ့စကားကြောင့် အံ့သြရသူက စိမ်းလဲ့လဲ့စိုပင်ဖြစ်သည်။

"ဘယ်လို မေမေ စို့ကိုလိုချင်လို့ ဟုတ်လား"

"ဟုတ်တယ် သမီးရေ သူတို့ရဲ့သားနဲ့ သမီးလေးကို လက်ထပ်ပေးချင်လို့ဆိုပြီး မေမေ့ကိုကမ်းလှမ်းထားတာ ကြာပြီကွဲ့"

"ဟာ မေမေကလည်း အဓိပ္ပာယ်မရှိတာ အဲဒါကိုများ သမီးကို ကြိုပြောပြထားပေါ့၊ သမီးလက်ခံသင့် မခံသင့် ဆုံးဖြတ်ရဦးမှာလေ၊ ခုဟာက ဖြုန်းစားကြီးကို"

စိမ်းလဲ့လဲ့စို မကျေမနပ်ပြောတော့ ဒေါ်စိမ်းမြမြ ပြုံးသည်။

"သမီးရယ် မေမေက ကိုယ့်သမီးအကြိုက်ကို သိလို့ ခုလိုမျိုး စီစဉ်တာပေါ့၊ စိတ်ချ သမီး ငြင်းစရာတစ်ကွက်မှမရှိအောင်ကို အရာရာပြည့်စုံတဲ့လူငယ်လေးမို့ သမီးခေါင်းတစ်ချက်ညိတ်ရုံပါပဲ"

မေမေ့စည်းရုံးချက်တွေက စိမ်းလဲ့လဲ့စိုကို စိတ်ကျေနပ်မှုရှိအောင် ဘယ်လိုမှမစွဲဆောင်နိုင်။ မေမေတို့ကတော့ လုပ်ချလိုက်ပြန်ပြီဟု မကျေမနပ် ရေရွတ်လိုက်သည်။

"သမီး အိမ်ထောင်မပြုချင်သေးဘူး မေမေရာ၊ သူတို့လာရင် အဲဒီအတိုင်းသာ ပြောလိုက်ပါနော် နော်လို့ မေမေ"

"သမီးရယ် သမီးအရွယ်က အိမ်ထောင်ပြုရမယ့်အရွယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ဆောက်နေပြီလေ၊ ကျောင်းလည်းပြီးပြီ မိဘလုပ်ငန်းတွေမှာတောင် ဝင်ကူနိုင်တဲ့သူအဖြစ်ရပ်တည်နေနိုင်ပြီ၊ အဲဒီသူဌေးသားနဲ့သာ လက်ထပ်လိုက်ရင် သူတို့က သမီးကို စိန်တိုက်တစ်တိုက် လွှဲပေးဦးမှာ၊ ငါ့သမီးလေး ဘဝ ဘယ်လောက်ထည်ဝါကြီးမြတ်လိုက်မလဲ''

မေမေ့တွက်ကိန်းတွေက မေမေ့အတွက်တော့ စိန်စီသောလမ်းဖြစ်ကောင်းဖြစ်ပေမယ့် စို့အတွက်တော့ ခြောက်သွေ့သောကန္တာရလမ်းမကြီးကို လျှောက်ရသလို စိတ်ပျက်ငြီးငွေ့ဖွယ်အတိ။

ဖြစ်နိုင်လျှင် စို သူတို့နှင့်မတွေ့ချင်ပါ။ ဒီတော့ မေမေ့ကို အတိုက်အခံမပြောဘဲ ရှောင်ထွက်သည့် နည်းလမ်းကိုသာ ရွေးချယ်လိုက်တော့မည်။

■ ■ ■

''ဟယ် စိမ်းလဲ့လဲ့စို ဖုန်းမဆက်တာမဆက်နဲ့ လာမယ်လာတော့လည်း ဗြုန်းစားကြီးပါလား''

''ရှင့်ဆီလာတာ ဖုန်းကြိုဆက်ဖို့လိုလို့လား ကျော်နှင်းဆီရယ်၊ ဒီမှာ စိတ်ညစ်လာတာ သိရဲ့လား''

ကားပေါ်ကဆင်းရင်း ညည်းတွားလာသော စိမ်းလဲ့လဲ့စိုကို ကြည့်ပြီး ကျော်နှင်းဆီ မျက်နှာပါ မဲ့ရှုံ့သွားပြီး

''နင်စိတ်ညစ်သလို ငါလည်းစိတ်ညစ်နေတာပါဟယ်၊ နင်မလာရင်တောင် ငါကနင့်ဆီလာဖို့ စိတ်ကူးနေတာဟ၊ ရင်ဖွင့်ချင်လို့လေ





လာဟယ် ငါ့အခန်းထဲသွားကြမယ်''

စိမ်းလဲ့လဲ့စို လက်ကိုကိုင်ပြီး အိမ်ထဲဝင်ရန် ပြင်ဆင်နေသော ကျော်နှင်းဆီလက်ကို ပြန်ဆွဲကာ

''အိမ်ထဲမဝင်ချင်ဘူးဟာ၊ ခြံထဲမှာ အေးတယ် စကားပြောရတာ ပိုလွတ်လပ်တယ်''

နှစ်ယောက်သား ခြံထဲရှိ ထိုင်ခုံပေါ်တွင် ထိုင်ပြီး စကားပြောဖြစ်ကြသည်။

''ဟယ် နင့်ကိုလည်း အိမ်ကယောကျ်ားပေးစားတော့မယ် ဟုတ်လား''

မျက်နှာရှုံ့မဲ့နေသော ကျော်နှင်းဆီကိုကြည့်ပြီး စိမ်းလဲ့လဲ့စို အံ့ဩရပြန်သည်။

''ဟုတ်တယ် ငါ့ဖားသားကြီးရဲ့လုပ်ငန်းပါတနာ သားလို့တော့ ပြောတာပဲ၊ ငါတို့ရန်ကုန်ပြောင်းလာတော့ အဲဒီလူကြီးကပဲ နေဖို့ထိုင်ဖို့ လုပ်ငန်းလုပ်ဖို့ကအစ သေချာ Plan ဆွဲပေးပြီး ကူညီတာတဲ့''

''နင်ကရော သူ့ကို မြင်ဖူးလား''

''ဟာ် ငါဖြင့် ရန်ကုန်ပြောင်းလာတာ နှစ်နှစ်ပဲရှိသေးတဲ့ဟာကို သူငယ်ချင်းဆိုလို့ ရှင်ပဲရှိတာလေ၊ ကျန်တာ ဘယ်သူနဲ့မှ ရင်းနှီးတာမှ မဟုတ်တာ''

''အွန်လိုင်းပေါ်မှာတော့ ရှင့် friend တွေက အများကြီးပဲမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒါနဲ့ ရှင်နဲ့ကျူးနေတဲ့ဘဲတွေကရော အဲဒီထဲက ကိုယ့်စိတ်ကြိုက် တစ်ယောက်ကို ရွေးလိုက်ပါလား''

''ရွေးချင်တာပေါ့ ဒါပေမဲ့ သူတို့က ဒီနိုင်ငံမှာမရှိဘူး နယူးဇီလန်တို့ စင်ကာပူတို့ အမေရိကားတို့မှာပဲရှိတာ''

''အဲဒါဆိုရင်လည်း လိုက်သွားလိုက်ပေါ့ဟယ် ရှင်က အွန်လိုင်းပေါ်မှာ စနိုက်ကြော်လုပ်နေတဲ့လူပဲ၊ မိဘပေးစားတာ မလိုချင်ရင် လိုက်သွားပေါ့''

ကျော့်နှင်းဆီ သက်မတစ်ချက်ကို ဟင်းခနဲ ချလိုက်ပြီး

''ငါ့အဖေအကြောင်း ရှင်သိတယ်မို့လား၊ သူက ဒါဆိုရင် ဒါပဲ၊ ငါတို့သားသမီးတွေအားလုံး အဖေ့စကားကို ဘယ်သူမှ မလွန်ဆန်ရဲကြဘူး၊ ခုလည်း ကိုယ်တစ်ခါမှမမြင်ဖူးတဲ့ယောက်ျားတစ်ယောက်နဲ့ လက်ထပ်ရမယ်ဆိုတော့ ငါလည်း ငြင်းတာပေါ့၊ ဘယ်လိုမှ ငြင်းလို့မရဘူး''

''ငါတို့နှစ်ယောက် ဘာကြောင့် အဖြစ်အပျက်ခြင်း လာတူနေရတာလဲ ကျော့်ရယ်၊ ငါလည်း နှင့်လိုပဲ စိတ်ညစ်နေတာဟ''

''ဟင် နှင့်ကိုလည်း အိမ်ကယောက်ျားပေးစားတော့မလို့လား''

''ဟုတ်တယ် စိန်တိုက်ပိုင်ရှင်ရဲ့သားနဲ့''

''ဟယ် မိုက်တာပေါ့၊ ရှင်တော့ ချမ်းသာပြီးရင်း ချမ်းသာရင်းပါလား၊ ရှင်ကျတော့ ကုသိုလ်ကံကောင်းလိုက်တာ''

ကိုယ့်အဖြစ်က သူများအားကျရလောက်ပေမယ့် ကိုယ့်ရင်ထဲမှာ





ဘာခံစားမှုမှမပါ ဗလာကျင်းကြီးဖြစ်နေတာကိုတော့ သူတို့မိုင်းပြီး ခံစားဆနိုင်ကြမည်မဟုတ်။

''ကိုယ်မချစ်တဲ့သူနဲ့ ပေါင်းသင်းရမှာ ကံကောင်းတာတဲ့လား ကျော့်ရယ်၊ ခုချိန် ငါ့မှာ ချစ်သူမရှိလို့ ချစ်သူသာရှိကြည့် ငါ့ချစ်သူနောက်ကို ကောက်ကောက်ပါအောင်ကို လိုက်သွားပစ်တယ် သိလား''

''ဒါဆိုလည်း ခုပဲ ချစ်သူကောက်ထားလိုက်ပါလား''

''ဘယ်သူ့ကိုကောက်ထားရမှာလဲ''

''တွေ့ကရာလူကိုလေ၊ အဓိကက ရှင်ချစ်သွားဖို့ပဲ မဟုတ်လား''

''ဘာလဲ လမ်းဘေးက ဆီးသီးသည်လား''

ခပ်ရွဲ့ရွဲ့ပြောလိုက်သော စကားကြောင့် ကျော့်နှင်းဆီ တခိခိဖြင့် ရယ်လိုက်သည်။

ထိုစဉ် စိမ်းလဲ့လဲ့စို၏ဖုန်းသံ မြည်လာသည်။ မိုးမင်းသဏ္ဍာန်ဆီမှ ဖုန်းဖြစ်နေ၍ စိမ်းလဲ့လဲ့စို မဲ့လိုက်ပြီး ဖုန်းထူးလိုက်သည်။

''ဟဲလို ပြော ဘာကိစ္စလဲ''

ကျော့်နှင်းဆီဘေးမှ ငြိမ်ပြီး နားထောင်နေသည်။ ဖုန်းစပီကာ ဖွင့်ထား၍ ကျော့်နှင်းဆီအတိုင်းသား ကြားနေရသည်။

''နင် ဘယ်မှာလဲ စို''

''ငါ့သူငယ်ချင်းတစ်ယောက်အိမ်မှာပေါ့''

''ငါနင့်ကို အရေးကြီးစကားပြောစရာရှိတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာစကားလဲ"

"နင် လာခဲ့ပါလား၊ ငါတို့ဆုံနေကျ ကော်ဖီဆိုင်ကိုလေ"

"အောင်မာ နင်က ငါ့ကိုပြောစရာရှိတာလေ၊ ငါ့ကိုနင်လာတွေ့ရမှာပေါ့၊ ဟွန်း အကြောကြီးနဲ့"

ထုံးစံအတိုင်း လဲ့စို ပြန်ပြီးဘုတော ပစ်လိုက်သည်။ ကျော်နှင်းဆီ ဘောမှနားထောင်ရင်း ဘုမသိဘမသိဖြင့် လိုက်ရယ်သည်။

"အရေးထဲ အထာကိုင်မနေစမ်းပါနဲ့ဟာ ငါ နင့်ကို ရင်ဖွင့်စရာရှိလို့ပါဟာ"

လာပြန်ပြီတစ်ယောက် ရင်ဖွင့်စရာရှိလို့ပါတဲ့။ ဒီနေ့တွေ့သမျှ သူငယ်ချင်းတွေအားလုံး သောကတွေနဲ့ ရင်ဆိုင်နေကြရပါလား။

"ကောင်းပြီလေ ငါလာခဲ့မယ်"

"အိုကေ ငါစောင့်နေမှာနော် သူငယ်ချင်း"

မိုးမင်းသဏ္ဌာန် ဖုန်းချသွားပြီမို့ စိုပါ ဖုန်းပိတ်လိုက်ပြီး ကျော်နှင်းဆီကို ပခုံးတွန့်ပြကာ

"ကဲ ငါသွားလိုက်ဦးမယ် ကျော်ရေ၊ ဟိုကောင်ကလည်း ဘာတွေ feeling ဝင်နေပြန်ပြီလဲ မသိဘူး"

"ဘယ်သူလဲ စိုရဲ့"

"နင်နဲ့သူ့ကို ငါ မိတ်ဆက်မပေးရသေးဘူးနော်၊ သူက ငါနဲ့ ကျောင်းနေဖက်သူငယ်ချင်းလေ၊ ငါ့ရဲ့ဖြိုင်ဖက်ဆိုရင်လည်း မမှားဘူး





နင်လိုက်ခဲ့ပါလား၊ မိတ်ဆက်ပေးမယ်လေ၊ ငါမိတ်ဆက်ပေးလို့ နင်တို့ငြိသွားတော့လည်း တွဲလိုက်ကြပေါ့၊ ငါ့သူငယ်ချင်းက ရုပ်ဖြောင့်တယ်ဟ၊ စိတ်ကောင်းကတော့ မရှိတရှိပဲ၊ သူက ငါ့တွေ့ရင် ပြိုင်ဖို့ဆိုင်ဖို့ ခနဲ့ဖို့ပဲ တတ်တာ၊ ပြီးရင် ငါ့ကိုမတွေ့ဘဲနဲ့လည်း မနေနိုင်ဘူး"

"မလိုက်တော့ပါဘူးဟာ ဒီနေ့ ငါ့အဖေ အိမ်မှာရှိတယ်ဟ၊ သူရှိရင် ငါတို့အိမ်က ထွက်ဖို့မလွယ်ဘူး၊ ရှင့်ဟာရှင်ပဲသွားလိုက်တော့၊ နောက်ကြုံမှပဲ မိတ်ဆက်ပေးတော့ဟာ"

"အေးလေ ဒါဆိုလည်း ပြီးရော၊ ငါသွားတော့မယ် ဒီကောင် ဘာတွေသောကရောက်နေလဲဆိုတာ သွားနားထောင်ပြီး လက်စုပ်လက်ဝါး တီးပြီး ဟားပစ်လိုက်ဦးမယ်"

"အေးပါ မနက်ဖြန်သင်တန်းမှာ တွေ့မယ်လေ၊ ပြောစရာရှိတာ သင်တန်းရောက်မှဆက်ပြောမယ် သူငယ်ချင်းရေ"

စို ကျော်နှင်းဆီကို နှုတ်ဆက်ပြီး ကားမောင်းကာ သဏ္ဌာန်ဆီသို့ ထွက်လာခဲ့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ငါ နင့်ကိုလက်ထပ်မယ် စို"

ဖြူန်းစားကြီးပြောလာသော သဏ္ဍာန့်စကားကြောင့် စို့ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။

"နင် စိတ်တော့မှန်ပါသေးတယ်နော်"

"မှန်လို့ နင့်ကိုလက်ထပ်ခွင့်တောင်းတာပေါ့"

"နင်ပြောတော့ အချစ်က ဘာမှအရေးမပါဘူးဆို၊ အချစ် ကြောင့် လူတွေပူလောင်နေရတယ်ဆို၊ အဲဒီလို ပြောတဲ့လူက အခု ငါ့ကို လက်ထပ်ခွင့်တောင်းတယ်ဆိုတော့ နင့်စိတ်ပုံမှန်မဟုတ်တာ လုံး သေချာသွားပြီ"

စိမ်းလဲ့လဲ့စို၏ချေပသောစကားကြောင့် သဏ္ဍာန် မခံချင်စိတ် က တိုးထွက်လာပြန်သည်မို့





"အခုရော ငါက အချစ်ကို ကိုးကွယ်ပါတော့မယ်လို့ ပြောနေလို့ လား၊ လက်ထပ်ခွင့်ပဲတောင်းတာလေ"

"ဘာ နင် လူရောဟုတ်ရဲ့လား မိန်းကလေးတစ်ယောက်ကို လက်ထပ်ခွင့်တောင်းတာ အချစ်မပါဘူးဆိုတဲ့သဘောပေါ့ ဟုတ်လား"

"ခုချိန်မှာ အချစ်က အရေးမကြီးဘူး စို၊ ငါ့အတွက်အရေး ကြီးတာက ငါ မချစ်မနှစ်သက်တဲ့မိန်းမတစ်ယောက်ကို ငါ့ဇနီးအဖြစ် ငါ့ဘေးမှာ တစ်သက်လုံး ထားမှာထက်စာရင် နင့်လိုသူငယ်ချင်းမျိုးကို ငါ့ဘေးမှာ တစ်သက်လုံး ငါ့ဇနီးအဖြစ်ထားတာကမှ ငါ့ဘဝအတွက် ပိုပြီး အဓိပ္ပာယ်ရှိလိမ့်မယ်ထင်တယ် စိုရ၊ ဒါကြောင့် နင်ရော ငါရော ချစ်သူမရှိကြသေးတာချင်းအတူတူ လက်ထပ်လိုက်ကြရင် မကောင်းဘူး လားလို့ပါဟာ"

မိုးမင်းသဏ္ဍာန်၏ အတ္တပါသော စကားလုံးတွေက စို့ရဲ့ဒေါသ တွေကို ပို၍ ပို၍ ကြီးထွားလာစေသည်။

"နင့်ရဲ့ပါးစပ်ကို ဟောဟို ကားလမ်းမပေါ်မှာ ပက်လက်လှန်ပြီး ကားအစီးတစ်ရာလောက် တက်ကြိတ်ခံလိုက်တော့ သဏ္ဍာန်၊ နင်မို့ ငါ့ကို ဒီစကားမျိုး ပြောရက်တယ်၊ နင့်မိဘပေးစားတဲ့မိန်းမကို မလိုချင် တာနဲ့များ ငါက အဖြည့်ခံအနေနဲ့ နင့်ဘေးမှာ ဇနီးအဖြစ်နေပေးရမယ် တဲ့လား နင် သောက်ရူးပဲ သိလား"

ဒေါသကြောင့် ပျစ်ပျစ်နှစ်နှစ် ဆဲပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နင်ကရော အဲဒီလူကို ယူမှာလား၊ အဲဒီလူထက်စာရင် ငါနဲ့တစ်တဝလုံး အတူနေသွားတာကမှ နင့်အတွက် အဓိပ္ပာယ်ရှိမှာမဟုတ်လား၊ ငါက နင့်ကို လက်ထပ်မယ့်ကောင်ထက်စာရင် ရုပ်ရော ပညာရော သာချင်သာနေမှာပဲ"

လောကကြီးထဲမှာ သူသာ အတော်ဆုံးဟု ထင်တတ်သော မိုးမင်းသဏ္ဍာန်ကို အထင်သေးစွာ ငဲ့ကြည့်လိုက်ပြီး

"သိပ်လည်း အကြီးကြီးတွေပြောမနေနဲ့ သဏ္ဍာန်၊ ငါ့မျက်စိထဲမှာတော့ နင့်ထက် ငါလက်ထပ်ရမယ့်သူက အဆပေါင်းများစွာ သာတယ်ဆိုတာ နင်သိထားလိုက်စမ်းပါ"

"အောင်မာ နင်က အဲလိုကြေးလား၊ ငါ့ကို အိမ်ကသဘောတူထားတဲ့မိန်းကလေးကလည်း နင့်ထက်သာပြီးသားပါဟ၊ ဒါတောင် ငါက ခံစားလို့မရလို့ နင်နဲ့တွဲဖို့ ပြောကြည့်တာ"

ဘယ်တော့မှ အောက်ကျမခံ အရှုံးမပေးတတ်သော မိုးမင်းသဏ္ဍာန်၏စရိုက်အမှန်ဖြစ်သည်။

"ဒီမှာ ငါ့မိဘ ငါ့ကိုပေးစားမယ့်ယောက်ျားကလည်း နင့်ထက် အဆပေါင်းများစွာသာတဲ့လူဆိုတာ နင်မှတ်ထားလိုက်စမ်းပါ၊ ငါ့အပေါ် အမြဲအကောင်းမမြင်ဘဲ လိုက်ပြိုင်နေတဲ့ နင့်ကို ငါ့ယောက်ျားအဖြစ် လက်ထပ်မယ့်အစား မိဘသဘောတူတဲ့လူကိုပဲ ငါက ဖွတ်မိုတ်ပြီး လက်ထပ်လိုက်မယ် ရှင်းလား အရှုံးကောင်ရဲ့"





စိမ်းလဲ့လဲ့စို စကားကြောင့် မိုးမင်းသဏ္ဍာန် လက်ခုပ်လက်ဝါးတီးကာ အားရပါးရ အော်ရယ်တော့သည်။

"ဘာရယ်တာလဲ ငါပြောတဲ့အထဲမှာ ရယ်စရာဘာမှမပါဘူး"

"နင်ပြောတဲ့စကားထဲမှာ ရယ်စရာမပါပေမယ့် နင်သာ မိဘသဘောတူတဲ့သူနဲ့လက်ထပ်လိုက်ရင် နင်ခံစားရမယ့် နာကျင်မှုက ငါ့အတွက် ဟာသပြက်လုံးတစ်ခုလို ရယ်စရာကောင်းနေမှာ သေချာတယ်၊ လင်ဆိုးမယား တဖားဖားဆိုသလိုပေါ့"

ဟားတိုက်ရယ်မောရင်း ပြောနေသော မိုးမင်းသဏ္ဍာန်ကို ရွံရှာစက်ဆုပ်သောအကြည့်ဖြင့် ကြည့်လိုက်ပြီး

"နင်တော်တော် မိန်းမဆန်တာပဲ သဏ္ဍာန်ရယ်၊ နင့်ကိုလက်ထပ်ဖို့ငြင်းတာနဲ့ပဲ ငါက နောက်တစ်ယောက်နဲ့ယူရင် လင်ဆိုးမယား တဖားဖားဖြစ်ရမယ်တဲ့လား"

"ငါ ကြိုမြင်တာကို ပြောတာပါ"

"လုံးဝ အဲဒီလိုမဖြစ်စေရဘူး"

"စိန်ခေါ်တယ်ပေါ့"

"စိန်ခေါ်တယ် သဏ္ဍာန်၊ နင်သာ နင်လက်ထပ်မယ့်ဇနီးလောင်းနဲ့ ပျော်စရာကောင်းတဲ့ဘဝတစ်ခု တူထောင်နိုင်အောင်ကြိုးစားပါ၊ ငါ့အတွက် ဘာမှတွေးပြီး ပူမနေနဲ့ ရှင်းလား"

"ကောင်းပြီလေ ဒါဆိုရင် ငါတို့သူငယ်ချင်းနှစ်ယောက် မိဘ



www.burmeseclassic.com

www.burmeseclassic.com



သဘောတူတဲ့ အိမ်ထောင်ဖက်တွေနဲ့ လက်ထပ်ပြီး ဘယ်သူ့အိမ်ထောင်ရေးက ပိုသာမလဲဆိုတာ စောင့်ကြည့်ရသေးတာပေါ့၊ အေး တစ်ခုတော့ ပြောလိုက်မယ်နော် မိဘပေးစားလို့လက်ထပ်လိုက်ရပေမယ့် အချစ်ကို ခံစားတတ်သွားလို့ လက်ထပ်တယ်လို့တော့ မထင်နဲ့၊ နင့်ကိုမခံချင်လို့ လက်ထပ်လိုက်တယ်လို့ သဘောထားလိုက် ဟုတ်ပြီလား၊ နောက်တော့မှ သဏ္ဌာန်နဲ့လက်မထပ်လိုက်ရလို့ နောင်တတွေမရနဲ့”

“ဒါက နင့်သမိုင်းပါ၊ ငါနဲ့မဆိုင်ဘူး၊ အချစ်ကိုတန်ဖိုးမထားတတ်တဲ့ နင့်ကို လက်မထပ်မိလေခြင်းဆိုပြီး ငါ ဘယ်တော့မှ နောင်တမရဘူး ရှင်းလား”

“အိုကေ ဒါဆိုရင် ငါတို့မိဘတွေရဲ့ဆန္ဒကို ပြိုင်တူခေါင်းညိတ်လက်ခံလိုက်ကြတာပေါ့”

မထိမဲ့မြင်နိုင်လွန်းသော မိုးမင်းသဏ္ဌာန်ကို ထပ်ပြောစရာစကားလုံးမရှိတော့၍ စိမ်းလဲ့လဲ့စို ထွက်လာခဲ့လိုက်သည်။ သူ့ကိုမခံချင်၍သာ မေမေတို့သဘောတူတဲ့သူနဲ့လက်ထပ်မယ်ဟုသာ ပြောလိုက်ရတာ တကယ်တမ်း စို့စိတ်ထဲက ဘယ်လိုမှ လက်ခံ၍မရသေး။

သဏ္ဌာန်ရယ် နင့်ရဲ့သရဲဘောကြောင်လွန်းတဲ့ ပေါ့ပျက်ပျက်စိတ်က ငါ့မာနကို ထိခိုက်စေတယ်ဆိုတာ နင် နည်းနည်းမှ မရိပ်မိဘူးလား။

တကယ်ဆို နင့်ကိုငါချစ်တယ် စိုရယ်လို့ ပြောလိုက်ရင်တောင် နင်နဲ့ငါ့ကြားမှာ ခုလို စိန်ခေါ်ပွဲလေးတစ်ခု ရှိလာမှာမဟုတ်ဘူး။





နင်က အချစ်ကို တန်ဖိုးထားရမှာ သေလောက်အောင် ကြောက်နေတဲ့ သရဲဘောကြောင်တဲ့ကောင်မို့လို့လေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

“ငါ ငါ့မိဘသဘောတူတဲ့သူနဲ့ လက်မထပ်ချင်ဘူး သဏ္ဍာန်ရာ ငါ ဘယ်လိုလုပ်ရမလဲ”

မျက်နှာကို လိုအပ်တာထက်ပိုပြီး ရှုံ့တွနေသော ကျော်ဒင်ခ ကိုကြည့်ပြီး ရုပ်ရှင်ဆန်လွန်းသော တိုက်ဆိုင်မှုတွေကိုပဲ အံ့ဩ၍မဆုံး တော့။

“ငါ့သူငယ်ချင်းတွေ အားလုံးအဖြစ်အပျက်တွေက ဘာကြောင့် တိုက်ဆိုင်နေရတာလဲ၊ ငါ အံ့ဩလို့မဆုံးဘူးကွာ”

“မင်းအံ့ဩတာက နောက်မှအံ့ဩ၊ ခုလောလောဆယ် ငါ့မိဘ တွေက ငါ့ကိုမိန်းမပေးစားဖို့ လူကြီးချင်းတွေပြီးကြပြီ၊ ငါတောင် အဲဒီအိမ် ကို လိုက်မသွားချင်လို့ တိတ်တိတ်လေး လစ်ထွက်လာတာကွ”

“ငါ့သူငယ်ချင်းတစ်ယောက်လည်း သူ့ကိုအိမ်က ယောကျ်ား





ပေးစားတော့မှာမို့ ညစ်နေတာကွ၊ ငါ့ကိုလည်း အိမ်က မိန်းမပေးစားဖို့ ပြောနေတော့ ငါလည်း ညစ်ညစ်နဲ့ နင်နဲ့ငါလက်ထပ်မယ်ဟာလို့ ပြော လိုက်လို့ ငါ့ကိုဒေါဖောင်းသွားတယ်၊ ရယ်တော့ ရယ်ရသားကွ၊ ကျွန်တော့ ငါတို့သူငယ်ချင်းတွေ ကံနိမ့်နေတယ်ထင်ပါရဲ့ အိမ်ထောင်ပြုရမယ့် အခြေ အနေကြီးကို ပြိုင်တူကြုံနေရတယ်”

“မင်းသူငယ်ချင်းက မိန်းကလေးလား”

“အေးလေ ဘာဖြစ်လို့လဲ”

“မင်းပြောတော့ ငါနဲ့တွဲမယ်ဆို”

ကျော်ဒင်ခ အမေးကြောင့် မိုးမင်းသဏ္ဍာန် မျက်လုံးပြူးသွား ကာ

“အေးလေ မင်းနဲ့ငါနဲ့ အခုပဲ တွဲနေတာ မဟုတ်ဘူးလား”

“ငါပြောတာ အဲဒီလိုမဟုတ်ဘူးလေ မင်းက ငါ့ကိုကြိုက်တယ် လို့ပြောပြီး ဘာကြောင့် တခြားကောင်မလေးကို လက်ထပ်ခွင့်သွားတောင်း ရတာလဲ၊ မင်း ဂေးလ်မဟုတ်ဘူးလား ဘာလဲ နှစ်ဖက်ချွန်လား”

သူကပဲ ကိုယ့်ကိုပြန်ပြီး ဂေးလ်ဟုစွပ်စွဲနေသဖြင့် မိုးမင်းသဏ္ဍာန် ရှက်စိတ်ဝင်ပြီး

“ဟော့ကောင် ဂေးလ်က မင်းလေ၊ ငါက ဘာကြောင့် ဂေးလ် ဖြစ်ရမှာလဲ”

“ငါလည်း ဂေးလ်မဟုတ်ဘူး ဟော့ကောင်၊ ဂေးလ်တွေနဲ့တွဲကြည့်



www.burmeseclassic.com

www.burmeseclassic.com



ချင်တာပဲရှိတယ်၊ ဘာပဲဖြစ်ဖြစ် မင်းရောဂါရော မိဘပေးစားတဲ့သူနဲ့ လက်ထပ်ရတော့မှာဆိုတော့ မင်းဂေးလ်ဖြစ်လည်း ငါ့အတွက် အသုံးမဝင်တော့ပါဘူးကွာ''

ကျော်ဒင်ခ စကားကြောင့် မိုးမင်းသဏ္ဌာန် ခပ်ကျယ်ကျယ် ရယ်မောကာ ဂျယ်ထောင်ထားသော ကျော်ဒင်ခ၏ဆံပင်တွေကို ထိုးဖွလိုက်ပြီး

''ဘာပဲဖြစ်ဖြစ် မင်းက ချောတာပဲ၊ မင်းကောင်မလေးကလည်း မင်းကိုချစ်မှာပါကွာ၊ ငါ့မှာသာ ဘယ်လိုစရိုက်မျိုးရှိတဲ့ မိန်းမနဲ့ဆုံရဦးမလဲ မသိပါဘူး၊ ဗျူး တွေးကြည့်ရင် စိတ်မောတယ်ကွာ''

''မင်းမိဘက သူတို့သားကို တော်ရုံမိန်းကလေးမျိုးနဲ့ ပေးစားပါ့မလားကွ၊ ဘာပဲဖြစ်ဖြစ် မင်းကံကောင်းပါစေလို့ ငါ ဆုတောင်းတယ် သူငယ်ချင်းရာ''

ဆုတောင်းပေးသော ကျော်ဒင်ခကို ကြည့်ပြီး သက်မတစ်ချက်ချကာ

''မင်းလည်း ကံကောင်းပါစေလို့ ငါဆုတောင်းပါတယ်ကွာ''

နှစ်ယောက်သား အင်အားမရှိသောသူများနှယ် လက်ဝါးချင်း ဖတ်ခနဲ ရိုက်လိုက်ကြသည်။

ရင်ထဲမှာ အချစ်မပါ ဗလာသက်သက်နှင့် ဘဝတစ်ခုကို ထူထောင်ကြရဦးမည့် အခက်အခဲတွေကိုကျော်လွှားဖို့ ရဲဆေးတင်ရတော့





မည်ပေါ့။

ခရိုန်မျိုးမှာ ချစ်တတ်တဲ့နှလုံးသားခံစားချက်တွေ ဘယ်ချောင်မှာ သွားနေနေကြတာပါလိမ့်။

ခုတော့ မိဘစကားနားထောင်တဲ့ သားလိမ္မာလေးတွေအဖြစ်နဲ့ အိမ်ထောင်သည်ဘဝကို ဘုမသိဘမသိ ခုန်ကူးလိုက်ကြရရုံနဲ့ ကိုယ့်ရင်ထဲက အချစ်တွေကို ကိုယ်ကိုယ်တိုင် ပြန်သတ်ရဦးတော့မည့်အဖြစ် ဘယ်လောက်ဆိုးဝါးလိုက်ပါသလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

''စိမ်းလဲ့လဲ့စိုနော်''

''ဟုတ်တယ်''

''ကိုယ့်နာမည်က ကျော်ဒင်ခပါ''

''သိသားပဲ''

''မိဘတွေက ကိုယ်နဲ့စိမ်းလဲ့လဲ့စိုကို လက်ထပ်ပေးဖို့ အလောတကြီး စီစဉ်နေကြတယ်ဆိုတာ သိတယ်နော်''

''သိသားပဲ''

''ကိုယ့်ကို ဘာကြောင့် လက်ခံလိုက်တာလဲ''

ထိုအမေးကြောင့် စိမ်းလဲ့လဲ့စို၏ခပ်ရှုရှုအကြည့်တွေက ကျော်ဒင်ခဆီကို ဒိုင်းခနဲရောက်သွားသည်။

''ရှင်က ဘာကြောင့်သိချင်တာလဲ၊ ဒီမေးခွန်းကို ကျွန်မဖြေမှ ဖြစ်မှာလား''





''ဒါပေါ့ ကိုယ်နဲ့လက်ထပ်မယ့် မိန်းကလေးတစ်ယောက်ရဲ့ရင်ထဲက စကားလုံးအမှန်တွေကို ကိုယ်သိချင်တယ် ဟိုလေ ကိုယ့် ကိုယ့်ကိုလည်း စိမ်းလဲ့လဲ့စိုဘက်က ကြိုက်သလောက် မေးခွန်းထုတ်နိုင်ပါတယ်''

ကျော်ဒင်ခမျက်နှာပေါ်မှာ စိမ်းလဲ့လဲ့စိုကို စိတ်ဝင်စားသော အရိပ်အယောင်တွေ အထင်းသားပေါ်နေပြီဆိုတာ စိမ်းလဲ့လဲ့စို မရိပ်မိဘဲ ဘယ်ရှိပါ့မလဲ။

''ကျွန်မ အမှန်အတိုင်းဖြေပါ့မယ်၊ ရှင့်ကို ကျွန်မက ဘာကြောင့် လက်ခံလိုက်သလဲဆိုတော့ ပထမအချက်က ကျွန်မဟာ မိဘစကားနားထောင်တဲ့ သမီးလိမ္မာဖြစ်ချင်လို့ပဲ၊ ဒုတိယအချက်ကတော့ မိဘပေးစားတဲ့လူကိုမယူချင်လို့ဆိုပြီး လိုက်ပြေးစရာ ချစ်သူမရှိလို့ပဲ၊ တတိယအချက်ကတော့ ရှင်က ချမ်းသာတယ်၊ ရုပ်ချောတယ်၊ ပညာတတ်တယ်၊ ငြင်းလောက်စရာ အားနည်းချက်မရှိလို့ ရှင့်ကိုလက်ခံလိုက်ရတာ ရှင်သိထားဖို့က စိမ်းလဲ့လဲ့စိုဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ရင်ထဲမှာ အချစ်ဆိုတာ ခုထိ ပေါ်မလာသေးလို့ပဲ''

''ဟား အဖြစ်က တူသွားပြန်ပြီကွာ၊ ကိုယ်လည်း စိမ်းလဲ့လဲ့စိုလိုပဲ စိမ်းလဲ့မှာငြင်းစရာ ရှုပကာချို့ယွင်းချက် လုံးဝမရှိလို့ ကိုယ့်ဘက်က အသာတကြည်လက်ခံလိုက်တာပါ၊ ရင်ဘတ်ထဲမှာ အချစ်မဖြစ်သေးပေမယ့်လည်း လက်ထပ်ပြီးသွားရင်တော့ အချစ်တွေဖြစ်လာမှာပါ၊ သေချာတယ် မင်း ကိုယ့်ကိုချစ်ကို ချစ်လာစေရမယ်လို့ ကိုယ် ယုံကြည်တယ်''



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ် ယုံကြည်လွန်းနေသော ကျော်ဒင်ခကိုကြည့်ပြီး စိမ်းလဲ့လဲ့စို မသိမသာ မဲ့လိုက်သည်။ ဘာပဲဖြစ်ဖြစ် မိုးမင်းသဏ္ဍာန် လှောင်ပြောင်ရယ်မောရမယ့် ရုပ်ရည်မျိုးမဟုတ်တဲ့အတွက် စိမ်းလဲ့လဲ့စို ကျေးဇူးတင်ပါသည်။

■ ■ ■

"ရှင်နဲ့ကျော် တစ်ခါမှမဆုံဖူးကြပေမယ့် ရှင့်နာမည် မိုးမင်းသဏ္ဍာန်ဆိုတာကိုတော့ ကျွန်မ အမြဲကြားနေရလို့ ရင်းနှီးနေပါပြီ"

ရှည်လျားနက်မှောင်ပြီး ဖြောင့်စင်းနေသော ဆံကေသာတို့ ဝဲခါသွားအောင် ငှေ့ကြည့်လာသောအကြည့်တို့က မိုးမင်းသဏ္ဍာန်နေရာမှာ တခြားယောက်ျားသာဆိုလျှင် လုံးဝကိုကြွေသွားလောက်အောင် ကျော်နှင်းဆီ လုပါသည်။

သို့သော် မိုးမင်းသဏ္ဍာန် ရင်အစုံက စိတ်လှုပ်ရှားခြင်းတစ်စုံတစ်ရာ မဖြစ်ပေါ်ခဲ့။ စိတ်ထဲမှာ စိမ်းလဲ့လဲ့စိုရေ ငါ့မိဘလက်ထပ်ပေးတဲ့ မိန်းကလေးက တော်တော်လေးလှတယ်ဆိုတာ နင်တွေ့သွားရင် မနာလိုဖြစ်မယ်ဆိုတာ ငါ လုံးဝသိနေတယ်။

"ရှင် ဘာတွေတွေးနေတာလဲ ကျေနွ ရှင့်မှာချစ်သူရှိနေလို့ ရှင့်ချစ်သူကို စိတ်ထဲက ကြိတ်တွေးနေတာတော့ မဟုတ်လောက်ပါဘူးနော်"

ကျော်နှင်းဆီစကားကြောင့် မိုးမင်းသဏ္ဍာန် မပွင့်တစ်ပွင့် ရယ်





လိုက်ပြီး

"မင်းက ကိုယ်ကို သိပ်အထင်ကြီးလွန်းနေပြီ ထင်တယ်၊ တကယ်ဆို ကိုယ့်မှာ ချစ်သူလုံးဝမရှိဘူး"

"ဟင် တကယ်ကြီးလား"

မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် မေးလာသောကြောင့် မိုးမင်းသဏ္ဍာန် ခပ်သွက်သွက်ပင် ခေါင်းညိတ်လိုက်ပြီး

"တကယ်ပေါ့ ကိုယ်မညာတတ်ဘူး၊ အကယ်၍ ကိုယ့်မှာချစ်သူသာရှိခဲ့ကြည့် ကျော်နှင်းဆီကို လက်ထပ်ဖို့ ငြင်းပြီး ကိုယ့်ချစ်သူကိုပဲ ကိုယ်လက်ထပ်မှာပေါ့"

ထိုစကားကြောင့် ကျော်နှင်းဆီ ဘယ်မှပြန်ပြီးမချေပတော့ဘဲ ငြိမ်၍နားထောင်နေ၏။ သေချာပါပြီ ကျော်နှင်းဆီ မိုးမင်းသဏ္ဍာန်ကို စိတ်ဝင်စားသွားပြီဆိုတာကိုပေါ့။

"လက်ထပ်ပြီးရင် နှင်းဆီတို့ ဘယ်မှာနေကြမလဲ သဏ္ဍာန်"

မင်္ဂလာပွဲ ဘယ်လိုစီစဉ်မလဲဟု အရင်မမေးဘဲ လက်ထပ်ပြီးရင် ဘယ်မှာနေကြမလဲဆိုသည့် အမေးကို အဆင့်ကျော်ပြီးမေးလာ၍ ရယ်ချင်စိတ်ဖြစ်မိပေမယ့် တစ်ဖက်သား၏အလေးအနက်ထားမှုအပေါ် မလေးစားရာကျ၍ မရယ်မိအောင်ထိန်းထားရသည်။

"ဒယ်ဒီတို့ကတော့ ကွန်ဒိုတစ်ခန်းစီစဉ်ပေးမယ်လို့ ပြောတယ်၊ ကိုယ်လည်း သေသေချာချာ မမေးရသေးဘူး၊ နှင်းဆီက ဘယ်မှာနေချင်



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ မိဘအိမ်တွေမှာတော့ မနေဘူးနော်"

"အင်းပါ နှင်းဆီကလည်း မိဘတွေနဲ့မနေချင်ပါဘူး။ မျက်နှာ

ပူစရာကြီး"

အရက်သည်းပြနေသော ကျော်နှင်းဆီကိုကြည့်ပြီး မသိမသာ

ပခုံးတွန့်လိုက်သည်။ သူက ဘာရက်တာလဲမသိ။ ကိုယ်ကတော့ ဖြစ်နိုင်

လျှင် အချိန်တွေကို ယခုပစ္စုပ္ပန်ကာလတစ်ခုမှာပဲ ရှေ့ကိုဆက်ရွေ့မ

အောင် ရပ်တန့်ပစ်လိုက်ချင်တာပါ။

ဒိုရေ နှင်ရော နှင့်ကောင်နဲ့ အဆင်ပြေနေပြီလား ငါသိချင်

တယ်ဟာ။ သေချာတာတစ်ခုကတော့ နှင့်အကောင်ကို နှင်လုံးဝမချ

ဘူးဆိုတာကိုပဲ။

■ ■ ■



## အခန်း (၆)

"ရော့ ဒါ ငါ့ရဲ့မင်္ဂလာဖိတ်စာ"

ငွေမင်ရောင်ဖောင်းကြွစာလုံးပေါ် ကျောက်တွေစီခြယ်ထားသော

မင်္ဂလာဖိတ်စာကိုကြည့်ပြီး မိုးမင်းသဏ္ဍာန် မဲ့လိုက်ပြီး

"ဖိတ်စာကလည်း တောဆန်လိုက်တာဟာ ဒီထက်လှတဲ့ဖိတ်စာ

ငါတို့မြန်မာပြည်မှာမရှိတော့ဘူးလား။ ငါလည်း နှင့်ကိုဖိတ်စာလာပေးတာ၊

ဖိတ်စာနှစ်ခုယှဉ်လိုက်ရင် နှင့်ဖိတ်စာလေးမှတော့ ငိုတော့မှာပဲဟာ"

"အောင်မာ ဒီဖိတ်စာတစ်စောင်ကို တစ်ထောင့်ငါးရာရှိတယ်

ဟဲ့ မင်္ဂလာဆောင်တာပဲ မလိုအပ်တဲ့နေရာတွေမှာ ပကာသနလုပ်နေမယ့်

အစား လိုအပ်တဲ့နေရာတွေမှာ ငွေကုန်ခံလိုက်တာကမှ အကျိုးရှိဦးမယ်၊

ခုလည်း နှင့်ကိုသူငယ်ချင်းမို့လို့ ဖိတ်စာလာဖိတ်တာ၊ နှင်နဲ့ဖိတ်စာ အရှ



www.burmeseclassic.com

www.burmeseclassic.com



နွှင်းပြိုင်ဖို့လာတာ မဟုတ်ဘူး''

''ဟုတ်ပါပြီ နင်က အရှုံးပေးနေမှတော့ ငါကလည်း မပြိုင်တော့ပါဘူး၊ ရော့ ဒီမှာ ငါ့ဖိတ်စာ ရေလည်လန်းတယ်နော် ဒီဖိတ်စာက မြန်မာပြည်မှာမရှိဘူး၊ ပြင်သစ်ကိုလှမ်းမှာရတာ''

ပြောပြောဆိုဆိုနှင့်ဖိတ်စာကို လှန်ကြည့်လိုက်ကြသည်။ နှင်းယောက်သား မျက်လုံးပြိုင်တူပြူးသွားကာ

''ဟင် နင် နင်လက်ထပ်မယ့်သူက ကျော်ဒင်ခလား''

''ဟုတ်တယ် နင်ရော ကျော်နှင်းဆီနဲ့လက်ထပ်မှာလား''

''အေးလေ ကျော်နှင်းဆီကို နင်သိလို့လား''

''သိတာပေါ့ ငါ ပြင်သစ်စာသင်နေတာ သူနဲ့အတူတူလေ ခင်တာတော့ ဘယ်လောက်မှမကြာသေးပါဘူး၊ အံ့ဩပါရဲ့ ကျော်နှင်းဆီနဲ့ မင်္ဂလာဆောင်မှာ နင်ကိုး''

စိမ်းလဲ့လဲ့စို အံ့ဩ၍မဆုံးခင်မှာပင် မိုးမင်းသဏ္ဍာန်ကလည်း

''နင်ကရော ကျော်ဒင်ခနဲ့လက်ထပ်မယ်ဆိုတာ ငါယုံတောင်မယုံနိုင်ဘူး၊ ကျော်ဒင်ခဆိုတာ ငါ့ရဲ့သူငယ်ချင်း ဒီကောင်က ဂေးလ်လေ''

''ဘာ ဂေးလ် ဟုတ်လား''

ရုတ်တရက် အံ့ဩထိတ်လန့်သွားသော စိမ်းလဲ့လဲ့စိုကိုကြည့်ပြီး မိုးမင်းသဏ္ဍာန် စကားကိုဘရိတ်အုပ်လိုက်သည့် အနေနှင့်

''ဟာ ဂေးလ်နဲ့တူတယ်လို့ပြောတာပါ၊ အဟဲ ဂေးလ်အစစ်တော့ မဟုတ်ဘူးပေါ့ဟာ အဟဲ''





စိမ်းလဲ့လဲ့စို မျက်စောင်းဝေ့ကာ

''နင်ကိုယ်တိုင်ဂေးဖြစ်တိုင်း သူများကိုဂေးလ်လို့မထင်နဲ့၊ အဟင်း နင်က အချစ်ကိုတန်ဖိုးမထားတာ ဘာကြောင့်လဲဆိုတာ ငါ မသိဘူးများမှတ်နေလား''

''အမ် ဘာကြောင့်လဲ ပြောပါဦး''

''ပြောမှာပါ နင်ကိုယ်တိုင် ဂေးလ်ဖြစ်နေလို့ပဲလေ''

အနိုင်ပိုင်းကာ ပြောခဲ့ပြီး ထွက်သွားသော စိမ်းလဲ့လဲ့စိုစကားကြောင့် မိုးမင်းသဏ္ဍာန် ဒေါသဖြစ်ပြီး ကျန်ခဲ့သည်။

''ဟွန်း ကြည့်ကြသေးတာပေါ့ဟာ ဘယ်သူ့မင်္ဂလာပွဲက ပိုခမ်းနားပြီး ဘယ်အိမ်ထောင်ရေးက ပိုသာယာမလဲဆိုတာ၊ ငါ့ရင်ထဲမှာ အချစ်မရှိသေးပေမယ့် နင့်ကိုမခံချင်စိတ်နဲ့ ငါ့အိမ်ထောင်ရေးကို သာယာအောင် ငါလုပ်ပြမယ်''

မိုးမင်းသဏ္ဍာန်၏ကြွေးကြော်စကားသံကို စိမ်းလဲ့လဲ့စို မကြားနိုင်တော့။ ကြားသာကြားခဲ့လျှင် သူလည်း မိုးမင်းသဏ္ဍာန်ကို ဘယ်လိုပြန်ကြွေးကြော်လေမလဲ မသိ။

■ ■ ■

''ဟာ ကျွန်တော် ကန့်ထရိုက်တိုက်မှာတော့ မနေနိုင်ဘူး မေမေရာ၊ စိမ်းစိုတောင် သူ လက်ထပ်ပြီးတာနဲ့ မဟာမြိုင်ကွန်ဒိုမှာနေဖို့ သူ့



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေက စီစဉ်ပေးပြီးပြီ၊ သားကိုလည်း အဲဒီကွန်ဒိုမှာ အခန်းတစ်ခန်း စီစဉ်ပေး''

''ဩော် သားရယ့် ကွန်ဒိုတွေက ဈေးကြီးတယ် သားရဲ့ မေမေတို့မှာ မင်းရဲ့မင်္ဂလာပွဲကို အကြီးကျယ်အခမ်းနားဆုံးဖြစ်အောင် စီစဉ်ပေးပါဆိုလို့ ငွေတွေပုံအောပြီး စီစဉ်ပေးတယ်၊ အခု ကွန်ဒိုနဲ့ နေချင် ပြန်ပြီတဲ့၊ အဖေကြီးရေ ရှင့်သားတော့ စိမ်းလဲ့လဲ့စိုကို ဘယ်အချိန်ထိ ပြိုင်နေဦးမလဲမသိဘူး''

အဖေနှင့်အမေ မိုးမင်းသဏ္ဌာန်ကိုကြည့်ပြီး သက်ပြင်းကိုယ်စီ ချကြသည်။

''သားပြိုင်တာ မဟုတ်ပါဘူး၊ မခံချင်လို့ပါ မေမေရာ၊ ဟွန်း စိန်တိုက်ပိုင်ရှင်ရဲ့သားနဲ့ လက်ထပ်ရတယ်ဆိုပြီး မာန်တက်နေတာ လင်းတလောက်တော့ ငှက်တိုင်းလှတယ်ဆိုတာ ဒင်းကို သက်သေပြ မယ်''

ငယ်ငယ်ကတည်းက စိမ်းလဲ့လဲ့စိုအပေါ် ပြိုင်ဆိုင်တတ်သော သား၏အကျင့်က ဘယ်တော့များမှ ပျောက်ပါ့မလဲဟုတွေးပြီး မိဘတွေ စိတ်မောနေရသလောက် မိုးမင်းသဏ္ဌာန်ကတော့ စိမ်းလဲ့လဲ့စိုကိုသာ မခံချင်အောင်စပြီး သူနိုင်ငါနိုင် ပြိုင်ဆိုင်နေရလျှင် ခုနစ်ရက်လုံး ထမင်း မစားရလည်း အားအင်ပြည့်နေသည့်လူစားမျိုး။

''သားရယ် ဘာဖြစ်လို့ တစ်ယောက်ထဲ အကာ့သိုလ်တွေပွားနေ





ရတာလဲ၊ သူတို့က စိန်တိုက်ပိုင်ရှင်သားနဲ့ လက်ထပ်ရသလို သားကလည်း တကယ့်ဂုဏ်သရေရှိဌာနအကြီးအကဲရဲ့သမီးနဲ့ လက်ထပ်ရမှာလေ၊ ဒါရေိုက်တာချုပ်ရဲ့သမီးဆိုတာ နည်းတဲ့ဂုဏ်ပုဒ်လား၊ ရုပ်ရည်ရော ပညာရော မိဘမျိုးရိုးရော ဘာမှပြောစရာမရှိတဲ့မိန်းကလေးမျိုးကို သား လက်ထပ်ခွင့်ရတာ ဘယ်လောက်ကံကောင်းလိုက်သလဲ''

''ဒါပေမဲ့ သား ကျော်နှင်းဆီကို မချစ်ဘူး မေမေ၊ စိမ်းစို လက်ထပ်လိုက်လို့သာ သားလည်းအားကျမခံ လက်ထပ်လိုက်ရတာ''

''ဒါဆို သားက စိမ်းလဲ့လဲ့စိုကို ချစ်နေတယ်ပေါ့''

ဖေဖေ့စကားကြောင့် မိုးမင်းသဏ္ဌာန် ခန္ဓာကိုယ်မှာ မတ်ခနဲ တွန့်သွားပြီး

''အချစ်ဟုတ်လား ဖေဖေ စိမ်းစိုကို မခံချင်စိတ်တွေနဲ့လိုက် ပြိုင်နေတာ အချစ်မှမဟုတ်တာ ဖေဖေရဲ့ သူက သားရဲ့ပြိုင်ဘက်''

မိုးမင်းသဏ္ဌာန်စကားကြောင့် ဖေဖေရော မေမေရာ ပြုံးကြ သည်။

''အဲဒီပြိုင်ဖက်ကို မတွေ့ရမနေနိုင်တာလည်း သားပဲ မဟုတ် လား၊ ဒီတော့ ဖေဖေ သားကို တစ်ခုပြောမယ်ကွယ်''

ဖေဖေပြောမည့်စကားဟာ ဘာလဲဆိုတာ သိချင်စိတ်ဖြင့် ဖေဖေ့ ကို ငေးကြည့်လိုက်သည်။

''စိမ်းလဲ့လဲ့စိုကို သားရင်ထဲက ပြိုင်ဖက်လိုပဲ သဘောထားထား



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းလိုပဲ ဆက်ပြီးပတ်သက်ပတ်သက် အခုချိန်ကစပြီး သားနဲ့ ကျော်နှင်းဆီရဲ့ရေးရေးကိုပဲ အလေးပေးတွေးတောပါတော့လို့ ဖေဖေ မှာချင်တယ်၊ ပြိုင်ဆိုင်တဲ့အလုပ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတဲ့ လူတွေရဲ့အလုပ် သားရေ၊ သူလည်း လက်ထပ်တော့မှာပဲ သားတို့ **ပြိုင်ဖို့** လိုတော့လို့လား"

"လိုတာပေါ့ ဖေဖေရ"

"ဟော့တော် ဘာပြိုင်စရာရှိသေးလို့လဲ ကေ့ဘ္ဘ မဟုတ်မှလွဲ**ရော** ကလေးဘယ်နှယောက်မွေးမယ်ဆိုတာကအစ ပြိုင်မလို့လား၊ ဒါ**ဆို**ရင်တော့ မေမေအားပေးတယ်နော် ကြိုက်သလောက်သာမွေး မွေးသမျှမြေးကို မေမေကတော့ ဒိုင်ခံထိန်းမှာကွဲ့"

အတွေးတစ်မျိုးချော်သွားသော မေမေ့ကိုကြည့်ပြီး မိုးမင်းသဏ္ဍာန် ခေါင်းခါလိုက်ပြီး

"ဟာ မေမေကလည်း အဲဒီအဆင့်ထိတော့ မတွေးနဲ့ဦးလေ၊ သားပြိုင်မှာက သားကိုကျော်နှင်းဆီ ဘယ်လောက်ဂရုစိုက်သလဲ၊ သူ့ကိုရော ကျော်ဒင်ခက ဘယ်လောက်ဂရုစိုက်သလဲ အဲ အဲဒါကို ပြိုင်ရဦးမှာ ဟား ဟား"

"ဟော့တော် အဲဒါလည်း ပြိုင်ဦးမှာလား"

ပြောရင်း မေမေ သဘောကျစွာ ရယ်သလို ဖေဖေလည်း လိုက်ရယ်ပါသည်။





စိတ်ချ စိမ်းလဲ့လဲ့စိုရေ ကျော်ဒင်ခ နှင့်ကို ကြင်နာတာထက် ကျော်နှင်းဆီက ငါ့ကိုပိုပြီး ကြင်နာစေရမယ်။ အဲဒီကျမှ နင် မနာလို မဖြစ်နဲ့။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဒီနေ့လေးဟာ စိမ်းလဲ့လဲ့စိုနှင့်ကျော်ဒင်ခတို့ မင်္ဂလာပွဲကို ရှန်ဂရီလာဟိုတယ်တွင် ကျင်းပသလို မိုးမင်းသဏ္ဍာန်နှင့်ကျော်နှင်းဆီတို့ မင်္ဂလာပွဲကလည်း နိုဗိုတယ်ဟိုတယ်တွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ကျင်းပနေသောအချိန်ဖြစ်သည်။

ကျော်ဒင်ခကို မချစ်ဘဲ လက်ထပ်လိုက်ရပေမယ့် စိမ်းလဲ့လဲ့စို စိတ်ခံစားမှု မကြည်မသာမဖြစ်ပါ။ လက်ထပ်ပြီး အကြင်လင်မယားဖြစ်ခဲ့ကြလျှင်သာ သူ့အကြိုက် ကိုယ့်အကြိုက်ညှိပြီး အိမ်ထောင်ရေးအဆင်ပြေအောင်နေမည်ဟု စိတ်ကိုဒုံးဒုံးချ ဆုံးဖြတ်ထားသည်။

"သမီးရေ သဏ္ဍာန့်ဆီက ဖုန်းလာတယ်ကွယ်"

ညှို့ပရိသတ်တွေကို ကျော်ဒင်ခနှင့်အတူ လိုက်လံညှို့ခံနှုတ်ဆက်နေတုန်း မေမေ ဖုန်းလာပေး၍ လှမ်းယူကာ ဖုန်းထူးလိုက်သည်။





"ဟဲလို"

"စို နှင့်မင်္ဂလာပွဲ လူရောရှိရဲ့လား။ ငါကတော့ ကားသော့သုံးချောင်းရသွားပြီ၊ ကျန်တဲ့မင်္ဂလာလက်ဖွဲ့တွေ ငွေသားတွေကတော့ မနည်းဘူး၊ ပွဲပြီးလို့ အိမ်ပြန်ရင် လက်ဖွဲ့ပစ္စည်းတွေကို ကွန်တိန်နာနဲ့ သယ်သွားရလောက်တယ်၊ နည်းတာမဟုတ်ဘူးဟာ"

မင်္ဂလာရက်ကိုပါ မတူတူအောင် အချိန်လိုက်ညှိပြီးလုပ်သည့် သဏ္ဍာန့်လုပ်ရပ်က ကလေးဆန်လွန်းနေသည်ဆိုတာ စိမ်းလဲ့လဲ့စို သိပေမယ့် ကိုယ်ကလည်း သူ့ကို ဘယ်တော့မှ အကြောမပေးချင်သူပီပီ သူနဲ့အပြိုင် ကလေးလိုက်ဆန်နေရတာ ရယ်စရာတော့ကောင်းသား။

"သဏ္ဍာန်ရယ် နင်စိတ်ရောမှန်သေးရဲ့လား၊ အေးပေါ့လေ မင်္ဂလာပွဲမှာ ညှို့ခံစရာပရိသတ်နည်းနေတော့ ငါ့ကိုတောင် ဖုန်းဆက်ဖို့ အချိန်ရသေးတာပဲ၊ နင့်ကားသော့ သုံးချောင်းက တရုတ်ကားလေးတွေ မှတ်လား၊ ငါတို့ဘက်ကတော့ ကားသောက်တစ်ချောင်းပဲ ရသေးပေမယ့် စိန်လက်ဖွဲ့တွေကတော့ လေးငါးဘူးလောက်ရှိနေပြီ၊ တစ်ဘူးကို သုံးရတီလောက်ရှိတာဆိုတော့ တန်ဖိုးအားဖြင့် သိန်းနှစ်ရာနီးပါးရှိတယ်၊ လေးငါးဘူးလက်ဖွဲ့ရထားတာဆိုရင်တော့ နင့်ကားသော့သုံးချောင်းလောက်ကို စာဖွဲ့မနေပါနဲ့တော့ သဏ္ဍာန်ရယ်၊ နင့်ယောကျ်ားမ အစိုးရလခစား ပါမောက္ခချုပ်ဝင်ငွေလောက်နဲ့ လာမချေနဲ့ ဒါပဲဟာ ငါ့မင်္ဂလာခန်းမထဲမှာ ညှို့သည်တွေပြည့်လျှံနေတာပဲ သူတို့အားလုံးကို လှူစေ့အောင် နှုတ်ဆက်နှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်နေရပါတယ်ဆိုမှ နင့်ရဲ့ကားသောသုံးချောင်းလောက် လက်ဖွဲ့ရတာကို လာကြွားနေသေးတယ် တကယ်ပဲ စိတ်ပျက်တယ် သိလား''

စိမ်းလဲ့လဲ့စို အနိုင်ပိုင်းပြောပြီး ဖုန်းကိုပိတ်လိုက်သည်။

''ဘယ်သူ့ဖုန်းလဲ စို''

ကျော်ဒင်ခ အမေးကြောင့် ဘာမှအရေးမပါသောဟန်ဖြင့်

''သူငယ်ချင်းတစ်ယောက်ပါ သူ့မင်္ဂလာပွဲမှာလည်း လက်ဖွဲ့တွေ အများကြီးရထားတဲ့အကြောင်း လှမ်းကြွားတာလေ''

''ဩော် ဟုတ်လား စို့သူငယ်ချင်းက ရယ်ရတယ်နော် သူများ မင်္ဂလာပွဲမှာ အားလားမအားလား မသိ၊ အဲဒါအလိုက်ကန်းဆိုးမသိဘူးလို့ ခေါ်တယ်၊ ကိုယ့်သူငယ်ချင်းတစ်ယောက် ဒီနေ့မင်္ဂလာပွဲလုပ်တယ်လေ၊ အဲလိုကလေးကလားလုပ်ရပ်မျိုးနဲ့ ကိုယ့်ကိုလှမ်းပြီး စိတ်အနှောင့်အယှက် မပေးဘူး''

ကျော်ဒင်ခထံမှ သဏ္ဍာန့်ကိုနှိမ့်ချစကားသံ ထွက်လာတော့ စိမ်းလဲ့လဲ့စို မခံနိုင်ပြန်။

''အို အလိုက်ကန်းဆိုးမသိတာတော့ ဘယ်ဟုတ်မလဲ သူနဲ့ ကျွန်မနဲ့က ဟိုးငယ်ငယ်လေးကတည်းက ကြွားနေကျလေ၊ အခု သူ လှမ်းကြွားသလို ကျွန်မလည်း ပြန်ကြွားပစ်လိုက်တာပဲ၊ ဒါနဲ့ ရှင့်သူငယ်ချင်းလက်ထပ်တယ်တာကရော ဘယ်သူလဲ ရှင့်ကိုမဖိတ်ဘူးလား''

''မင်္ဂလာပွဲချိန်ခြင်းတူနေလို့ သူ့ကိုလည်း ဖိတ်စာမပေးဖြစ်





သူ့ဖိတ်စာလည်း ကိုယ်မယူဖြစ်လိုက်ဘူး၊ နောက်မှပဲ မင်္ဂလာလက်ဖွဲ့ပို့ပေးလိုက်တော့မယ်၊ ကဲ လာ ဟိုမှာ ကိုယ်တို့မင်္ဂလာမောင်နှံကို ခေါ်နေပြီ သွားညှော်ခံကြရအောင်''

ကိုယ့်လက်ကို ခပ်ဖွဖွဆုပ်ကိုင်ပြီး ညှော်ပရိသတ်ဝိုင်းတွေရှိရာသို့ လျှောက်သွားသော ကျော်ဒင်ခ နောက်ကို စိမ်းလဲ့လဲ့စို အလိုက်သင့် လိုက်ပါသွားပြီး ချီးမွမ်းထောပနာပြုကြသော ညှော်သည်တွေကို အပြုံးလှလှတွေဖြင့် ပြန်လည်ညှော်ခံလိုက်သည်။

ထိုတခဏ်အတွင်းမှာ မိုးမင်းသဏ္ဍာန်ကို ပြန်လည်၍ မေ့သွားပြန်ပါသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

တကယ်ဆို မင်္ဂလာဦးညကိုဖြတ်ကျော်ဖို့ စိမ်းလဲ့လဲ့စို အဆင်သင့် မဖြစ်သေးပါ။ အပျိုစင်ဘ၀ကို ကိုယ့်ချစ်သူမဖြစ်ခဲ့ဖူးတဲ့ ယောကျ်ားတစ် ယောက်ထံ ပေးဆပ်အပ်နှင်းရမည့်အခြေအနေမို့ ဟန်မဆောင်နိုင်အောင် စိတ်လှုပ်ရှားမိတာ စိမ်းလဲ့လဲ့စိုရဲ့ သရဲဘောကြောင်တဲ့စိတ်ခေတ်ပါပဲ။

"စို ညလယ်စာ ဘာစားဦးမလဲ၊ ကိုယ် မ၀င်းကို တစ်ခုခု စီစဉ်ခိုင်းလိုက်မယ်လေ"

ပခုံးနှစ်ဖက်ကို သိုင်းဖက်ပြီး တရင်းတနှီးဟန်ဖြင့် မေးလာသော ကြောင့် ရှန်းချင်ပေမယ့် ကိုယ်နှင့်လက်ထပ်ထားတဲ့ ခင်ပွန်းပါလားဆို သည့်အသိက ၀င်လာပြန်တော့ ရှန်းချင်စိတ်ကို မနည်းမျိုသိပ်ကာ

"စို ဘာမှစားချင်စိတ်မရှိဘူး ကိုကျော်ဒင်ခရယ် ဒီနေ့ ပင်ပန်း သွားတယ်"





"ကိုယ်သိတယ် ဒါကြောင့် ကိုယ့်ဇနီးလေးကို စောစောအနား ယူခိုင်းရမယ်၊ လန်းသွားအောင် ရေအရင်ချိုးလိုက်လေ၊ ကိုယ်လည်း ရေချိုးမှာ၊ အတူတူချိုးကြတာပေါ့"

"ရှင်"

စိမ်းလဲ့လဲ့စို အလန့်တကြား ရှင်လိုက်ပြီး မှန်ထဲမှာပေါ်နေသော ကျော်ဒင်ခကို ကြည့်လိုက်သည်။ ကျော်ဒင်ခကလည်း စို့ကို မှန်ထဲကပင် ပြန်ကြည့်ပြီး

"ရှက်လို့လား စို ကိုယ်တို့ဒီနေ့ပဲ အကြင်လင်မယားဖြစ်တာလေ၊ ရှက်စရာမှမလိုတော့တာ၊ ကိုယ်တော့လေ စိုကို လက်ထပ်လိုက်ရတဲ့ အတွက် ဘယ်တော့မှ နောင်တမရဘူး သိလား"

"ကျွန်မလည်း နောင်တမရချင်ပါဘူး ကိုကျော်ဒင်ခ"

အချစ်မပါဘဲ လက်ထပ်လိုက်ရပေမယ့် တစ်ယောက်ကိုတစ် ယောက် နားလည်မှုအပြည့်နဲ့ လက်တွဲကြမည်ဆိုလျှင် နောင်တဆိုတာ ၀င်လာစရာ အကြောင်းမရှိ။

"ဒါဆိုရင် ဒီညကို ကိုယ်တို့စိတ်တူကိုယ်တူ ဖြတ်သန်းကြရ အောင်ကွာ"

နဖူးကို ခပ်ဖွဖွနမ်းရင်း ပြောလာသော ကမ်းလှမ်းမှုက ရင်ခုန် စရာမကောင်းဘဲ အသည်းယားစရာဖြစ်နေ၍ စိမ်းလဲ့လဲ့စိုမျက်နှာတစ် ပြင်လုံး ရှိန်းခနဲ ပူဆင်းသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အို ရှင် ဘာတွေလာပြောနေတာလဲ"

အပျိုစင်တစ်ယောက်ရဲ့ နောက်ဆုံးညတစ်ညကို အငမ်းမရ ဖက်တွယ်ထားချင်သေးတာ စိမ်းလဲ့လဲ့စိုရဲ့အပြင်းပြဆုံးဆန္ဒတစ်ခုပါ။

"ရှက်မနေပါနဲ့တော့ စိုရယ်၊ ကိုယ်တို့လင်မယားဖြစ်သွားပြီပဲ၊ သူများမင်္ဂလာမောင်နှံတွေလို မင်္ဂလာဦးညကို ရင်ခုန်သံတွေနဲ့စီးမျော ကြည့်ချင်ပြီ၊ ထ ကိုယ်တို့ရဲ့ပင်ပန်းမှုတွေပြေပျောက်သွားအောင် ရေချိုး ခန်းအတူတူ ဝင်ကြမယ်ကွာ"

စိုပခုံးသားနုစ်ဖက်ကို ဆွဲထူမရင်း ရေချိုးခန်းဝင်ရန် ဆန္ဒပြင်းပြ နေသော ကျော်ဒင်ခ မျက်နှာကို စိတ်ရှိလက်ရှိခြစ်ကုတ် ဆွဲဖွဲ့ပစ်လိုက်ချင် သည်။

"တင်းတောင် တင်းတောင်"

အိမ်ရှေ့မှာ လူခေါ်ဘဲလ်သံကြောင့် ကျော်ဒင်ခ အခန်းအပြင်ကို ငဲ့ကြည့်ရင်း

"ဒီအချိန်ကြီး ဘယ်သူလာနှောင့်ယှက်ပြန်ပြီလဲကွာ"

"တံခါးသွားဖွင့်ပေးလိုက်ဦးမယ် ကိုကျော်ဒင်ခ"

ထွက်ပေါက်တစ်ခု ရသွားသည်မို့ စို မှန်တင်ခုံမှ ထရန် ဟန် ပြင်လိုက်သည်။

"နေ နေ ကိုယ်သွားဖွင့်လိုက်မယ် စို"

ကျော်ဒင်ခ အခန်းထဲမှ ခပ်သုတ်သုတ်ထွက်သွားသည်။ ဒီတော့





စို့ရင်ထဲမှ အပူလုံးကြီးတစ်ခု ကျသွားတော့သည်။

ဘုရား ဘုရား ဒါကလည်း အပြီးတိုင်လွတ်မြောက်သွားတာမှ မဟုတ်တာ။

သူများတွေတော့ မင်္ဂလာဦးညကို ဘယ်လိုဖြတ်ကျော်ကြလဲမသိ၊ စိုကတော့ ငရဲတွင်းထဲဖောက်ထိုးကျသလိုကို ခံစားနေရသည်။

ဒီညကို စို ဘယ်လိုဖြတ်ကျော်ရမလဲ။

ဖြစ်နိုင်လျှင် ပစ္စုပ္ပန်အချိန်တွေထဲမှ ဝိညာဉ်အဖြစ် ခဏလွင့် သွားချင်ပါသည်။

ဒါဟာ နောင်တဆိုလျှင်တော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဟာ သဏ္ဍာန် ဒီအချိန်ကြီး ဘာကိစ္စလဲ"

အခန်းအပြင်တွင် မိန့်မိန့်ကြီးရပ်နေသော မိုးမင်းသဏ္ဍာန်
မြင်တော့ ကျော်ဒင်ခ တအံ့တသြဖြင့် မေးလိုက်သည်။

"မင်္ဂလာဦးညကို ဖြတ်ကျော်ဖို့ ရင်တွေခုန်နေလို့ မင်းနဲ့သော
မလားလို့ အဖော်လာညှိတာကွာ"

"ဟာကွာ မင်းကလည်း အရေးထဲ ဘာများလဲလို့ ဒီမှာ ငါ
က အရှိန်ယူနေပြီကွ"

ထိုစကားကြောင့် မိုးမင်းသဏ္ဍာန် မျက်နှာကွက်ခနဲ ပျက်သွ
ပြီး

"မင်းကလည်း လောဘကြီးလိုက်တာ၊ ဒါမျိုးကိစ္စဆိုတာ ဖြ
စားကြီး အကောင်အထည်မဖော်ကောင်းဘူးကွ၊ လာပါကွာ ငါတို့ အ





သွားကြရအောင်"

"ဟာ မလိုက်ချင်ဘူးကွာ"

"ဟေ့ကောင် မင်း သစ္စာဖောက်တာလား၊ ငါမှာတော့ မင်းကို ချစ်လွန်းလို့ သူငယ်ချင်းနှစ်ယောက် အိမ်နီးနားချင်းတီးတိုးဖော်ရအောင် ဆိုပြီး မင်းနဲ့မျက်နှာချင်းဆိုင်အခန်းမှာ ရအောင်ဝယ်နေတာ၊ မင်းက မိန်းမရတာ နာရီပိုင်းပဲရှိသေးတယ်၊ ငါ့ကိုခေါက်ပြီပေါ့ ဟုတ်လား"

မကျေမနပ် စကားနာထိုးတော့ ကျော်ဒင်ခ ပျာပျာသလဲ ငြင်းရှာပါသည်။

"အဲလို မဟုတ်ပါဘူးကွာ"

"အဲလိုမဟုတ်ရင် ငါတို့ရဲ့နောက်ဆုံးလူပျိုညကို သူငယ်ချင်းနှစ်ယောက် အတူတူကုန်ဆုံးကြရမှာပေါ့၊ မိန်းမဆိုတာ တစ်သက်လုံး မရိုးမအီပေါင်းသွားရမှာကွ၊ ဒီညကိုတော့ ငါတို့ ဘယ်တော့မှ ပြန်ရနိုင်မှာ မဟုတ်တော့ဘူး ရှင်းလား၊ လာပါကွာ မင်္ဂလာဦးညမှာ မိန်းမနဲ့အတူတူ အိစီကလီလုပ်ကြဖို့ ငါတို့ဗိုက်ထဲ ယမကာလေးဝင်ထားတော့ ပိုပြီး ရဲတင်းတာပေါ့ကွာ၊ သူတို့ကလည်း ဒါကိုနားလည်ပေးမှာပါကွ"

"ငါ ငါ စို့ကို ပြောဖို့ အားနာတယ်ကွ"

ကျော်ဒင်ခ မလိုက်ချင်၍ စိုနှင့်လွှဲချသည်။

"စို ဟုတ်လား စိုဆိုတာ ငါ့သူငယ်ချင်းအရင်းခေါက်ခေါက်ကြီး ပါကွာ မင်း မပြောရဲရင် ငါ သွားပြောလိုက်မယ်ကွာ ဘယ့်နှယ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



စိတ်မြန်လက်မြန် အခန်းဝတွင် ပိတ်ရပ်နေသော ကျော်ဒင်ခကိုတွန်းဖယ်ပြီး စိုရှိရာသို့ ဝင်လာခဲ့လိုက်သည်။ ညေ့ခန်းထဲဝင်လာသော စိုနှင့်မျက်နှာချင်းဆိုင်သွားဆုံ၍ အရှိန်ဖြင့်လှမ်းနေသော သဏ္ဍာန်ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။

"စို ငါနဲ့ကျော်ဒင်ခ ဘတ်ချလာနိုက်အတွက် ဂုဏ်ပြုပွဲလေး လုပ်မလို့ နင် ခွင့်ပြုတယ်မဟုတ်လား"

"ဘတ်ချလာနိုက်က ဘယ်မှာလုပ်မှာလဲ၊ ငါ အရမ်းပင်ပန်းနေပြီ၊ ဘာမှမစီစဉ်ပေးနိုင်ဘူးနော်၊ နင့်မိန်းမစီစဉ်ပေးမယ်ဆိုရင်တော့ သဘောပဲ"

စို့ထံမှ နင့်မိန်းမဟူသောအသုံးအနှုန်းကြောင့် သဏ္ဍာန်ရင်ဘတ်ထဲမှာ တစ်စုံတစ်ရာကိုဆွဲထုတ်ခံလိုက်ရသလို ဟာခနဲဖြစ်သွားသည်။

"အေး ငါ့မိန်းမကိုလည်း မစီစဉ်နိုင်းဘူး၊ နင့်ယောကျ်ားကို ခေါ်ပြီးအပြင်မှာ သွားသောက်မှာဟ၊ နင်စောင့်နိုင်တယ်မဟုတ်လား။ ငါ့မိန်းမကတော့ ငါ့သဘောပဲ တစ်ညလုံးပြန်မလာလည်း သူကအေးဆေးပဲလေ"

မခံချင်အောင် ခပ်ရွှတ်ရွှတ်ပြောချလိုက်ရပေမယ့် သဏ္ဍာန့်နှုတ်မှ ငါ့မိန်းမဟူသောအသုံးအနှုန်းကို သုံးနှုန်းရတာ တော်တော်လေး ကသိကအောက်နိုင်ပါသည်။ ဘယ်လိုမှလည်း ဗီလင်မလာ။

တကယ်ဆို ကျော်နှင်းဆီကို ရင်ဘတ်ထဲလုံးဝထည့်လို့မရသေး





တာ ကိုယ်သာလျှင်အသိဆုံး။ ဒီတော့ စိုကလည်း ကျော်ဒင်ခအချစ်တွေအပေါ်မှာ ဘယ်လိုမှ မယစ်မူးစေရ။

"သူက အေးဆေးဆိုမှတော့ ငါကလည်း ဆယ်ခါပြန်အေးဆေးပဲ သဏ္ဍာန်၊ ဒီညတင်မဟုတ်ဘဲ နောက်နေ့ညတွေလည်း အမြဲတမ်းလာခေါ်လို့ ရှော့မရှိဘူး ငါက ကြည်ဖြူကျေနပ်ပြီးသား"

"တကယ်နော်"

"နင့်ကို ညာရအောင် ငါက အရူးမို့လား"

"အိုကေ ကဲ ကြားတယ်နော် ကျော်ဒင်၊ မင်းဇနီးအသစ်စက်စက်လေးက မင်းကိုရေလည်အလိုလိုက်တယ်ကွာ၊ ငါ့ဇနီးတောင် ငါ မနည်းအာပေါက်အောင် ပြောရတယ်"

အနားသို့လျှောက်လာသော ကျော်ဒင်ခ ပခုံးကို ဝမ်းသာအားရ သိုင်းဖက်ပြီး ပျော်နေသော သဏ္ဍာန်ကိုကြည့်ပြီး စိတ်ပျက်လက်ပျက်ရှုံ့မဲ့နေသူက ကျော်ဒင်ခ ဖြစ်သည်။

တကယ်ဆို ကျော်ဒင်ခက စိမ်းလဲ့လဲ့စိုဆိုသည့် ဇနီးချောလေး၏အလှထဲမှာ သာသာယာယာ ယစ်မူးချင်ခဲ့တာပါ။ ခုတော့ ဒီကောင်မိုးမင်းသဏ္ဍာန်ကြောင့် တဒိတ်ဒိတ်ခုန်နေတဲ့ ရင်ခုန်သံတွေ တစ်စစီပျက်စီးကုန်ပြီ။

"ကဲ လာပါကွာ သံယောဇဉ်အမျှင်တန်းတဲ့အကြည့်တွေကို ဘိခနဲ ဖြတ်ခဲ့၊ ငါတို့နှစ်ယောက်ရဲ့ဘတ်ချလာနိုက်ကို နှစ်ယောက်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဖြတ်မယ်၊ ဟဲ့ စို ငါ နင့်ယောက်ျားကို ခေါ်သွားပြီနော်၊ ညဥ့်နက်ရင်လည်း စိတ်မပူနဲ့ သိလား''

''ကြွ ကြွ''

ကျော်ဒင်ခကို ဒရွတ်ဆွဲမတတ် ခေါ်သွားပြီးတော့တာပြသွားသော သဏ္ဍာန်ကိုကြည့်ပြီး ခပ်ရွတ်ရွတ်ပြောလိုက်ပေမယ့် စိတ်ထဲမှာတော့ သဏ္ဍာန်ကို တကယ် ကျေးဇူးတင်နေမိပါသည်။

■ ■ ■



## အခန်း (၁၀)

ညဥ့်နှစ်နာရီထိုးသည်အထိ ကျော်ဒင်ခ ပြန်မလာသေးပါ။ ကူးတက စောင့်နေတာမဟုတ်ပေမယ့် ငါဟာ အိမ်ထောင်သည်ဖြစ်သွားပါပေါ့လားဆိုသည့် အသိစိတ်ကြီးက ချောက်ချားနေလေတော့ စိုးတော်နှင့်အိပ်၍မပျော်။

အတွေးတွေက ဟိုရောက်လိုက် ဒီရောက်လိုက်နှင့် စိတ်တွေကသာမငြိမ် လက်ထပ်ခြင်းကို လွယ်လွယ်နဲ့လုပ်ခဲ့မိပြီလားဆိုသည့် ဇဝေဇဝါစိတ်ခံစားမှုကြီးက တစ်ခါတစ်ရံ ဝင်သက်ထွက်သက်မှားစေသည်။

အတွေးတွေ ယောက်ယက်ခတ်နေစဉ် တံခါးဘဲလ်သံကြောင့်ခံထဲ ထိတ်ခနဲဖြစ်ပြီး လှဲအိပ်နေရာမှ ထထိုင်လိုက်သည်။

''ဟော့တော ဒုက္ခပါပဲ ပြန်လာပြီထင်တယ်၊ အရက်နံ့တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပျက်စရာကောင်းလိုက်တာ''

ပြောဆိုညည်းတွားရင်း အခန်းတံခါးကို ဖွင့်လိုက်သည်။ နာသီး
သို့ အရက်နံ့ဝင်မလာဘဲ ရေမွှေးရနံ့ချိုအီအီတို့ ဝင်လာသည်။

''ဟင် ကျော် ရှင်ရော မအိပ်သေးဘူးလား''

''ဘယ်လိုအိပ်လို့ရမှာလဲ စိုရယ်၊ ကိုယ်အိပ်မောကျသွားရင်
သူ နှိုးရခက်မှာစိုးလို့ မအိပ်ဘဲနဲ့ အွန်လိုင်းပေါ်တက်နေတာ၊ ခုပဲ နှစ်နာ
ထိုးပြီ ပြန်မလာသေးဘူး ရှင်ဖုန်းဆက်ကြည့်ပါလား''

ပြန်လာမှာတောင် ကြောက်နေပါသည်ဆိုမှ ကျော်နှင်းဆီက
လုလည်ကျပြီး ဖုန်းလာဆက်ခိုင်းနေသေးသည်။ သူ့ယောကျ်ားပြန်မလာ
တာ သူဆက်ပေါ့။

''ဟာ ရှင့်ဟာရှင် ဆက်ပေါ့လို့၊ တော်ကြာ ငါတို့ကို တစ်မျိုး
ထင်ကုန်မယ်၊ သူတို့ကို မအိပ်ဘဲ အငမ်းမရ ထိုင်စောင့်နေကြတယ်
ပြီးတော့လေ''

ဒဲ့ပင်ပြောချလိုက်သောစကားကြောင့် ကျော်နှင်းဆီ ရှက်ရယ်
ကျဲလေးရယ်ကာ

''ငါလည်း အဲဒီလိုထင်မှာစိုးလို့ မဆက်တာဟ၊ ငါ အခု အ
အိပ်ချင်နေပြီ''

''အိပ်လိုက်တော့ပေါ့''

''အိပ်ပျော်သွားရင် ဆင်တစ်ကောင်လုံးတက်နှိုးရင်တောင် နိ





မှာမဟုတ်ဘူး''

''ဒါဆို ကျုပ်က လာစောင့်ပေးရမယ်ပေါ့''

''အဲ အဲလိုလည်းမဟုတ်ဘူးလေ ရှင်တို့ဘယ်ရောက်နေကြလဲ
လို့ ဖုန်းလေးတစ်ချက်ပဲဆက်ပေး ရှင့်ယောကျ်ားလည်းပါတာပဲလေ''

''အလိုတော် ကျုပ်ယောကျ်ားလို့ မပြောပါနဲ့ဦး စောပါသေးတယ်
ခုထိ ဘာမှဖြစ်ကြတာမဟုတ်ဘူး၊ ကျုပ် အပျိုစင်ပဲ ရှိသေးတာပါနော်''

''ဟုတ်ပါပြီ ငါသိပါတယ် စိုရယ်၊ အခု ငါကစပြီး ဆက်ရမှာ
ရှက်လို့ပါ''

''ငါလည်း ရှက်တာပဲလေ''

စိုစကားကြောင့် ကျော်နှင်းဆီ ဖုန်းဆက်ဖို့ ဖွတ်မပြောတော့ဘဲ
စိတ်လျှော့လိုက်ဟန်ဖြင့်

''အေးလေ ဒါဆိုရင်လည်း ပြန်လာချင်တဲ့အချိန်ကျမှ ပြန်လာ
ပါစေတော့ ငါတော့ ဆက်မစောင့်နိုင်တော့ဘူး အိပ်တော့မယ်၊ မနက်
ကျရင် မနက်စာအတူတူစားကြမယ်နော် တာ့တာ''

နှုတ်ဆက်ထွက်သွားသော ကျော်နှင်းဆီကို တာ့တာပြပြီး အိမ်
တံခါးပြန်ပိတ်လိုက်သည်။

ဒီညအဖို့ သဏ္ဍာန်ရော ကျော်ခင်ခရော ပြန်မလာကြပါစေနဲ့
အပျိုစင်ညလေးကို မက်မက်မောမော ဖက်တွယ်ပြီး တစ်ကိုယ်တည်း
အိပ်စက်ချင်လို့ပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဒါ ဒါ ဘယ်နေရာလဲ"

အိပ်ရာမှနိုးနိုးချင်း မျက်လုံးအစုံဖွင့်ကြည့်လိုက်သည်နှင့် မျက်စိထဲစိမ်းနေသည့် အိပ်ခန်းကျဉ်းကျဉ်းထဲက ရှုပ်ပွနေသည့်မြင်ကွင်းတစ်ခု။

လှဲအိပ်နေရာမှ ဝေါက်ခနဲ ထထိုင်ပြီး ဘေးဘီဝဲယာကို အလန့်တကြား ကြည့်လိုက်သည်။

ဘေးတွင် အိပ်ပျော်နေသော သဏ္ဍာန့်ကိုတွေ့လိုက်ရ၍ ပို၍ အံ့သြရပြန်သည်။

"သဏ္ဍာန် ဟေ့ကောင် သဏ္ဍာန် ထ ထစမ်း"

သဏ္ဍာန့်ကိုယ်ပေါ်မှ လွှမ်းခြုံထားသော ဂွမ်းစောင်ပါးကို ဆွဲယူပြီး နှိုးလိုက်သည်နှင့်

"ဟင် ဒါ ဒါက ဘာပုံစံလဲ"

အဝတ်မရှိသော သဏ္ဍာန့်ကိုကြည့်ပြီး လန့်သွားသည်။

သဏ္ဍာန့်မျက်လုံးတို့ လေးပင်စွာ ပွင့်လာပြီး

"ဟင်း ဘာလဲ အစောကြီးရှိသေးတယ် မနှိုးနဲ့"

"ဟာ ဟေ့ကောင် ဒါ မင်းအိမ်မဟုတ်ဘူးကွ၊ ဒီ ဒီအခန်းထဲ မင်းနဲ့ငါ ဘယ်လိုရောက်နေတာလဲ၊ ထ ထစမ်းပါဦးကွာ မင်းကိုယ်ပေါ်က အဝတ်တွေရော ဘယ်တွေရောက်ကုန်ပြီလဲ"

"ဘာ ဟင် ဒါ ဒါက ဘယ်လိုဖြစ်တာလဲ"

ခုတင်ဘေးတွင် အပုံလိုက်ကျနေသော အကျီနှင့်ဘောင်းဘီကို မြင်ပြီး သဏ္ဍာန် လှဲအိပ်နေရာမှ ခုတင်ပေါ်မှ ဝုန်းခနဲ ဆင်းကာ ကောက်ယူလိုက်သည်။

ဘောင်းဘီအကျီကို ဝရုန်းသုန်းကား ဝတ်နေသော သဏ္ဍာန့်ကိုကြည့်ပြီး ကျော်ဒင်ခ တဟားဟား အော်ရယ်သည်။

"ဟေ့ကောင် မင်းမရယ်နဲ့ မင်းကိုယ်ပေါ်က စောင်ကိုဖယ်ကြည့်လိုက်ရင် မင်းလည်း ငါ့လိုပဲ ဖြစ်နေလိမ့်မယ်"

သဏ္ဍာန့်စကားကြောင့် အားရပါးရ အော်ရယ်နေသော ကျော်ဒင်ခ ရယ်နေရင်း တန်းလန်းရပ်ကာ စောင်ကိုလှပ်ပြီး သူ့ခန္ဓာကိုယ်အောက်ပိုင်းကို ငုံ့ကြည့်လိုက်သည်နှင့် ဖြူဖွေးနေသော မျက်နှာမှာ ချက်ချင်းနီမြန်းသွားပြီး

"ဟာ ဒါ ဒါက ဘယ်လိုဖြစ်ရတာလဲ"

ဒီတစ်ခါ ရယ်လိုက်သူက သဏ္ဍာန်ပင်ဖြစ်သည်။

"ကေနွ ငါတို့နှစ်ယောက် ညတုန်းက မင်္ဂလာဦးညကို လူမှားပြီး မူးမူးနဲ့ အချင်းချင်းကြုံလိုက်မိကြပြီထင်တယ်"

"ဘာကွ"

ကျော်ဒင်ခ၏ဘာကွဟူသောအသံက အခန်းကျဉ်းလေးထဲမှာ ဟိန်းထွက်သွားသည်။

"ဟာ ဖြေးဖြေးအော်ပါကွာ ညက မင်းရော်ငါရော မူးပြီး အိမ်ကို မပြန်ကြဘဲ ဒီဂိုဒေါင်အခန်းလေးထဲ ဘယ်လိုရောက်လာကြမှန်း







www.burmeseclassic.com

www.burmeseclassic.com



တောင်မသိတဲ့ဟာ''

''မသိလို့ရမလားကွ မင်း မင်းနဲ့ငါ ညက ဘာ ဘာတွေဖြစ်ကြလဲ မင်းမှတ်မိလား''

ခုတင်ခြေရင်းတွင် ပုံလျက်သား ရှိနေသော အင်္ကျီဘောင်းဘီကို ကပျာကယာဆွဲယူ ကောက်ဝတ်ရင်း မေးလာသော အမေးကြောင့် သဏ္ဍာန် ခေါင်းကို ခပ်ဖြည်းဖြည်းခါရမ်းလိုက်ပြီး

''မင်းရောငါရော ညက အတူတူသောက်ကြတယ်၊ ပြီးတော့ မင်္ဂလာဦးညကို တူတူ ကုန်ဆုံးမယ်ဆိုပြီး မင်း ငါ့ကို ဒီခေါ်လာတယ် ပြီးတော့ အဲ ပြီးတော့''

သဏ္ဍာန် ပြောလက်စကို ရပ်ပြီး ပါးစပ်အဟောင်းသားဖြင့် အားစိုက်နားစွင့်နေသော ကျော်ဒင်ခကို တစ်ချက်အကဲခတ်ကြည့်လိုက်သည်။

''ဟေ့ကောင် ပြောလေကွာ ပြီး ပြီးတော့ မင်း မင်းနဲ့ငါ ဘာဆက်ဖြစ်ကြလဲ''

အငမ်းမရမေးလာသော ကျော်ဒင်ခကို ပြုံးဖြီးဖြီးဖြင့်ကြည့်လိုက်ပြီး

''ငါ ငါတို့ အာဝါဟဝိဝါဟ ဖြစ်သွားကြတယ်ထင်တယ်ကွ၊ ညက ဖြစ်တဲ့အခြေအနေကို ငါ ရေးရေးလေး မှတ်မိနေပေမယ့် ဘယ်သူက ဂေးလ်လဲဆိုတာတော့ ငါလည်း သေချာမဝေခွဲတတ်တော့ဘူး၊ မဆိုး





ပါဘူး ခံစားမှုအသစ်လေးပေါ့''

''ဟာ သွားပြီ သွားပါပြီကွာ ဖနီးချောချောလှလှလေးနဲ့ လက်ထပ်ပြီး မင်္ဂလာဦးညမှာ သူနဲ့အတူတူ မကြည်နူးရဘဲနဲ့ မင်းနဲ့မှ ဘုမသိကိုးမသိမှားရတယ်လို့ ဒုက္ခပဲ ငါ ငါ ဘယ်လိုမျက်နှာနဲ့ အိမ်ပြန်ရမှန်းတောင် မသိတော့ဘူးကွာ၊ အဲဒါ မင်းကြောင့် မင်းကြောင့် ဒီလိုအခြေအနေမျိုးဖြစ်သွားတာ ဒီကိစ္စ မင်း ဘယ်လိုဖြေရှင်းမလဲ သဏ္ဍာန် ငါ ငါရှက်လိုက်တာကွာ''

ကျော်ဒင်ခ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့် ခပ်ကြမ်းကြမ်းပွတ်သပ်ပြီး မချိတင်ကဲ ပြောဆိုညည်းတွားနေပုံကိုကြည့်ပြီး သဏ္ဍာန် မသိမသာ ပြုံးလိုက်သည်။

မင်းနဲ့စိမ်းလဲ့လဲ့စိတ်တို့ မင်္ဂလာဦးညကို ငါ ဝင်နှောက်လိုက်နိုင်တဲ့အတွက် ကျေနပ်တယ်ဟု စိတ်ထဲမှ ကြိမ်ဝါးလိုက်သည်။

''ကိစ္စ မှားပြီးမှတော့ ဟိုလူကြောင့် ဒီလူကြောင့်ဆိုပြီး အပြစ်တွေဘင်မနေနဲ့တော့၊ ငါတို့ဒီပုံစံနဲ့ပဲ အိမ်ကိုပြန်ကြပြီး မိန်းမတွေကို တောင်းပန်လိုက်ကြမယ်''

''ဒီကိစ္စက တောင်းပန်ရုံနဲ့ပြီးမလားကွ၊ ငါတော့ ကိုယ့်လိပ်ပြာကိုယ်မသန့်တာနဲ့ စို့ကို ဘယ်လိုမျက်နှာပြရမှန်းမသိတော့ပါဘူးကွာ''

''ဒါဆိုရင် မင်း စို့ကို ဖနီးအဖြစ်မသတ်မှတ်နဲ့တော့ပေါ့ကွာ၊ အရှင်းဆုံးပြောရရင် မင်းလူပျိုမစစ်တော့ဘူး ဟေ့ကောင်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဘာစကားလဲ သဏ္ဍာန် ငါက လူပျိုမစစ်တော့ဘူးဆိုရအောင် မင်းကရော လူပျိုစစ်တော့လို့လား"

ကျော်ဒင်ခ ဒေါသသံဖြင့် ပြန်လည်ထိုးနှက်သည်။

"အတူတူပဲလေ ဒါကြောင့် ငါလည်း ကျော်နှင်းဆီကို ဇနီးမယားတစ်ယောက်လို ပေါင်းသင်းဖို့ စိတ်ကူးမရှိတော့ဘူး"

"တ တကယ်ကြီးလား"

"တကယ်ပေါ့"

"ဒါ ဒါတော့ မဖြစ်နိုင်ဘူးလေကွာ၊ ငါတို့နှစ်ယောက် တိတ်တိတ်လေးမှားတာ သူ သူတို့သိတာမှမဟုတ်တာကွာ၊ မင်းကလည်း မင်္ဂလာဆောင်ပြီး လင်မယားဖြစ်မှတော့ ဒီလိုကိစ္စမျိုးက ရှောင်လွှဲလို့ရမလားကွ၊ သူတို့က တစ်မျိုးထင်မှာပေါ့ အဲ သူတို့ကို ဇော်ကားရာကျမှာပေါ့"

ကျော်ဒင်ခအဖို့တော့ စို့ကို လက်လွှတ်ဆုံးရှုံးမခံနိုင်ပါ။ ညက စိုနှင့်အတူ မကုန်ဆုံးလိုက်ရသည့် မင်္ဂလာဦးညကို ရင်မှာနမြောရှိမဆုံးတော့။

ဒါတွေအားလုံးရဲ့တရားခံဟာ မိုးမင်းသဏ္ဍာန်ပဲ ဖြစ်သည်။

■ ■ ■



## အခန်း (၁၁)

"ညက အမူးလွန်ပြီး နှစ်ယောက်သား ဂိုဒေါင်မှာသွားအိပ်ကြတဲ့အတွက် တောင်းပန်ပါတယ် နှင်းဆီရယ်"

မျက်နှာငယ်ဖြင့် တောင်းပန်လာသော မိုးမင်းသဏ္ဍာန်ကိုကြည့်ပြီး ကျော်နှင်းဆီ စိတ်ဆိုးချင်ပေမယ့် စိတ်ဆိုး၍မဖြစ်။

"နှင်းဆီ ရှင့်ကိုစိတ်မဆိုးတဲ့အတွက် တောင်းပန်ဖို့မလိုပါဘူး၊ မနေ့က တစ်နေ့ကုန် ပင်ပန်းထားတော့ ရှင်ထွက်သွားတာနဲ့ နှင်းဆီလည်း အိပ်ပျော်သွားလိုက်တာ၊ ရှင်ပြန်လာသလား မလာဘူးလားဆိုတာတောင် သတိထားမအိပ်မိတော့ဘူး၊ မနက်မိုးလင်းမှ ရှင်ပြန်မလာမှန်းသိတော့တယ်"

အမှန်ဆို နှင်းဆီ တစ်ညလုံး အိပ်မပျော်ဘဲ သဏ္ဍာန်ပြန်လာနိုး ပြန်လာနိုးနဲ့ စောင့်ခဲ့ရတာ မိုးကိုလင်းရောပဲမဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါသေးရဲ့ကွာ ဟိုကောင်လေ လူမှန်းမသိအောင်သောက်ပြီး အိမ်မပြန်ဘူးလုပ်နေလို့ ကိုယ်ကလည်း ကြံမိကြံရာကြံပြီး ဂိုဒေါင်ကို ခေါ်ပြီး သိပ်လိုက်တယ်၊ ဒီမနက်လည်းကျရော သူမဟုတ်သလိုပုံစံမျိုးနဲ့ စိမ်းစိုကို တောင်းပန်နေလိုက်တာများ ထိုင်ရှိခိုးမတတ်ပဲကွာ"

"ရှင်တို့ယောကျ်ားတွေက ဘီယာလေးဗိုက်ထဲဝင်သွားရင် အိမ်ကိုမေ့တတ်တာ ထုံးစံပဲလို့ နှင်းဆီ ကြားဖူးခဲ့တာ ခုမှ တကယ်လက်တွေ့ကြုံရတော့တယ်၊ ကဲပါ ညက သောက်ထားတာဆိုတော့ အမူးပြေသွားအောင် သံပုရာရည်လေးသောက်မလား နှင်းဆီ ဖျော်လိုက်မယ်လေ"

အလိုက်သိလွန်းသော ကျော်နှင်းဆီကို အားနာမိပေမယ့် ဒီလိုအခြေအနေမျိုးရောက်အောင် တမင်ဖန်တီးသူက ကိုယ်ကိုယ်တိုင်မို့ ဟန်မပျက်တော့ နေရမှာပင်ဖြစ်သည်။

"ကိုယ်သိပ်နေမကောင်းချင်ဘူး နှင်းဆီ အိပ်ရာမှာခဏလှဲလို့ရမလား"

ပြုန်းစားကြီး နေမကောင်းဖြစ်သွားသော သဏ္ဍာန့်ကိုကြည့်ပြီး ကျော်နှင်းဆီ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရပြန်သည်။

"ဘယ်နေရာက နေမကောင်းဖြစ်တာလဲ၊ ဆရာဝန်ကို ဖုန်းဆက်ခေါ်လိုက်ရမလား"

"ရတယ် ကိုယ် သောက်နေကျဆေးတွေရှိတယ်၊ အဲဒီဆေးတွေ အရင်သောက်ပြီး ခဏမှေးလိုက်ရင်တော့ သက်သာသွားမှာပါ"





ကျန်းကျန်းမာမာနဲ့ အကောင်းပကတိရှိနေတဲ့သူက ဆေးတွေသောက်နေရတယ်ဆိုတော့ ဘာဆေးတွေသောက်နေရတာလဲ၊ ဘာရောဂါဖြစ်နေလို့လဲ။

"ရှင့် ရှင့်မှာ ဘာရောဂါရှိနေလို့လဲ သဏ္ဍာန်၊ နှင်းဆီလည်း ဘာမှမသိခဲ့ရပါလား"

ကိုယ်ဆင်ထားတဲ့ကွင်းထဲ ဝင်လာပြီမို့ မိုးမင်းသဏ္ဍာန် ကြိတ်၍ပြုံးလိုက်ပြီး ဦးလေးတစ်ယောက် စီပိုးဖြစ်တုန်းက သောက်သည့်ဆေးညွှန်းအတိုင်း ကြိုတင်ဝယ်ထားသော ဆေးတွေရှိရာကို ညွှန်ပေးလိုက်သည်။

"ကိုယ့်ဆေးသေတ္တာက အခန်းထောင့်က ဗီရိုအံဆွဲမှာရှိတယ်၊ နှင်းဆီ တဆိတ်လောက် ယူပေးပါလား"

"ဩော် အင်း ယူပေးမယ်လေ၊ ဆေးနဲ့တွဲသောက်ဖို့ ဟောလစ်ပါဖျော်ခဲ့လိုက်မယ်နော်"

"သင့်ခယူးပဲ နှင်းဆီ ကိုယ်တော့ နှင်းဆီကို ဒုက္ခပေးမိပြီထင်တယ်ကွာ"

"အို မဟုတ်တာ ရှင်နဲ့နှင်းဆီက မနေ့ကမှ လက်ထပ်ထားတဲ့ နှီးမောင်နှံလေ၊ ပြုစုရမယ့်ဝတ္တရားရှိပါတယ်"

ပြောပြောဆိုဆိုဖြင့် နှင်းဆီ အခန်းထဲမှ ထွက်သွား၏။

သဏ္ဍာန် ဖုန်းကိုကောက်ယူလိုက်ပြီး စို့ဆီကို မက်ဆေ့ချ်ပို့ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



“စို နင့်ယောကျ်ား အဲ ကျော်ဒင်ခကို နင် မယုံလိုက်နဲ့ဦးနော်၊ သူ့လျှို့ဝှက်ချက်ကို ငါသိသွားပြီ”

ပို့လိုက်သော စာတန်းကို စို့ဆီရောက်သွားတာနှင့် delete လုပ်လိုက်သည်။ အခန်းထဲဝင်လာသော ကျော်နှင်းဆီခြေသံကြောင့် ဖုန်းကို အသာချပြီး မှေးနေလိုက်သည်။

■ ■ ■

သဏ္ဍာန်ဆီမှ ပို့လိုက်သောစာကြောင့် စို ဇဝေဇဝါဖြစ်သွားသည်။ ကျော်ဒင်ခမှာ ဘယ်လိုလျှို့ဝှက်ချက်မျိုးတွေရှိနေလို့လဲ။

ပြန်မေးရအောင်လည်း ကျော်ဒင်ခ ရေချိုးခန်းထဲမှ ထွက်လာ၍ စာရိုက်ပြီး ပြန်မမေးဖြစ်တော့။

“စို ကိုယ်တို့ မနက်စာကို ဟိုတယ်မှာ သွားစားကြမယ်ကွာ”

ရေချိုးပြီးစ ဆပ်ပြာနံ့သင်းနေသော ကျော်ဒင်ခ၏ကိုယ်လုံးကြီးက စို့နားကို အတင်းတိုးကပ်လာပြီး စို့ကို ဖက်လိုက်သည်။ စို့ခန္ဓာကိုယ် ကျုံ့ဝင်သွားသလို ခံစားလိုက်ရသည်။

“ညက စို့အနားမှာ နေခွင့်မရလိုက်ဘူးကွာ ကိုယ့်ကို ခွင့်လွှတ်ပေးပါနော်”

သူ့နှုတ်ခမ်းဖြင့် စို့နားနှင့်ပါးပြင်တွေကို မထိတထိ ပွတ်သပ်ရင်း တောင်းပန်တိုးလျှိုးလာသော အထိအတွေ့တွေက စို့ကို ရင်မခုန်စေဘဲ စိတ်ရှုပ်ထွေးမှုတွေဖြင့် အထိတ်တလန့်ဖြစ်သွားစေသည်။





“လွှတ်ပါ စို ခန်းဆီးလိုက်ကာတွေ တပ်ရဦးမယ်”

“ဟာ အဲဒါ မဝင်းလုပ်လိမ့်မယ်ကွာ အခု ကိုယ်နဲ့စို စိတ်တူကိုယ်တူ ချစ်ကြမယ်လေ၊ ကိုယ် ရင်တွေအရမ်းခုန်နေပြီ၊ ကိုယ့်ရင်ခွင်ထဲမှာ စို့ကို ထွေးပွေ့ပြီး တအားကိုချစ်ပြချင်လာပြီ”

တိုးတိတ်လှိုက်ဖိုလာသော အသံဖြင့် ပွတ်သပ်ချော့မြူနေသော ကျော်ဒင်ခ၏မျက်နှာကို စို ရဲရဲပင်မကြည့်ဝံ့တော့။

ဒီစက်ကွင်းကလွတ်အောင် စို ဘယ်လိုရုန်းမလဲ။ ဥပဒေအရ အကြင်လင်မယားဖြစ်ကြပြီမို့ ဒီလိုကဏ္ဍမျိုးကို စို့ဘက်က ငြင်းဆန်ပိုင်ခွင့်မရှိ။ သူ့စိတ်တိုင်းကျ လိုက်လျောပေးရုံအပြင် စို့မှာ ထွက်ပေါက်မရှိ။

စို့ကို ပွေ့ချီပြီး ခုတင်ရှိရာသို့ ခေါ်ဆောင်သွားသော ကျော်ဒင်ခ၏သန်မာသော လက်အစုံကို ကုတ်ဖဲ့ဆွဲခြစ်ပြီး ဒီအခန်းထဲက ထွက်ပြေးချင်စိတ်ပေါက်နေသည်။

အိစက်ညက်ညောသော ဖဲမွေ့ရာပေါ် စို့ခန္ဓာကိုယ်ကို ထိတွေ့လိုက်သည်နှင့် ကျော်ဒင်ခ၏အနမ်းတွေက နေရာမလပ် အနမ်းမိုးတွေ ကြဲတော့သည်။

စို အသက်ရှူများမတတ် ကြောက်ရွံ့တုန်လှုပ်နေရပြီ။

“ကိုကျော်ဒင်ခ စို အဲလို မနေချင်သေးဘူး”

စို့ရင်ထဲက စကားလုံးအတိုင်း အပြင်သို့ခုန်ထွက်သွားပြီမို့ စို့ပါးပြင်အနှံ့ကို နမ်းနေသော ကျော်ဒင်ခ စို့ကို ရီဝေလိုက်မောစွာကြည့်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး

"ဘာဖြစ်လို့လဲ စို ကိုယ်တော့ အရမ်းကိုစိတ်လှုပ်ရှားနေပြီကွာ"

"စို ရှက်လို့ပါ"

ပါးစပ်ထဲ ပြောမိပြောရာ ပြောလိုက်သည်။

"ကိုယ်တို့ လင်မယားဖြစ်သွားကြပြီလေ ရှက်စရာမှ မလိုတော့တာ စိုရယ်၊ ကိုယ်ကစို့ကို အကောင်းဆုံးလင်ယောကျ်ားအဖြစ် စို့ဘေးမှာ ထာဝရနေပေးမယ်၊ အခုအခြေအနေလေးထဲကို စို အလိုက်သင့်လေး စီးမျောလိုက်၊ နောက်ပိုင်းဆို နေသားကျသွားမှာပါကွာ"

စိတ်ရှုပ်ထွေးနေပါသည်ဆိုကာမှ ကျော်ဒင်ခပြောတာတွေကို စို နားမထောင်ရဲ။ ဘာတွေလာပြောနေမှန်းမသိ။

စို အော်ဟစ်ငိုကြွေးချင်လာသည်။ ခုအခြေအနေမျိုးမှာ စို ဘယ်သူ့ကိုအော်ဟစ်အကူအညီတောင်းရမလဲ။ စို့မိဘတွေလား ဒါမှမဟုတ် သဏ္ဍာန့်ကိုလား။

သဏ္ဍာန် ခုလေးတင်ပို့လိုက်သည့်စာက ဘာအဓိပ္ပါယ်လဲ။ ကျော်ဒင်ခ၏လျှို့ဝှက်ချက်ဆိုတာကရော ဘာလဲ။

စို့ရင်တွေ တဒိတ်ဒိတ်နှင့် အခုန်မြန်လာသည်။ ကိုယ့်ရင်ခုန်သံ ကိုယ်ပြန်ကြားရလောက်အောင် စိတ်လှုပ်ရှားမှုတွေက အထွတ်အထိပ်ကို ရောက်နေသည်။

"တင်းတောင် တင်းတောင်"





ရုတ်တရက် ပေါ်လာသော အိမ်ရှေ့မှ လူခေါ်ဘဲလ်သံကို စို့ရဲ့ ကယ်တင်ရှင်အဖြစ် ကျေးဇူးတွေအခါခါတင်နေမိသည်။

"ဘယ်သူလဲ မသိဘူး၊ တံခါးသွားဖွင့်ပေးလိုက်ပါ"

"မဝင်း သွားဖွင့်ပေးလိမ့်မယ်ကွာ"

"မဝင်း မရှိဘူး၊ လိုအပ်တဲ့ပစ္စည်းတွေ ထွက်ဝယ်ခိုင်းထားတယ်"

"တင်းတောင် တင်းတောင်"

လူခေါ်ဘဲလ်က အဆက်မပြတ် တီးနေသည်။ ကျော်ဒင်ခ မျက်နှာကြီးမှာ အလိုမကျမှုတွေကြောင့် ညိုမှောင်သွားသည်။

"ကဲပါ ဖေဖေ မေမေတို့ဆိုရင် အားနာစရာကြီး သွားဖွင့်ပေးလိုက်ပါ"

"ကိုယ်က စိုနဲ့ချစ်ချင်တာကွာ အရေးထဲ"

"ရှင်က စို့ကို တစ်သက်လုံးပိုင်ဆိုင်သွားပြီပဲ၊ အချိန်တွေ အများကြီး ကျန်ပါသေးတယ် သွားဖွင့်ပေးလိုက်ပါနော်"

"အင်းပါ စိုရာ အဲ ဒီမှာ ကိုယ့်ကိုယ်ပေါ်မှာ သဘက်ပဲ ပတ်ထားတာဆိုတော့ စိုပဲ သွားဖွင့်ပေးလိုက်တော့"

"အင်းလေ စိုပဲ သွားဖွင့်ပေးလိုက်တော့မယ်၊ ရှင် အင်္ကျီမြန်မြန်ဝတ်ထားတော့"

စို အခန်းထဲမှ လွတ်လပ်ပေါ့ပါးစွာ ခပ်မြန်မြန်ထွက်လာခဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး အဆက်မပြတ်မြည်နေသော အိမ်တံခါးကို ဆွဲဖွင့်ပေးလိုက်သည်။

"ဟင် ကျော် ပြော ဘာကိစ္စထူးလဲ"

ကျော်နှင်းဆီ မျက်နှာမကောင်းတာကို စို ရိပ်မိလိုက်သည်။

"ရှင့်ကို ရင်ဖွင့်စရာရှိလို့"

ကျော်နှင်းဆီ စကားကြောင့် စို အံ့ဩကာ

"ဘာတွေများ ရင်ဖွင့်စရာပေါ်လာပြန်ပြီလဲ"

"သဏ္ဌာန့်မှာ ရောဂါရှိတာ ရှင်သိလား"

"ရောဂါ ဟုတ်လား ဘာရောဂါလဲ လာ လာ အထဲဝင်ပြီး အေးဆေးပြောပြ"

ကျော့်လက်ကိုဆွဲပြီး ညှော်ခန်းထဲမှာ အတူထိုင်ကြသည်။

"ပြောပါဦး ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"စီပိုးရှိနေတယ်တဲ့"

"ဟင်"

"လက်ထပ်ပြီးမှ စီပိုးရှိတာ သိလိုက်ရတယ်"

"ဒီ ဒီရောဂါက သူ့ဆီမှာ ဘယ်လိုရှိနေတာလဲ ငါ မကြား ပါဘူး"

"သူ့မှာ ဒီရောဂါဖြစ်နေတာ သူ့မိဘတွေကိုတောင် မပြော တိတ်တိတ်လေး ကြိတ်ကုနေတာတဲ့ ဒီတော့ ရှင်လည်း ဘယ်သိပါ့မလဲ"

"ဒါဆို ရှင့်ကို ကူးတော့မှာပဲ ရှင်နဲ့သူ အတူတူနေပြီးသွား





လား"

"ဟင့်အင်း မနေရသေးဘူး၊ အခုလည်း နေမကောင်းလို့ဆို ပြီး အိပ်ရာထဲမှာမှိန်းနေတယ်"

"ဖြစ်နိုင်ပါ့မလား ကျော်ရာ၊ ငါတော့ မယုံဘူး"

သဏ္ဌာန် ဘာတွေအကွက်ရွှေ့နေပြန်ပြီလဲ မသိ။ ဒါဟာ သွေးရိုး သားရိုးတော့ မဟုတ်နိုင်။

"သူ့မှာ ဒီရောဂါရှိနေတယ်လို့ ပါးစပ်နဲ့ပြောတိုင်း ရှင် လက်ခံ ရမလား"

"သူ့မှာ အဲဒီဆေးတွေရှိတယ်၊ စောစောက ငါ့ရှေ့တင် သူ သောက်နေတာတွေ့တယ်၊ ငါ စိတ်လည်းမကောင်းဘူး ဒေါသလည်း ဖြစ်တယ်"

"ဘာတွေ စိတ်မကောင်းဖြစ်ပြီး ဒေါသထွက်နေတာလဲဗျ"

ကျော်ဒင်ခ အနားရောက်လာပြီး ဖြတ်မေးသည်။

"ကိုကျော်ဒင်ခ သဏ္ဌာန့်မှာ စီပိုးရှိတာ သိလားဟင်"

"ဗျာ"

အားလုံးထက် စိတ်လှုပ်ရှားသူက ကျော်ဒင်ခ ဖြစ်သည်။

"ဘယ် ဘယ်သူပြောလဲ ဒီကောင့်မှာ စီပိုးရှိတယ်ဆိုတာ"

"သူပြောတာ"

"ဟာ ဒီကောင်ကွာ ဘာကြောင့် စောစောက မပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတောင် ခုမှသိတာ၊ အမှန်ဆို လက်မထပ်ခင်ကတည်း က ကြိုပြီးပြောရမှာ၊ စီပိုးဆိုတာ အသားချင်းထိပြီး ချွေးကနေတောင် ကူးတာ၊ AIDS ကမှ သွေးတို့ သုတ်ပိုးတို့ကနေ ကူးတာ"

ကျော်နှင်းဆီ သူ သိသလောက်ကို ထိုင်ရှုတ်ပြနေသည်။ သူ့ မျက်နှာပေါ်မှာ စိတ်ရှုပ်ထွေးခြင်းတွေဖြင့် ကြည်ကြည်လင်လင် မရှိ နဂိုကတည်းကမှ သူက ကူးစက်ရောဂါသည်တွေနဲ့တွေ့ရင် လေသံတောင် ဟဟ မပြော။ အသားချင်းထိ တစ်ပန်းကန်ထဲ စားဖို့ဆိုတာ ဝေးရော သူ့ကို ပိုးကူးမှာကို သေလောက်အောင် ကြောက်တတ်သူ။

နှင့်ကျော်ဒင်ခပါ မျက်စိမျက်နှာပျက်လာသည်။ ညက သူနဲ့ကိုယ် ဘီယာအတူတူသောက်ကြသည်။ ပြီးတော့ တစ်ခုတင်ထဲ အိပ်ကြသည် ဒါတောင် သူ အမူးလွန်နေ၍ ဘာတွေဆက်ဖြစ်ကြသည်ဆိုတာ မမှတ်မိ လို့။ သတ္တာန်ပြောတာကတော့ ယောကျ်ားအချင်းချင်း ဆက်ဆံကြသည် ဆိုတာပဲ။

ဒါဆိုလျှင် သူ့ကိုပါ ကူးနိုင်သည်ပေါ့။ တွေးရင်းဖြင့် ကျော်ဒင် ချွေးစို့လာသည်။

"ဒီကောင်ကွာ မဖြစ်ဘူး ကျွန်တော် သူနဲ့သွားတွေ့မယ်"

ကျော်ဒင်ခ ရှူးရှူးရှားရှားဖြင့် စိုနှင့်ကျော်နှင်းဆီရှေ့မှ ထွက် သွားသည်။

"အရေးထဲ သူကတစ်မျောင့်"





အခြေအနေမှန်ကို သိမထားသော စိုကတော့ ကျော်ဒင်ခ၏ ပျာတိပျာယာပုံစံကို အမြင်ကတ်နေသည်။

"ငါ အရမ်းစိတ်ဆင်းရဲတာပဲ စိုရယ်၊ ဘယ်လိုလုပ်ရမလဲ၊ မနေ့ကမှ ပူပူလောလော လက်ထပ်ထားတယ်၊ ဒီနေ့မှ သူ့ဆီမှာ စီပိုး ရှိတယ်ဆိုတာ သိလိုက်ရတယ်၊ ငါ့လောက်ကံဆိုးတဲ့မိန်းမ ရှိပါဦးမလား ဟယ်"

ပြောရင်းဖြင့် ကျော်နှင်းဆီ တသိမ့်သိမ့် ငိုပြန်သည်။ စိုလည်း ကျော်နှင်းဆီ၏သောကကိုကြည့်ပြီး ဘယ်လိုနှစ်သိမ့်ပေးရမှန်းတောင် မသိ တော့။ သူ့နေရာမှာ ကိုယ်ဆိုရင်လည်း ဒီလိုပဲ ခံစားရမှာပဲ။

"ဘာမှ စိတ်သောကရောက်မနေပါနဲ့ဟာ၊ ဆေးဝါးသေသေချာ ချာကုသရင် ပျောက်မှာပါဟ၊ ဒီရောဂါမျိုးက စနစ်တကျနဲ့ ဆေးဝါးကုသမှု ခံယူရင် သက်တမ်းစေ့နေနိုင်တယ်လေ"

"ဒါပေမဲ့ သူနဲ့ငါ ဘယ်လိုပေါင်းသင်းမလဲ၊ ငါဖြင့် တွေးတောင် မတွေးရဲတော့ဘူး"

"ဟာ နင်ကလည်း HIV သမားတွေတောင် ကွန်ဒုံးသုံးရင် ရတာပဲ၊ နင်လည်း အဲ အဲဒါ သုံး"

"တော်ပါတော့ မပြောပါနဲ့ နားရှက်လွန်းလို့ပါဟယ်"

စိုစကားပင် မဆုံးလိုက် ကျော်နှင်းဆီ ဆက်ပြီးနားမထောင်ဝံ့ လောက်အောင် ရှက်ဒေါသတွေ မွှန်ထူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် နှင် ဘယ်လိုလုပ်မလဲ လင်မယားဖြစ်ပြီးမှတော့ အေးအတူပူအမျှပေါ့ဟာ ခေါင်းရှောင်လို့မှ မရတော့တာကိုး"

"အို ဘာလင်မယားလဲ သူနဲ့ငါ အတူတူမအိပ်ရသေးဘူး။ ညက သူတို့သူငယ်ချင်းနှစ်ယောက်သာ ဘတ်ချလာနိုက်ဆိုပြီး ထွက်မသွားရင် သူနဲ့ငါ အတူတူအိပ်ဖြစ်ပြီ၊ အဲဒီလိုသာဆိုရင် သူ့မှာရှိတဲ့စိုးကလည်း ငါ့ဆီကို ကူးလာနိုင်လောက်ပြီ ဘုရား ဘုရား အဲဒီလိုမှားပြီးမှသာ သိလိုက်ရင် ငါ့ဘဝတော့ သွားပါပြီဟယ်"

"ခုတော့ မသွားသေးဘူးမဟုတ်လား။ နှင်တို့ ဘာမှမငြိစွန်းကြသေးဘူးလေ"

"ကံသီပေလို့ပေါ့ စိုရယ်၊ ငါ ငါ သူနဲ့မပေါင်းနိုင်ဘူး"

"ဟာ နှင်ကလည်း အဲဒီလောက်ရုပ်ပျက်ဆင်းပျက်ကြီးတော့ မလုပ်နဲ့လေ၊ နှင်တို့က ခိုးရာလိုက်လာပြီး ပေါင်းသင်းနေကြတာ မဟုတ်ဘူး၊ ဂုဏ်သရေရှိမင်္ဂလာပွဲကို ခမ်းခမ်းနားနား ကျင်းပပြီးမှ ဒီအခြေအနေကိုရောက်တာ ဖြန်းခနဲကွာရှင်းလိုက်ရင် နှင်ပဲသိက္ခာကျမှာပေါ့၊ အချိန်ယူပြီးတော့မှ ဘာလုပ်သင့်လဲဆိုတာ ဆုံးဖြတ်ပါဟာ"

"ဒါဆိုရင် ငါက သူနဲ့အတူတူ အိပ်နေရမှာပေါ့"

"မအိပ်ချင်ရင် ပေါ်တင်ဆွေးနွေးလိုက်လေ၊ ဒီကြားထဲ မောင်နှမလိုနေကြရအောင်လို့ သူ့မှာအားနည်းချက်ရှိနေတဲ့အတွက် နှင်ပြောတာကို သူလက်ခံမှာပါ"





ကျော်နှင်းဆီ ခပ်တွေတွေ စဉ်းစားလိုက်သည်။

"အင်းလေ ခုလောလောဆယ်တော့ နှင်ပေးတဲ့အကြံအတိုင်း သူနဲ့ ညှိရတော့မှာပဲ"

စို အားပေးနှစ်သိမ့်စကားသည် ကျော်နှင်းဆီ နားဝင်သွားသည်မို့ စို ကျေနပ်သွားသည်။

သဏ္ဍာန်မှာ တကယ်ပဲ စိုးရှိနေတာလား။ ဒါဟာ အမှန်ဆိုရင်တော့ စို သဏ္ဍာန့်အတွက် စိတ်မကောင်းဖြစ်မိသည်။ ငယ်ငယ်ကတည်းက ပေါင်းလာတဲ့ ငယ်ပေါင်းတွေပဲ သဏ္ဍာန့်ကြောင့် စိတ်သောကဖြစ်ရတာ ဆန်းမှမဆန်းပဲလေ။

■ ■ ■

"မင်း မင်းမှာ ဒီရောဂါရှိတယ်ဆိုတာ ငါ့ကို ဘာလို့မပြောတာလဲ သဏ္ဍာန်"

အိပ်ရာထဲမှာ လူနာဟန်ဆောင်ပြီး မှိန်းနေသည့် သဏ္ဍာန့်မျက်လုံးတွေ ကျော်ဒင်ခအသံကြောင့် ဖျတ်ခနဲ ပွင့်လာသည်။

"ခြော် သူငယ်ချင်း လာလေ၊ ထိုင် မင်းကွာ အသံမပေးဘာမပေး ဖြန်းစားကြီး လာဟောက်နေတယ်၊ ငါက ညတုန်းက မင်းနဲ့ငါနဲ့ ကြုံကြတာကို ပြန်တွေးပြီး မ ယူနေတာ အိမ်ပျက်သွားပြီ"

"ဟော့ကောင် မင်းပါးစပ်ပိတ် စိုနဲ့ကျော် ကြားသွားမယ်ကွ"

"ကြားပစေပေါ့ ဒါအမှန်တရားပဲ၊ မင်းက ဘာကိုဖုံးကွယ်ချင်



www.burmeseclassic.com

www.burmeseclassic.com



သေးတာလဲ၊ ညက မင်းနဲ့ငါနဲ့ လိင်တူဆက်ဆံကြည့်ကြတယ်၊ မူးနေလို့ ပေါက်ကရတွေ လျှောက်လုပ်ကြတယ်လို့တော့ မပြောနဲ့ဟော့ကောင်၊ မင်းက မိန်းမ ငါကယောက်ျား အဲဒီလို အနေအထားမျိုးရောက်မှ လူကြားမှာ ကြောက်နေသေးတယ်၊ စိုသာ မင်းဂေးလ်မှန်းသိရင် မင်းကို ချက်ချင်းကွာရှင်းမှာ ငါသိတယ်''

သဏ္ဍာန့်စကားကြောင့် ကျော်ဒင်ခ မလုံမလဲဖြင့် အခန်းဝကို ပြန်လှည့်ကြည့်လိုက်သည်။ ဘယ်သူမှ ရှိမနေ၍ ပြောလက်စကို ထပ်ပြောရန် ဟန်ပြင်လိုက်သည်။

''ဘာပဲဖြစ်ဖြစ် ငါ ဂေးလ်ဆိုတာ မင်းပဲသိတာလေ၊ မင်းသာ မဖွနဲ့''

ထိုစကားကြောင့် ကျော်နှင်းဆီနှင့်စို ခြေလှမ်းတို့ တုံ့ခနဲ ရပ်သွားကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

''စိတ်ချပါ သူငယ်ချင်းရာ မင်းဂေးလ်ဆိုတာ ငါပြောလည်း ဘယ်သူက ယုံမှာလဲ၊ မင်းက နှစ်ဖက်ချွန်ပဲ ယောက်ျားလည်းအလွတ်မပေး မိန်းမလည်း အလွတ်မပေးချင်၊ ငါကတော့ စို့ကို သနားတယ်ကွာ စိုသာ သူလက်ထပ်ထားတဲ့သူဟာ ဂေးလ်တစ်ယောက်ဖြစ်နေတယ်ဆိုတာ သိရင် ဘယ်လောက်များဆွေ့ဆွေ့ခုန်နေလိမ့်မလဲ''

စိုနှင့်ကျော်နှင်းဆီ အခန်းဝအပြင်တွင် ရပ်နေသည်ဆိုတာကို ကျော်ဒင်ခ မမြင်ပေမယ့် သဏ္ဍာန်ကတော့ မြင်နေရသည်မို့ ကျော်ဒင်ခ





ဂေးလ်မှန်းသိအောင် တမင်ချဲ့ကားပြီး ပြောလိုက်ခြင်းဖြစ်သည်။

စို ဆက်နားထောင်နိုင်စွမ်း မရှိတော့။ ဒါဟာ အမှန်ဆိုရင် စို လက်ထပ်မိတာ မှားပြီပေါ့။

အခန်းဝမှ ချာခနဲ လှည့်ထွက်ခဲ့လိုက်သည်။ စောစောက ကျော်နှင်းဆီ ခံစားခဲ့ပြီးပြီ။ ယခု စို့အလှည့်ပါလား။

ကျော်ဒင်ခ ဂေးလ်တစ်ယောက်ဖြစ်တယ်ဆိုတာ စို ဘာကြောင့် ရိပ်မိခဲ့တာလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"စို ကိုယ်တို့အချိန်ကို ဒီတစ်ခါတော့ ဘယ်သူ့ကိုမှ ဖွဲ့မပေးနိုင်တော့ဘူးကွာ"

စို့အနားကို ပူးကပ်ပြီးလာထိုင်သော ကျော်ဒင်ခ၏ချွဲချွဲအီအီစကားတွေကို စို အော့နှလုံးနာမိသည်။

"ရှင် စို့အနားကို မကပ်နဲ့ ကိုကျော်ဒင်ခ"

ခပ်တင်းတင်းပြောကာ တွန်းထုတ်လိုက်သော စို့အပြုအမူကြောင့် ကျော်ဒင်ခ နောက်ကို လှန်သွားပြီး စို့ကို တအံ့တသြ ကြည့်ပြီး

"စို ဘာဖြစ်တာလဲ ကိုယ့်ကိုစိတ်ဆိုးနေတာလား"

"ဟုတ်တယ်"

"ဆောရီးပါ စိုရယ် ကိုယ်လည်း ကိုယ့်ဇနီးနဲ့အတူတူ နေချင်တာပေါ့။ ဟိုကောင် လင်မယားလာလာရှုပ်နေတာနဲ့ ကိုယ်တို့အချစ်ခန်း





ပျက်ပျက်သွားတာ၊ ဒီတစ်ခါတော့ ဘယ်သူပဲ ဘဲလ်တီးတီး လုံးဝ ဂရုမစိုက်တော့ဘူး"

"အို ဘာတွေလာပြောနေတာလဲ စိုက အဲဒီကိစ္စအတွက် ရှင့်ကို စိတ်ဆိုးနေတယ်လို့ ထင်လို့လား စို စိတ်ဆိုးတာ အဲဒါမဟုတ်ဘူး"

စို့လောက်မှ မပါးနပ်သော ကျော်ဒင်ခ စိုဘာကို စိတ်ဆိုးလို့ ဆိုးမှန်းမသိအောင် အူတူတူ အတာတဖြင့် စို့ကိုကြည့်ပြီး

"ဒါဆိုရင် ဘာကိုစိတ်ဆိုးတာလဲ ကေန္တ စို ဗိုက်ဆာနေပြီ ထင်တယ်"

နာရီကိုလှမ်းကြည့်လိုက်သည်။ ဆယ့်တစ်နာရီထိုးပြီးပြီမို့ စို ဗိုက်ဆာနေပြီဟုပဲ တစ်ထစ်ချတွေးကာ

"ဟုတ်သားပဲ ကိုယ်က စို့ကို ချစ်ချင်တာပဲသိတာ စို ဗိုက်ဆာနေမှာပဲဆိုတာကိုမတွေးမိဘူး လာ ထ ဟိုတယ်မှာ စို စားချင်တာသွားစားမယ်"

စို့ကို လက်မောင်းသားမှတွဲထူပြီးခေါ်သည်။ ကျော်ဒင်ခ လက်ကို စို ပုတ်ထုတ်လိုက်ပြီး

"စို စိတ်ဆိုးနေတာ ဗိုက်ဆာလို့မဟုတ်ဘူး ကိုကျော်ဒင်ခ"

"ဟင် ဒါဆို ဘာဖြစ်လို့ စိတ်ဆိုးတာလဲ"

"ရှင် ဂေးလ်ဖြစ်နေလို့လေ"

"ဟင်"

ကျော်ဒင်ခ ပါးစပ်အဟောင်းသားဖြင့် စို့ကို ကြောင်ငေးကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ကိုယ်ရှင်းပြပါရစေ စိုရယ်၊ စို ထင်သလိုမဟုတ်ရပါဘူး"

"ရှင်းမပြနဲ့ စောစောက သဏ္ဍာန်နဲ့ရှင်နဲ့ ပြောနေတာတွေကို စို အားလုံးကြားပြီးသွားပြီ ရှင့်ကို သိပ်ရွံတာပဲ သိလား"

"ဟာ စိုရယ် ကိုယ် ဂေးလ်မဟုတ်ပါဘူး၊ ကိုယ်ယောကျ်ားပါကွာ၊ ယောကျ်ားမို့ စို့ကိုလက်ထပ်ယူတာပေါ့၊ စို မယုံရင် ကိုယ် သက်သေပြမယ် ပြီးရင် စိုနဲ့ကိုယ့်ရင်သွေးလေးတွေ အများကြီးမွေးမယ်၊ ဒါဆိုရင် ကိုယ် ဂေးလ်မဟုတ်ဘူးဆိုတာ စို တဖြည်းဖြည်းသိလာလိမ့်မယ်ကွာ၊ နော် ခုတော့ ကိုယ့်ကို ဂေးလ်လို့မစွပ်စွဲလိုက်ပါနဲ့ကွာ"

"ကျွန်မ စွပ်စွဲနေတာမဟုတ်ဘူး ကိုကျော်ဒင်ခ ရှင် ဂေးလ်ဆိုတာ ကျွန်မနားနဲ့ ကြားခဲ့ရတာပါ"

"ဟင်"

ကျော်ဒင်ခ စို့ကို ဘာအကြောင်းပြချက်မှ မပေးနိုင်တော့။

"ဒါကြောင့် ကျွန်မတို့ ကွာရှင်းကြရအောင်"

"ဟာ အဲလိုတော့ မလုပ်ပါနဲ့၊ ကိုယ် တစ်ခါတစ်ရံ အရက်မူးပြီး မှားခဲ့တဲ့ အမှားတစ်ခုပါ၊ ကိုယ် ဂေးလ်စစ်စစ် မဟုတ်ပါဘူး၊ ဒီလိုအမှားမျိုး နောက်ထပ်လည်း မကျူးလွန်တော့ပါဘူး၊ ကိုယ်တောင်းပန်ပါတယ်ကွာ၊ ကွာတော့ မကွာရှင်းလိုက်ပါနဲ့နော် ကိုယ့်မိဘအသိုင်းအဝိုင်းအားလုံးက ကိုယ့်ကို ဝိုင်းပြီးအပြစ်တင်ကြမှာကို ကိုယ် မခံစားနိုင်ပါဘူး ကိုယ့်ကို ဒီတစ်ကြိမ်တစ်ခါ အသိစိတ်ပုံမှန်မရှိတဲ့အချိန်မှာ စိတ်ကူးပေါက်





ပြီး မှားခဲ့တဲ့အမှားမျိုးမို့ ခွင့်လွှတ်ပေးပါ၊ စို မကျေနပ်ဘူးဆိုရင် ကွာရှင်းဘာကလွဲပြီး ကိုယ့်ကို ကြိုက်တဲ့အပြစ်ပေးပါကွာ ကိုယ် ခံယူပါ့မယ်"

ဒူးထောက်တောင်းပန်ကာ အသနားခံနေသော ကျော်ဒင်ခကို ကြည့်ပြီး ဒီထက်ပြတ်သားစွာ ဆုံးဖြတ်ချက်ကို မချရက်တော့။

"ကောင်းပြီလေ ကွာရှင်းမပေးဘူးဆိုရင် ကျွန်မကလည်း အခြားနည်းလမ်းသုံးတာပေါ့၊ ရှင်နဲ့ကျွန်မ အတူတူမပေါင်းသင်းနိုင်ဘူး၊ ရှင့်ကြောင့် ကျွန်မရဲ့အပျိုစင်ဘဝကို အထိနိုက်မခံဘူး၊ ဒါကြောင့် ကျွန်မတို့ ခပ်ကင်းကင်းနေကြရအောင်၊ ဒါ ကျွန်မပေးတဲ့အပြစ်ဒဏ်ပဲ၊ ဒီအပြစ်ကို လက်မခံဘူးဆိုရင်တော့ မိဘတွေကိုဖွင့်ပြောပြီး ကွာရှင်းလိုက်ရုံပေါ့"

ကျော်ဒင်ခ၏မျက်နှာသည် ပြုံးတော့မည့်မိုးလို ငြိုးကျသွားကာ

"ကိုယ် စိုပေးတဲ့အပြစ်ကို ခံယူပါ့မယ်လို့ စို့ကို ကတိပေးပါတယ်၊ စို့အပြစ်ကိုခံယူနေတဲ့တစ်လျှောက်လုံး ကိုယ့်အပြစ်ကို စို့ကို ချစ်ရင်းနဲ့ဆေးကြောပေးပါမယ်၊ တကယ်တော့ ကိုယ် ဂေးလ်အစစ်မဟုတ်ပါဘူး စိုရယ်၊ ကိုယ့်အာရုံမှာ စိုက စိုးမိုးလွှမ်းသွားလို့ အမူးလွန်ပြီး စို့အထင်နဲ့ မှားမိသွားတဲ့အမှားတစ်ခုဆိုတာကို ကိုယ် ရဲရဲကြီးဝန်ခံပါတယ်၊ ဒီအဖြစ်မျိုး နောင်ဘယ်တော့မှ ဖြစ်မလာစေရတော့ပါဘူး"

ငိုသံပါကြီးဖြင့် တောင်းပန်တိုးလျှိုးနေသော ကျော်ဒင်ခ၏ သနားစရာအမူအရာကိုကြည့်ပြီး စို သနားစိတ်ဝင်မိပေမယ့် စိုရဲ့ဘဝကို သူ့လက်ထဲ ပုံအပ်ဖို့အထိတော့ စို မမိုက်မဲသေးပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ် ဒီအခြေအနေလေးကို စို ကျေကျေနပ်နပ်ကြ
လက်ခံပါတယ်။ စို့အတွက် ထွက်ပေါက်တစ်ခုအဖြစ် ပေးလိုက်တဲ့ ဏ
ကြမ္မာအလှည့်အပြောင်းကို စို ကျေးဇူးတင်ပါသည်။

■ ■ ■

"ကိုယ့်ကြောင့် နှင်းဆီ ထိခိုက်နစ်နာခဲ့ရတာကို ကိုယ်စိ
မကောင်းပါဘူး၊ နှင်းဆီကို လက်လွှတ်ဆုံးရှုံးရမှာစိုးလို့ ကိုယ့်မှာ ဒီရော
ရှိတယ်ဆိုတာကို လျှို့ဝှက်ထားမိသွားတယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါ နှင်းဆီ

နှင်းဆီတသိမ့်သိမ့် ရှိုက်ငိုပြီး သဏ္ဌာန့်ကို ဘာမှပြန်မပြောနိုင်

"အကယ်၍ ကိုယ့်လုပ်ရပ်ကို နှင်းဆီ ဘယ်လိုမှ ခွင့်မလွှတ်နိုင်
ဘူးဆိုရင် နှင်းဆီ ကြိုက်သလို ဆုံးဖြတ်ပါ၊ ကွာရှင်းကြမယ်ဆိုရင်လည်
ကိုယ် ကြေကွဲစွာ ကွာရှင်းပေးပါ့မယ်"

ငိုနေရာမှ နှင်းဆီ ဆတ်ခနဲ မော့ကြည့်လာပြီး

"မနေ့ကမှ လက်ထပ်ပြီးတယ်၊ ဒီနေ့ပဲ ကွာရှင်းလို့ဖြစ်မလာ
သဏ္ဌာန်ရယ်၊ နှင်းဆီက မိန်းကလေးပါ ပတ်ဝန်းကျင်အသိုင်းအဝိုင်း
နှင်းဆီကို ဘယ်လိုပြစ်တင်ကဲ့ရဲ့ကြမလဲ"

"ဒါဆိုရင် နှင်းဆီ ဘယ်လိုဆုံးဖြတ်မလဲ နှင်းဆီရဲ့ဆုံးဖြတ်ချက်
အတိုင်း ကိုယ်လိုက်နာပါ့မယ်"

မိုးမင်းသဏ္ဌာန်၏အိုက်တင်သည် တော်ရုံမိန်းကလေးမျိုး ကြေ
သွားလောက်သည့် အိုက်တင်မျိုးမို့ ကျော်နှင်းဆီကရော ဘာသားနဲ့





ဘားတာမို့လဲ။ သူ့ခမျာမှာ ပစ်ရမှာလည်း အဆီတဝင်းဝင်း စားရမှာ
လည်း သဲတရှပ်ရှပ်နဲ့ ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား မချရဲ။

"ရှင့်မှာ ရောဂါကြီးနဲ့ဆိုတော့ ရှင်နဲ့ကျွန်မ လင်မယားအဖြစ်
ပေါင်းသင်းဆက်ဆံလို့မရဘူးဆိုတာ ရှင်သိတယ်နော်"

"သိပါတယ် နှင်းဆီ"

"ဒါဆို ကျွန်မတို့ တစ်အိမ်ထဲ အတူတူနေကြပေမယ့် အိမ်
ထောင်သည်ဘဝကိုမကူးဘဲ မောင်နှမလို နေကြရအောင်၊ အဲလိုဆိုရင်
ရှင် လက်ခံနိုင်လား"

"ဟာ သိပ်လက်ခံနိုင်တာပေါ့"

"ကောင်းပြီလေ ရှင့်ရောဂါ ကျွန်မဆီမကူးအောင် အသုံး
အဆောင်ပစ္စည်းကအစ အခန်းသပ်သပ်စီ ခွဲသုံးကြတာပေါ့၊ မိဘတွေ
လည်း မရိပ်မိအောင် သူတို့ရှေ့မှာတော့ ဟန်လုပ်ကြရမှာပဲ"

မိန်းမတစ်ယောက်ရဲ့ဘဝထဲကို ကိုယ့်အချစ်မပါဘဲ ရက်ရက်
စရာရော့ ခုန်ကူးလိုက်ရတာထက်စာလျှင် ယခုလို စည်းတစ်ခုခြားပြီး
သူ့ဘဝကို ဆက်လက်ထိန်းသိမ်းခွင့်ရတာ နည်းတဲ့ကုသိုလ်လား။

ကိုယ်တင်မဟုတ် စိမ်းလဲ့လဲ့စိုကိုပါ အပျိုစင်ဘဝ မချုပ်ငြိမ်း
အောင် ဉာဏ်ကူလိုက်နိုင်သည်မို့ ကျော်ဒင်ခမျာမှာလည်း ကိုယ့်ကြောင့်
အေးလိုလိုလိုဖြစ်ရချည်ရဲ့။

စိုရေ နင်ခုတော့ ဘာတတ်နိုင်သေးလဲ။ ငါ့ကို လက်မလွှတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဒင်ခကို အထင်ကြီးပြီး လက်ထပ်ခဲ့ရပေမယ့် အမည်ခံ အိမ်ထော
ရှင်မဘဝနဲ့ မစားရအညော်ခံ ဟက်ကော့ကြီးဖြစ်နေတဲ့ နင့်ရဲ့အခြေအနေ
ကို ငါက ဒါရိုက်တာလုပ်ပြီး စီမံနေတာပါဆိုရင် နင် ငါ့ကိုလာများသင်
မလား။

ငါ မချစ်တတ်သလို နင်လည်း မချစ်စေရဘူး မှတ်ထား
ငါ ချစ်တတ်လာတဲ့တစ်နေ့မှာ နင်လည်း ချစ်တတ်လာစေရမယ်၊ နင်
အချစ်တွေဟာ တခြားသူတွေအတွက်တော့ မဟုတ်ဘူး။ ငါ့အတွက်
ဖြစ်စေရမယ်။

နင် တခြားယောကျ်ားတွေကို ချစ်မိသွားမှာကို ငါ မနာလ
ဘူး။ အဲဒီစိတ်ကြီးက နင်နဲ့ငါနဲ့ မင်္ဂလာဖိတ်စာချင်း ပြိုင်ကြတဲ့နေ့ကတည်
က ဝင်လာတဲ့ စိတ်ခံစားမှုကြီးပဲ။

နင် မင်္ဂလာပွဲလုပ်နေတဲ့အချိန်မှာ ငါ့ရင်ထဲ ဘယ်လော
ဂနာမငြိမ်ဖြစ်ရသလဲဆိုတာ ငါကိုယ်တိုင်ပဲ သိတယ် စို။

အဲဒီခံစားမှုက နင့်ကိုချစ်လို့ဖြစ်ပေါ်လာတဲ့ ခံစားမှုလားဆိုတ
ကိုတော့ ငါ မဝေခွဲတတ်သေးဘူး။ ဒါကြောင့် နင့်ရဲ့မင်္ဂလာဦးညကို
ဖျက်ဆီးခဲ့တာပေါ့။ နင့်ရဲ့အသွေးအသားတွေကို ဘယ်ယောကျ်ားကို
မပေးဆပ်ရဘူး။ ငါလည်း ဘယ်မိန်းမရဲ့အသွေးအသားကိုမှ မမက်မေ
ဘူး။ ဒါကြောင့် ငါတို့ရဲ့အနှောင်အဖွဲ့လွှတ်တဲ့အချိန်တွေကို ဆွဲဆန့်
သလောက် ဆွဲဆန့်ထားကြရအောင် စိုရယ်။

■ ■ ■



## အခန်း (၁၃)

"ဟာ စို ဒီည စုံတွဲနှစ်တွဲ အပြင်မှာသွားစားကြမယ်လို့
ချိန်းထားပြီး ဘာမှမပြင်ဆင်ရသေးဘူးလား"

အိမ်နေရင်းဝတ်စုံ ကပိုကရိုလေးဖြင့်လှနေသော စို့ကို တစ်ဝ
ကြီးငေးမောပြီး ပြောလာသော သဏ္ဍာန့်ကို စို မော့ကြည့်လိုက်ပြီး

"ငါ ဗိုက်မဆာလို့ နင်တို့ပဲသွားကြတော့ဟာ"

စို မလိုက်တော့ဘူးဆိုမှတော့ ညစာကို အပြင်မှာသွားစား
လည်း ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။

"ဟာ နင်အဲလိုတော့ ဖွမဖောက်နဲ့လေဟာ၊ ငါ့မှာ ဗိုက်
ဆာလို့ ဘာမှမစားဘဲ နင်တို့လင်မယား အဲ နင်နဲ့ကျော်ကြီးကို စောင့်
နေတာ၊ မရဘူး လာ လိုက်ခဲ့ ဟိုကောင်ရော"

ဆိုဖာပေါ်တွင် ပျင်းရိပျင်းရွဲထိုင်နေသော စို့လက်ကို အတင်း



www.burmeseclassic.com

www.burmeseclassic.com



ဆွဲထူပြီးခေါ်သည်။

"ဟာ မလိုက်ချင်ပါဘူးဆို"

"မလိုက်လို့မရဘူး နင်မလိုက်ရင် ငါတို့လည်း ဒီည ဘာ
မစားဘဲအငတ်ခံလိုက်တော့မယ်"

"ခံပေါ့ နင်တို့နဲ့ငါ ဝမ်းချင်းဆုံတာမှ မဟုတ်တာ"

"နင် ဘာတွေစိတ်တိုနေတာလဲ စို၊ ကေဇွ ဟိုကောင် နင့်ကို
ဘာလုပ်ထားလို့လဲ ပြော အဲကောင် ဘယ်မှာလဲ ငါနဲ့စာရင်းရှင်းမယ်"

"နင့်သူငယ်ချင်း အခန်းထဲမှာ အင်တာနက်ကြည့်နေတယ်"

"တောက် ဒီကောင်ကွာ မိန်းမယူထားပြီး မိန်းမနားမနေ
အင်တာနက်ပေါ်တက်ကြုနေရတယ်လို့ ငါတို့နဲ့များကွာပဲ့၊ ငါ့မိန်းမဆိုရင်
ငါ့နားကကိုမခွာဘူး ဘေးကနေ အရိပ်လိုကြည့်နေတာ၊ ငါ အိပ်ရာနိုးတာ
နဲ့ ရေချိုးခန်းဝင်ဖို့ အဆင်သင့်ပြင်ပေးပြီးသား၊ ငါအပြင်သွားဖို့ ရှူးဖိနပ်
ကအစ အားလုံးရယ်ဒီပဲ၊ နင်တို့ကတော့ အဲလိုမဟုတ်ပါဘူး၊ ညားခါ
လင်မယားနဲ့မတူဘူး၊ သုံးနှစ်လေးလို ကျောခိုင်းနေတဲ့သူတွေလိုပဲ ကြည့်
ရတာ စိုစိုပြေပြေမရှိဘူး"

ပြိုင်စရာမရှိ သူ့မိန်းမသူ့ကို ဘယ်လိုဂရုစိုက်တယ်ဆိုတာ
အစ လာပြိုင်နေသော သဏ္ဌာန်နှင့် ခုလိုအချိန်မျိုးမှာ စကားရည်မလုချင်
ပါ။

"သဏ္ဌာန် နင် ကြွားစရာမရှိ လာကြွားမနေနဲ့၊ ခုချိန်မှာ





နင်နဲ့ငါ ရန်မဖြစ်ချင်ဘူး"

"အေး မဖြစ်ချင်ရင် ညစာအတူသွားစားမယ် နင်မလိုက်ရင်
ငါကိုယ်တိုင် ဆိုင်ထိပွေ့ခေါ်သွားမှာ မယုံမရှိနဲ့ ဟော့ကောင် ကျော်ဒင်ခ
အခန်းထဲမှာ ဘယ်သူနဲ့ကျူနေတာလဲ ငါဗိုက်ဆာပြီကွ မြန်မြန်ထွက်ခဲ့
ကြတော့"

သဏ္ဌာန့်အသံကြားမှ ကျော်ဒင်ခ အခန်းထဲမှ ထွက်လာသည်။

"ငါက ရယ်ဒီပဲဟော့ကောင် မင်းတို့ဘက်က မလှုပ်ရှားသေးလို့
စောင့်နေတာ စိုရေ သွားကြရအောင်ကွာ"

စို့ပခုံးကို တယုတယ ဖေးမပြီး ခေါ်နေသော ကျော်ဒင်ခကို
ကြည့်ပြီး သဏ္ဌာန်မသိမသာ မဲ့လိုက်သည်။

"စို မလိုက်ချင်ဘူး ခေါင်းထဲမှာ သိပ်မကောင်းဘူး"

"မိန်းမမာယာ သဲကိုးဖြာဆိုတာ အဲဒါကိုပြောတာ"

သဏ္ဌာန်တစ်ဖက်ကိုလှည့်ပြီး မကြားတကြား ကဲ့ရဲ့လိုက်သည်။

"စို တော်တော်ဖြစ်နေလား ကိုယ် ဒေါက်တာသျှိုင်းကို ဖုန်းဆက်
ခေါ်လိုက်မယ်လေ၊ ဒါမှမဟုတ် ဒီနားမှာ အထူးကုဆေးခန်းလေးတစ်ခု
ရှိတယ်၊ အဲဒီမှာ သွားပြလိုက်မလား"

"ဟင့်အင်း အဲလောက်လည်း မလိုပါဘူး ငြိမ်ငြိမ်လေးနေလိုက်
ရင် ကောင်းသွားမှာပါ"

"ဟ အဲလို ဆေးဝါးမကုဘဲနဲ့တော့ ရောဂါက ဘယ်ပျောက်မလဲ



www.burmeseclassic.com

www.burmeseclassic.com



စိုရယ်၊ ကိုယ် စိတ်ပူတယ်ကွာ၊ မဖြစ်ပါဘူး ဒေါက်တာ့ကိုပဲ ဖုန်းဆက်ခေါ်လိုက်ပါတော့မယ်''

ကျော်ဒင်ခက လိုအပ်တာထက်ပို၍ ပျာယာခတ်ပြနေလေတော့ သဏ္ဍာန့်ရင်ထဲ မနာလိုစိတ်တို့ တိုးဝင်လာပြန်သည်။

''ဟာကွာ ငါဗိုက်ဆာနေပြီကွ မင်းတို့က ချစ်နလံထပြလေ ငါက ပိုဗိုက်ဆာလေ့ပဲ စို ထဟာ နင်ခေါင်းမကောင်းရင် စတိုးဆိုင်က အရုပ်မတစ်ရုပ်ဝယ်ပြီး နင့်ရဲ့မကောင်းနေတဲ့ခေါင်းနဲ့ အရုပ်မခေါင်း ဖြုတ်လဲတပ်လိုက် ဟုတ်ပြီလား ဒီည ဒင်နာအတွက် ကုန်ကျစရိတ်ကို ငါ ဒကာခံပါ့မယ်ဟာ နင်တို့ကို မခံနိုင်းပါဘူး''

''သဏ္ဍာန့်စကားအဆုံး စို့ထံမှ မျက်စောင်းတစ်ချက်ဝေ့လာပြီး ဘာမှမဖြစ်စလောက် ဒင်နာကြေးကို ရှင်းရမှာ ကြောက်လို့ ရှောင်တာမဟုတ်ဘူးဟော့ ဟိုရောက်ရင် နင့်ကြွားလုံးတွေကို ငါ နားထောင်နေရမှာစိုးလို့ မလိုက်ချင်တာ ရှင်းလား''

ဒဲ့ပင် ပြောလိုက်သည်မို့ သဏ္ဍာန် ခွက်ထိုးခွက်လန် ရယ်မောလိုက်ပြီး

''အေးပါဟာ နင်မကြိုက်ရင် ငါ ဒီနေ့ကစပြီး မကြွားတော့ပါဘူး၊ နင်နဲ့ငါနဲ့ကြားက ပြိုင်ပွဲကို ဒီနေ့ကစပြီး ပိတ်လိုက်ပြီ၊ နင့်ကိုငါ အရှုံးပေးတယ်ဟာ''

''အရှုံးမပေးလို့လည်း မရဘူးလေ၊ နင်က ငါ့ကို ဘယ်နှစ်ခါ





များနိုင်ဖူးလို့လဲ၊ စိမ်းလဲ့လဲ့စိုဆိုတဲ့ငါက မိုးမင်းသဏ္ဍာန်ဆိုတဲ့ ပေါကြောင်ကြောင် နင့်ကို ဘယ်တုန်းကမှ မရှုံးဖူးဘူးဆိုတာ နင်အသိဆုံးပါ''

မိန်းမပီသအောင် စကားနိုင်လုပြောနေသော စို့ကိုကြည့်ပြီး သဏ္ဍာန် ပြုံးလိုက်ပါသည်။ စိတ်ထဲမှာတော့ နင့်ကို ငါ တစ်ကွက်ထဲနဲ့ အနိုင်ယူထားတာ နင်မှမသိဘဲ စိုရယ်ဟု ပြောနေတာကိုတော့ စိမ်းလဲ့လဲ့စို မကြားနိုင်ပါ။

''ကဲ ကြားတယ်နော် သဏ္ဍာန် မင်း ဒီနေ့ကစပြီး ငါ့မိန်းမ စိတ်အနှောင့်အယှက်ဖြစ်အောင် ဘာမှလုပ်လို့မရတော့ဘူး၊ စို့အရှေ့မှာ ငါက မားမားရပ်နေပြီကွ''

အရေးထဲ ပဏာဝင်ယူပြနေသော ကျော်ဒင်ခကို ငတုံးဟုသာ ပျစ်ပျစ်နှစ်နှစ် ဆဲရေးတိုင်းထွာလိုက်ချင်တာပါ။

မိန်းမရပြီး မိန်းမကိုထိခွင့်ကိုင်ခွင့် ပတ်သက်ခွင့်မရှိအောင် အလုပ်ခံထားရတောတောင် သူ့ကိုယ်သူ ဘာကောင်ဖြစ်နေပြီလဲဟု မသုံးသပ်တတ်သေးသော ကျော်ဒင်ခလောက် သနားစရာကောင်းတာ ဘယ်မှာရှိဦးမလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"စို နင်နဲ့နင့်ယောကျ်ား အဆင်ပြေလား"

"ဟာ နင့်ယောကျ်ားဆိုတဲ့ စကားလုံးကြီး မသုံးပါနဲ့ဟာ၊ ငါ ကျောစိမ့်လွန်းလို့ပါ"

ကျော်ဒင်ခကို ဂေးလ်ဟူသော အမြင်ဖြစ်သာ မြင်နေ၍ စိုရဲ့ ခင်ပွန်းသည်ရယ်လို့ ယောင်လို့တောင် မတွေးမိတော့တာ စိုသာအသိဆုံး။

"နင်နဲ့ငါ့အဖြစ်က အတူတူပါပဲဟာ၊ ငါ့မှာယောကျ်ားချောချော လေး ရထားလို့ ရင်ခုန်ကြည်နူးရမလားမှတ်တယ်၊ မင်္ဂလာဦးညကိုတောင် မကျော်ဖြတ်လိုက်ရဘူး၊ အင်းလေ ဒါကလည်း ငါ့အတွက် ကံကောင်းဖို့ ဖြစ်လာတဲ့ကံကြမ္မာတစ်ခုပဲလို့ မှတ်ယူရမှာပါပဲ"

"ငါတို့လေးယောက်စလုံး အခုချိန်ထိ အိမ်ထောင်သည်ဘဝကို မခံစားကြရသေးဘူးဆိုတာ ဘယ်သူက ယုံမှာလဲနော် စို"





"ဟုတ်တယ် ကျော် ငါ့မိဘတွေဆိုရင် မြေးချီဖို့အိပ်မက်တွေ စမက်ကုန်ကြပြီ၊ ငါ့ကို အိုဂျီနဲ့ကြိုးအပ်ဖို့ ပြောနေတယ်"

"ဟယ်တော် ကိုယ်ဝန်ရှိမှ အိုဂျီအပ်ရမှာ မဟုတ်ဘူးလား"

"ကိုယ်ဝန်မယူခင်ကတည်းက အိုဂျီဆီမှာ စနစ်တကျအပ်ထား ရမယ်တဲ့လေ၊ ဟွန်း သူတို့ပေးစားထားတဲ့လူက ဂေးလ်တစ်ယောက်ဖြစ် နေတယ်ဆိုတာ သူတို့ မသိကြဘူး ကျော်ရဲ့"

"ငါကရော ဘာထူးလို့လဲ စိုရယ်၊ ငါ့ကိုသန္ဓေတားဆေးမသုံးဖို့ ဖုန်းနဲ့လှမ်းမှာတယ်လေ၊ သူတို့ပေးစားထားတဲ့သားမက်က စီပိုးရောဂါ သည်ကြီးမို့ သူတို့သမီး ဟက်ကော့ကြီးဖြစ်နေတယ်ဆိုတာ နည်းနည်း လေးတောင် စဉ်းစားမိပုံမပေါ်ဘူး၊ သူတို့ မြေးချီချင်တာပဲ သိကြတယ်"

"ဒါဆို နင် ကွာရှင်းလိုက်လေ"

"ငါ့မိဘတွေက လက်ခံမှာမဟုတ်ဘူး၊ နောက်ပြီး လက်ထပ် ပြီး တစ်လတောင် မပြည့်သေးဘဲနဲ့ ကွာရှင်းရင် ငါ့အသိုင်းအဝိုင်းက ငါ့ကိုအထင်သေးကြမှာပေါ့ ကဲပါလေ ငါ အဲဒီကိစ္စကို ခေါင်းထဲသိပ် မထည့်တော့ဘူး၊ အင်တာနက်က သူငယ်ချင်းတွေနဲ့ ငါ့ရဲ့စိတ်တွေကို ထွက်ပေါက်ပေးလိုက်တာ အလန်းဆုံးပဲ"

"နင် ဟိုလူတွေနဲ့ ပြန်စနေပြီလား"

"နီး နီး"

"အကောင့်အသစ်ဖွင့်ပြီး နောက်ထပ် friend အသစ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ထပ် ကြုံနေလိုက်တယ်ဟာ''

''သဏ္ဍာန်သိသွားရင် ပြဿနာတက်နေပါဦးမယ်ဟာ''

''တက်ပစေပေါ့ သူက ငါ့အတွက် ဘာအသုံးဝင်လို့လဲ၊ သူ့ရောဂါတွေကိုထိုင်ကြည့်ပြီး ငါ့လွတ်လပ်ခွင့်တွေကို အဆုံးရှုံးခံရမှာလား၊ ငါက ခုချိန်ထိ အပျိုပဲလေ၊ သူနဲ့ဘာမှ မပတ်သက်ဘူး''

''နင် မင်္ဂလာဆောင်တုန်းကပုံတွေကိုမြင်ပြီး နင့်ကို အိမ်ထောင်သည်မှန်းသိမှာပေါ့''

အွန်လိုင်း သိပ်မသုံးဖြစ်သော စိုကတော့ ကျော်နှင့် ယှဉ်လျှင် ကျောင်းသားအဆင့်။

''သြော် ရှင်ကလည်း ကျုပ်ပုံအစစ်နဲ့တော့ ဘယ်တင်မလဲ၊ ဒီလိုပဲ တခြားပုံနဲ့တင်တာပေါ့၊ ဒါတောင် လာကြုံတဲ့သူတွေက မနည်းဘူး၊ ငါလည်း အပျင်းပြေပြီးရောဆိုပြီး ပြန်ကြုံကြည့်တာပေါ့၊ မဆိုးပါဘူး ပျော်စရာတော့ ကောင်းသား၊ အဲဒီထဲမှာ ဘဲတစ်ပွေကတော့ တကယ်ညက်တယ်နော် IT ကျောင်းသားလို့တော့ ပြောတာပဲ၊ ညတိုင်း ငါ့ဆီကို စာပို့တယ်၊ ရီသွဲ့သွဲ့စကားတွေမပြောဘဲ ဗဟုသုတဖြစ်စေမယ့်အကြောင်းတွေကို ပြောတယ်၊ သူ့အကြောင်းတွေရင်ဖွင့်တယ်''

''ဘာလဲ သူ့မိန်းမ လင်ငယ်နောက်လိုက်သွားလို့တဲ့လား''

အပျိုဖြန်းလေးလို ကြည်လင်တောက်ပစွာ ပြောနေသော ကျော်နှင်းဆီကို ရှုပြီး မေးလိုက်သည်။





''ဘယ်ကလာ သူ့ကောင်မလေးက သူ့အပြင် နောက်ကောင်လေးတွေနဲ့ ရှုပ်တဲ့အကြောင်းတွေပေါ့''

''ဒါဆို နင်လည်း ပြန်ပြောလိုက်လေ''

''အယ် ငါက ဘာပြန်ပြောရမှာလဲ''

ကျော်နှင်းဆီ တကယ် အရိုးခံဟန်ဖြင့် ပြန်လှည့်မေး၍ စို ခစ်ခနဲရယ်ကာ

''ကျွန်မရဲ့လက်ထပ်ပြီးစ ယောကျ်ားမှာ စီပိုးရှိနေလို့ ခုချိန်ထိ အပျိုစင်အတိုင်းရှိနေပါသေးတယ်လို့''

''ဟာ စိုနော် ဆေးလာမထိုးနဲ့၊ အွန်လိုင်းပေါ်မှာ ကြုံပါတယ်ဆိုမှ ငါ လက်ထပ်ပြီးတဲ့အကြောင်း ပြောပြစရာလား''

''ပြောပေါ့ နင်က လက်ထပ်ပြီးတာပဲရှိသေးတယ်၊ ဟိုကောင်နဲ့ပေါင်းသင်းတဲ့အခြေအနေကိုမှ မရောက်သေးတာ''

''အင်းပါ လိုအပ်ရင်တော့ ပြောမှာပေါ့ ခုဟာက ငါတို့က ရိုးရိုးသားသားပဲရှိကြသေးတဲ့ဟာကို၊ ငါ့ဘက်က လမ်းကြောင်းလို့ ဘယ်သင့်တော်မလဲဟ''

''ဟုတ်ပါပြီ ရှင်တို့ကြုံရင်းနဲ့ ငြိသွားရင်တော့ ကိုယ့်ပြဿနာကိုယ်ရှင်းကြနော်၊ အဲဒီယောကျ်ားမျိုးတော့ ကျုပ်လည်း ဝင်ပြီးအကြံဉာဏ်မပေးတတ်ဘူး၊ အေးအေးနေချင်လို့ Fb တောင် မသုံးဘူး''

''ရှင်က ခေတ်မှမမီတာ''



www.burmeseclassic.com

www.burmeseclassic.com



"ခေတ်မမီရင်နေပါစေတော့ အာရုံကြောပျက်စီးမယ့်အလုပ်တော့ မလုပ်ဘူး၊ ဒီခေတ်လူတော်တော်များများ လမ်းမပေါ်တောင် မရှောင်ဘူး၊ ပွတ်နေတာကိုကြည့်ပြီး စိတ်ပျက်လွန်းလို့"

ခပ်ရွှံ့ရွှံ့ပြောလိုက်သော စံ့စကားကြောင့် ကျော်နှင်းဆီ မျက်ခုံးနှစ်ဖက်ပင့်ကာ

"ဘာပွတ်တာလဲ"

"ဖုန်းပွတ်တာကို ပြောတာလေ"

"ဩော် အဲလိုပြောပါ ရှင်ကလည်း ဩော် ဒါနဲ့ ရှင်နဲ့ကျော်ဒင်ခကြီးရော ဘယ်လိုအခြေအနေလဲ၊ ငါတို့လိုပဲ ခပ်စိမ်းစိမ်းပဲနေပဲ့မယ်လား"

"ဒီထက်စိမ်းလို့ရအောင် အမြဲစိမ်းတောထဲတောင် ကန်ထုတ်ပစ်ချင်တာ"

သူငယ်ချင်းအရင်းကြီးမို့ ရင်ထဲရှိတဲ့အတိုင်းသာ ဖွင့်ချလိုက်သည်။

"ဟယ် နှမြောစရာကြီး သူက ဂေးလ်အစစ်မှမဟုတ်တာ၊ ဟယ် အရက်မူးလို့ အဲဒီစိတ်ဝင်သွားတာနေမှာပါဟယ်"

"ဘာပဲဖြစ်ဖြစ် ငါကတော့ သူ့ကိုမြင်ရင် စိတ်ပျက်လွန်းလို့ မျက်နှာချင်းကို မဆိုင်ချင်တာ၊ သူသာ ငါ့ကိုအတင်းလိုက်ကပ်နေတာ လူရှေ့သူရှေ့ဆို ပိုဆိုးသေး၊ ငါကတော့ ဖြစ်နိုင်ရင် မိဘတွေကိုဖွင့်ပြောပြီးတရားဝင်ကို ကွာရှင်းပစ်လိုက်ချင်တာ"





"စိတ်လိုက်မာန်ပါ မလုပ်ပါနဲ့ဟယ်၊ ရှင့်လူက စီပိုးပိုင်ရှင်မဟုတ်တော့ ရှင် စိတ်ဆိုးပြေတာနဲ့ ပြန်လက်ခံလို့ရပါတယ်၊ ငါ့မှာသာ ပျိုရတော့မလို အိုရတော့မလိုနဲ့ စီပိုးပိုင်ရှင်ကြီးနဲ့ တစ်အိမ်ထဲအတူနေနေရတယ်၊ သူ့ပိုးတွေ ဘယ်အချိန်များ ငါ့ကိုယ်ထဲ လွင့်လာမလဲဆိုပြီး စိတ်ပူနေရတာတစ်မျိုး၊ ငါက သူများနဲ့မတူဘူး သိပ်ကြောက်တတ်တာ"

"စီပိုးများ တစ်ကောင်ချင်းထုတ်ပြီး ဆီနဲ့ကြော်စားလိုက်ပေါ့ ကိစ္စအေးရော"

"ဟယ် စိုနော် စကားနောက်တရားပါ ပေါက်ကရတွေပြောမနေနဲ့ အသည်းယားလွန်းလို့ပါဟယ်"

တီကောင်လို တွန့်ပြနေသော ကျော်နှင်းဆီကိုကြည့်ပြီး စိုပါ ပေါ့ပေါ့ပါးပါးလေး လိုက်ရယ်လိုက်သည်။

သူငယ်ချင်းနှစ်ယောက် ခုကျတော့လည်း သောကတွေ ဝေး ဒိုတ်လို့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

"ဒါ ဘာလုပ်နေတာလဲ နှင်းဆီ"

ထမင်းစားပန်းကန်နှင့် သောက်ရေဖန်ခွက်ကို ရေနွေးဖြင့် လောင်းနေသော မြင်ကွင်းကြောင့် သဏ္ဌာန်စိတ်ထဲ အကဲပိုလွန်းသည်ဟု တွေးကာ တင်းတော့တင်းမိသည်။

"ရှင်စားထားတဲ့ထမင်းပန်းကန်တွေ ပိုးသေအောင် ရေနွေးနဲ့ ဆေးနေတာလေ မမြင်ဘူးလား"

"မြင်တယ်လေ ဒါပေမဲ့ အရမ်းအိုဗာဖြစ်မနေဘူးလား"

"ဒါအိုဗာလုပ်နေတာမဟုတ်ဘူး သဏ္ဌာန်ရဲ့ ကြိုတင်ကာကွယ်မှု လုပ်နေတာ အဆိုးမြင်စိတ်နဲ့ မကြည့်ဘဲ ဆေးပညာရှုထောင့်ကနေ ကြည့် စမ်းပါ"





"ငါက နူနေဝဲနေလို့လား"

"အဲလို နူတာကမှ ဆေးလိမ်းပေးရင် ပျောက်သေးတယ်၊ ရှင့်မှာရှိနေတဲ့ပိုးက ဆေးလိမ်းရုံနဲ့မပျောက်ဘူး၊ အခန့်မသင့်လို့ ကျွန်မ ကိုလာကူးရင် ဘယ်လိုလုပ်မလဲ ကျွန်မဘဝတစ်ခုလုံး ခုလို ရောဂါသည်နဲ့ တစ်အိမ်ထဲအတူနေရလိမ့်မယ်လို့ တွေးကိုမတွေးခဲ့မိတာ၊ ခုအခြေအနေမှာ ကျွန်မက ကိုယ့်ကိုကိုယ် ကြိုးတန်းပေါ်လမ်းလျှောက်နေတဲ့သူလိုမျိုးပဲ၊ တစ်ချက်လေးမှားတာနဲ့ ကျွန်မဘဝ အင်မတန်နက်တဲ့ချောက်ထဲ ကျသလို လုံးဝကို အစရှာမရအောင် ပျက်စီးသွားမှာ"

အိုဗာတွေ လုပ်ပြနေ ပြောပြနေသော ကျော်နှင်းဆီကိုကြည့်ပြီး သဏ္ဌာန် အရွဲ့တိုက်ချင်လာကာ

"မင်းက သေရမှာကြောက်တဲ့မိန်းမပဲ ငါကလည်း အဲလိုမိန်းမ မျိုးဆို ပညာပေးချင်တယ်"

ပြောကာဆိုကာဖြင့် ကျော်နှင်းဆီနားသို့ တိုးကပ်သွားလိုက်ပြီး နှုတ်ခမ်းသားတွေကို လျှာဖြင့်သပ်ပြပြီး အကြည့်စူးစူးတွေဖြင့် စိုက်ကြည့် ပြလိုက်သည်။

ကျော်နှင်းဆီ ထိတ်လန့်သွားဟန်ဖြင့် လက်ထဲမှ ရေနွေးဓာတ်ဘူးကိုချကာ နောက်သို့ ခြေတစ်လှမ်းဆုတ်သွားသည်။

"ရှင် ရှင် ဘာလုပ်မလို့လဲ"

"နမ်းမလို့လေ"

www.burmeseclassic.com



"ဘာ"

ကျော်နှင်းဆီ၏ဘာဆိုသော အသံက ထမင်းစားခန်းထဲမှ ကျယ်လောင်သွားသည်။ သဏ္ဍာန် မဲ့လိုက်ပြီး

"မဘာနဲ့ မင်းကို ငါ ဘာလုပ်လုပ် လုပ်ပိုင်ခွင့်ရှိတယ်ကွ ခုနေ မင်းပါးစပ်ကို မလွှတ်တမ်း နမ်းလိုက်လို့လည်း ငါ့ကိုတရားစွဲလို့ရ ဥပဒေမရှိဘူး"

"ရှင် မယုတ်မာနဲ့နော်"

"ငါက မယုတ်မာချင်ဘူး၊ မင်းက ငါ့ကို မတူသလို မတန်သလို လုပ်ပြနေလို့ အသည်းယားတာ"

"အို မတူသလို မတန်သလို လုပ်ပြရလား ရှင့်မှာစီပိုးရှိ လို့ ကျွန်မကိုယ်ကျွန်မ ကာကွယ်တာလေ"

"အဟက် မင်း တော်တော်တတ်နိုင်တဲ့မိန်းမပဲ ငါ့ကိုကျတော့ စီပိုးရှိလို့ဆိုပြီး သုံးကိုက်အကွာကနေပဲ လှမ်းစကားပြောတယ်၊ မင်းအွ လိုင်းပေါ်တက်ပြီး ကြူနေတဲ့အကောင်တွေဆီမှာ စီပိုးတင်မဟုတ်ဘူး မ ပါရှိနေရင် မင်းဘယ်လိုလုပ်မလဲ ဟွန်း ငါမပြောလိုက်ချင်ဘူး၊ ငါ့ စီပိုးရှိနေလို့ပေါ့ စီပိုးသာမရှိရင် မင်းပုံစံနဲ့ မင်းဗိုက်ထဲမှာ ကလေးသုံး ပူးလောက်တောင် သန္ဓေတည်နေလောက်ပြီ"

ပျစ်ပျစ်နှစ်နှစ်ပြောချလိုက်သော စကားကြောင့် ကျော်နှင်းဆီ မျက်နှာမှာ ရုပ်ပျက်ဆင်းပျက် ရှုံ့မဲ့တင်းမာသွားပြီး





"ရှင် မမိုက်ရိုင်းနဲ့နော်"

"အဲဒါ မိုက်ရိုင်းတာမဟုတ်ဘူး၊ အယဉ်ကျေးဆုံးစကားလုံးကို ရွေးသုံးထားတာကွ၊ ခုနေ ငါ့မှာသာ စီပိုးမရှိကြည့် ငါအခန်းထဲက ထွက်ရမှာ မဟုတ်ဘူး"

"ရှင် ရှင် လူ လူပါးဝလာပြီနော်"

"ကျော်နှင်းဆီ ဒေါသဖြစ်လွန်း၍ အသားတွေ တဆတ်ဆတ် တုန်ကာ မျက်ရည်ပါဝဲတက်လာသည်။

သဏ္ဍာန့်စိတ်ထဲ ပြန်လည်ချေပလိုက်နိုင်ပြီမို့ စိတ်တိုင်းကျပြုံး ကာ ထမင်းစားခန်းထဲမှ ထွက်ခဲ့လိုက်သည်။ နောက်တက်မှ ကျော်နှင်းဆီ ၏ငိုသံခပ်သဲ့သဲ့က ကပ်ပါလာသည်။ မတတ်နိုင်ပါ။ ဒီမိန်းမ ဒီလိုမှ မပြောထားရင် လူကို ဒီထက်ပိုပြီး မတူသလို မတန်သလို ဆက်ဆံတော့ မည်။

သူအွန်လိုင်းပေါ်မှာ အကောင်တွေနဲ့ ကြူနေတာကို မခံစားရ ပေမယ့် ကိုယ့်ကို ဒီလိုအဖြစ်သည်းပြနေတာကိုတော့ ပညာပေးလိုက်ရ မှ မှတ်မည်။

တစ်ကိုယ်ကောင်းဆန်သည် အတ္တကြီးသည်ပဲဆိုဆို လက်ထပ် ပြီးကာမှ သူ့ဘဝထဲကို ကိုယ့်ဘဝတစ်ခုလုံးပေးဆပ်လိုက်ရမှာကို တွန့် ဆုတ်မိသွားတာတော့ ကိုယ်လည်း မတတ်နိုင်။

ရင်ထဲမှာ ဗလာဖြစ်နေတာကမှ စိတ်သက်သာဦးမည်မို့ ခုလို



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းထွင်လိုက်တာဖြစ်သည်။

စိုရေ ငါ့ရင်ထဲမှာ ဗလာဖြစ်နေသလို နင့်ရင်ထဲမှာလည်း ဗလာ ဖြစ်နေဖို့ လိုအပ်တယ်ဟာ။

ဘာကြောင့် အဲဒီစိတ်ကြီး ဝင်လာသလဲဆိုတာတော့ ငါကိုယ် မဝေခွဲတတ်တော့ဘူး။

မဟုတ်မှလွဲရော ငါ နင့်ကိုချစ်မိနေတာများလားဟာ။

■ ■ ■

“စို”

အခန်းတံခါးဖွင့်ပြီး ဝင်လာသော ကျော်ဒင်ခ အသံကြောင့် အိပ်ပျော်စပြုနေသော စို့မျက်ခွံတွေ ဖျတ်ခနဲ ပွင့်လာသည်။

“ဟင် ရှင်”

မျက်နှာနှင့်ထိကပ်မတတ် အုပ်မိုးထားသော ကျော်ဒင်ခမျက် ကို အနီးကပ်တွေ့လိုက်ရ၍ စို လန့်သွားသည်။

“ကိုယ် စိုနဲ့အတူ ရှိနေချင်တယ်”

“အို ဖယ်ပါ ဘာတွေလာပြောနေတာလဲ”

ကျော်ဒင်ခ ကိုယ်ကိုတွန်းဖယ်ပြီး စို လှဲအိပ်နေရာမှ ဆတ်ခနဲ ထထိုင်လိုက်သည်။ ညဝတ်အင်္ကျီ ဖရိုဖရဲက ဒူးအထက်ပိုင်းပေါ်နေ၍ မလုံမလဲ ဆွဲချပြီး

“ဘာဖြစ်လို့ သူများအခန်းထဲကို အသံမပေးဘဲ ဝင်လာတာလဲ





ကိုကျော်ဒင်ခ”

ရက်စိတ်တို့ ရောထွေးကာ အသံတို့ မာသွားသည်။

“စိတ်မဆိုးပါနဲ့ စိုရယ် ကိုယ် စို့ကိုချစ်လို့ပါ”

“အို ဘာချစ်တာလဲ ဂေးလ်တစ်ယောက်ရဲ့ရင်ထဲမှာ မိန်းမ တစ်ယောက်ကိုချစ်တဲ့အချစ်တွေ ရှိလို့လား သွားပါ ကျွန်မအခန်းထဲက ထွက်သွားပါ”

“မထွက်ဘူး စိုရာ၊ စိုနဲ့ကိုယ်နဲ့က လင်မယားတွေလေ၊ ကိုယ့် မိန်းမအခန်းထဲကို ကိုယ်ဝင်တာပဲကွာ၊ ကိုယ် ပွင့်ပွင့်လင်းလင်းပဲပြော မယ်ကွာ၊ ကိုယ်နဲ့စို မကြုံလိုက်ရတဲ့မင်္ဂလာဦးညကို စိတ်တူကိုယ်တူ ကျော် ဖြတ်ချင်တယ်၊ ကိုယ့်ကိုခွင့်ပြုပါ”

စို ခေါင်းကိုတွင်တွင်ခါသည်။

“ရှင်က ကျော်ဖြတ်ချင်ပေမယ့် ကျွန်မက ရှင်နဲ့လုံးဝ မပတ် သက်ချင်ဘူး”

“ကိုယ်မှားခဲ့တာကို တောင်းပန်ပြီးပြီပဲကွာ၊ ကျေအေးပေးပါ တော့ ကိုယ်တောင်းဆိုပါတယ်ကွာ”

“ရှင်တောင်းဆိုတာနဲ့ပဲ ကျွန်မက ရှင့်လိုဂေးလ်တစ်ယောက်ကို ပေါင်းသင်းရမှာလား ဝေးပါသေးတယ်”

ကျော်ဒင်ခ မျက်နှာတင်းခနဲ ဖြစ်သွားသည်။

“ဒီမှာ စို တရားဝင်မင်္ဂလာဆောင်ပြီးတဲ့ ကိုယ့်မိန်းမကို ည



www.burmeseclassic.com

www.burmeseclassic.com



အတူတူအိပ်ဖို့တောင်းဆိုနေတာကို စိုက ကိုယ့်ကို အဲလောက်ထိ ပျစ်ပျစ် နှစ်နှစ် မပြောသင့်ပါဘူးကွ၊ နောက်ပြီး ကိုယ် ဂေးလ်မဟုတ်ဘူးဆိုတာကို လည်း ရှင်းပြပြီးပြီ၊ ဒါကိုမှ ဇွတ်ငြင်းနေဦးမယ်ဆိုရင် ကိုယ်က တခြား မိန်းမနဲ့ပေါင်းသင်းဆက်ဆံပြပြီး ကိုယ်ဂေးလ်မဟုတ်ပါဘူးဆိုတာ သက်သေ ပြရဦးမှာလား၊ အဲဒီအခါကျမှ ယုံပြီး ကိုယ့်ကိုလက်ခံမှာလား ပြောလေ"

ကျော်ဒင်ခ ဒေါသတွေ ထွက်နေတာသိပေမယ့် အလျှော့မပေး ချင်တာ စိုးရဲ့စိတ်ထဲကလာတဲ့မာနမို့ ဘယ်လိုမှ လျှော့ပေး၍မရပေ။

"အဲဒါကတော့ ရှင့်သဘောပဲ၊ စိုးကိုကွာရှင်းပြီး တခြားမိန်း ကလေးနဲ့လက်ထပ်မယ်ဆိုရင်လည်း စိုက ရှင့်ကိုကြည်ကြည်ဖြူဖြူနဲ့ ကွာရှင်းပေးမှာပါ"

"ကောင်းပြီလေ စိုးဘက်က ဒီလောက်ထိ တင်းခံနေမှတော့ ကိုယ်ကလည်း အညတရမဟုတ်ဘူးဆိုတာ သက်သေပြရုံပေါ့၊ အဲဒီကျ ကိုယ့်ကို ဖောက်ပြန်တတ်တဲ့ကောင်လို့ မစွပ်စွဲနဲ့"

ကျော်ဒင်ခဘက်က စိန်ခေါ်မှတော့ စိုးဘက်က စိန်ခေါ်မှု ရဲရဲကြီးလက်ခံရတော့မှာပေါ့။

စိုးရှေ့မှာ ဒေါသခြေလှမ်းဖြင့် ချာခနဲ လှည့်ထွက်သွားသော ကျော်ဒင်ခ၏နောက်ကျောကို ခပ်မဲ့မဲ့ကြည့်ပြီး စို ရင်ထဲက အလုံးကြီး ကျသွားပါတော့သည်။

မချစ်ဘဲနဲ့လက်ထပ်ခဲ့ရသည့် ယောကျ်ားတစ်ယောက်ကလည်း





အပြန် ဒီကြားထဲ ဂေးလ်ဆိုသည့် ဂုဏ်ပုဒ်ကြီးကပေါ်လာမှတော့ ရင်ထဲ မှာ အားနာပါးနာနှင့်တောင် လိုက်လျောပေး၍မရတော့။ ဒီအတွက် နောက်တစ်ယောက် တွဲရင်လည်း တွဲပါစေတော့။

စိုက ကျေကျေနပ်နပ်ကြီး ခွင့်ပြုမှာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"သဏ္ဍာန် ငါတို့ဒီည Bar ကိုသွားကြရအောင်"

"ဟာ ငါ မသွားချင်ပါဘူးကွာ၊ မင်းက မူးလာရင် အကျင့်ဆိုးတွေပေါ်လာရော"

ကျော်ဒင်ခ ဘာတွေညစ်နေလဲဆိုတာ သဏ္ဍာန် မသိဘဲနေမလား။

"မပေါ်ပါဘူးကွာ ငါ ဒီတစ်ခါ အဲလောက်မူးအောင် မသောက်ပါဘူး၊ သူငယ်ချင်းနှစ်ယောက် ရင်ဖွင့်ကောင်းရုံ အာသာပြေလေးသောက်မှာပါ၊ ငါ အရမ်းညစ်နေလို့ပါကွာ"

"မင်း ဘာတွေညစ်နေလဲ ပြောလေ၊ အဲဒါလေး ပြောမှာနဲ့ Beer Bar သွားစရာမလိုပါဘူးကွာ"

"ငါနဲ့စိုးနဲ့အဆင်မပြေဘူးကွာ၊ စိုးက ငါ့ကို သူ့နားတောင် အကပ်





မခံဘူး"

"ဟင် ဒါဆို မင်းတို့လင်မယား မဖြစ်သေးဘူးလား"

"ဟာကွာ မင်္ဂလာဦးညက မင်းလာမွှေကတည်းက ဖြစ်တဲ့စခန်း မရောက်တာ ခုချိန်ထိပဲလေ"

သဏ္ဍာန် ရယ်လိုက်သည်။ ကျော်ဒင်ခ မျက်မှောင်ကျုံ့ကာ

"ဘာရယ်တာလဲ အဲဒါ မင်းကြောင့်လေ"

"ဟ ငါနဲ့ဘာဆိုင်လဲ မင်းအကျင့်ကို သူသိသွားလို့ မင်းကို အစိမ်းခေါက်လိုက်တာပဲ ငါက ခေါက်ခိုင်းတာမှမဟုတ်တာ"

"ဘာပဲဖြစ်ဖြစ် မင်းတာဝန်တော့ မကင်းဘူးလေ"

"ဒီမှာသူငယ်ချင်း ငါကရော ဘာထူးလို့လဲ ငါ့မှာစီပိုးရှိတာ သူ သိသွားလို့ ငါ့ကို သုံးကိုက်အကွာကနေပဲ စကားပြောတယ်၊ ငါစားတဲ့ ထမင်းပန်းကန်ကအစ ရေနွေးဖျော့တဲ့မိန်းမ သူ့အနားကပ်ခွင့်ရဖို့စဉ်းတောင်မစဉ်းစားနဲ့ ဟော့ကောင်"

"ဟင် မင်းတို့လည်း ဒီလိုကြီးလား"

"မင်းထက်တောင် ပိုသေးတယ်၊ အဲဒီဟာမ ငါ့ကို မတူသလို မတန်သလိုနဲ့ ဘယ်လောက်အသည်းယားစရာကောင်းလဲ၊ သူကပဲ တစ်သက်လုံးရောဂါမဖြစ်ဘဲ မသေတော့မှာကျနေတာပဲ"

ပြောရင်းဖြင့် သဏ္ဍာန် ဒေါသတို့ထွက်လာပြန်သည်။

"ဒါနဲ့နေပါဦး မင်းမှာ အဲဒီရောဂါ ဘယ်တုန်းက ဝင်သွားတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ ငါလည်း မသိရပါလား''

''ရောဂါရှိပါတယ်ဆိုမှ ငါက လူတကာကို လိုက်ကြော်ငြာပြနေရမှာလားကွ မင်းကလည်း''

အတည်ပေါက်နှင့်ပြန်ပြောတော့ ကျော်ဒင်ခလို ငတုံးကောင်တကယ်ကို ယုံသည်။

''အေးကွာ ငါတို့သူငယ်ချင်းနှစ်ယောက်ရဲ့ကံကြမ္မာက ဆိုးကိုဆိုးပါတယ်ကွာ၊ အများအမြင်မှာတော့ မိန်းမချောချောလေးတွေနဲ့ ကြနေလောက်ပြီပေါ့၊ တကယ်တော့ မြင်သာမြင်ရ မကြင်ရတဲ့ဘဝကို သူတို့မှ မသိရှာကြတာကိုး''

''ငါကတော့ မလွှမ်းပါဘူးကွာ၊ အစောကြီးကတည်းက ကျော်နှင်းဆီကို မိတသဘောတူလို့ လက်ထပ်ခဲ့ရုံလေး၊ ငါတကယ်ချစ်လို့ လက်ထပ်ယူခဲ့တဲ့ ချစ်သူမှမဟုတ်တာ''

''ငါကတော့ စို့ကိုစိတ်ဝင်စားတယ်ကွ စိုက တစ်အိမ်ထဲအတူနေပြီးအနီးကပ်ကြည့်လေ လှလေပဲကွာ၊ သူ့အသားလေးတွေများ ဝင်းဖန့်ပြီး တကယ့်ကို ပြစ်မျိုးမဲ့မထင်အလှမျိုး၊ အရပ်အမောင်း ခန္ဓာကိုယ်အချိုးအစားက မိုက်သလားမမေးနဲ့၊ ဟိုနေ့က ငါ သူရေချိုးနေတာကိုချောင်းကြည့်လိုက်တော့ ရေလည်မိုက်တယ်ကွာ ဒဏ္ဍာရီထဲက မင်းသမီးလေးအတိုင်းပဲ''

ကျော်ဒင်ခ စကားကြောင့် သဏ္ဍာန် ဒေါသတွေထောင်းခနဲ





ခုန်ထွက်လာပြီး

''မင်းကလည်း အဲလို ယောကျ်ားမဆန်တဲ့အလုပ်ကို မလုပ်နဲ့လေကွာ၊ မိန်းကလေးတစ်ယောက် ရေချိုးတာကို ချောင်းကြည့်တဲ့လုပ်ရပ်က ဘယ်လောက်အောက်တန်းကျသလဲ မင်းသိလား၊ စိုကရော ဘာလို့ရေချိုးခန်းတံခါးကို လော့ခ်မချဘဲ ချိုးသလဲ''

ဒေါသဖြင့် တရစပ်ပြောချလိုက်သော သဏ္ဍာန့်ကို ကျော်ဒင်ခပါးစပ်အဟောင်းသားဖြင့် ကြည့်ပြီး

''ဟေ့ကောင် ငါအခုချောင်းကြည့်တဲ့မိန်းမက ငါ့မိန်းမနော်၊ မင်းမိန်းမမဟုတ်ဘူး၊ မင်းက ဘာလို့ ဘလိုင်းကြီး လာပေါက်ကွဲပြနေတာလဲ''

''ဘယ်သူ့မိန်းမပဲဖြစ်ဖြစ်လေ အဲလိုချောင်းကြည့်တာကို ဟိုတစ်ယောက်မြင်သွားရင် အပြစ်တစ်ခုကနေ နှစ်ခု ဖြစ်မယ်ဆိုတာကိုပြောပြတာ''

လိုတာထက်ပို၍ ထွက်ပြနေသော ဒေါသကို ကျော်ဒင်ခ မရိပ်မိအောင် လေသံကို ပြန်နှိမ်ပြီး ရှင်းပြလိုက်ရသည်။ တကယ်ဆို စို့ကိုချောင်းကြည့်သော ကျော်ဒင်ခ မျက်ခွက်ကို လက်သီးနဲ့ထိုးချင်ရုံတင်မဟုတ်ဘူး၊ အုတ်နံရံနှင့် မျက်ခွက်ကို အကြိမ်ကြိမ်လွှဲရိုက်ချင်မိတာပါ။

''ဒါနဲ့ သူက ရေချိုးရင် တံခါးလော့ခ်လေးဘာလေး မချဘူးလား၊ မိန်းကလေးဖြစ်ပြီးတော့ အနေပက်စက်တယ်၊ အဲဒီနေရာမှာ



www.burmeseclassic.com

www.burmeseclassic.com



မင်း ဖြစ်နေလို့ပေါ့ တခြားယောကျ်ားသာဆိုရင် အဲဒီပုံ အင်တာနက်ပေါ် ပြန့်သွားပြီ''

''သူ့ရေချိုးခန်းတံခါးက လော့ခ်ပျက်နေတယ်ကွ၊ သူ့အိပ်ခန်းထဲမှာမို့ စိတ်ချလက်ချ အိပ်ခန်းတံခါးလော့ချ ချိုးပေမယ့် အဟဲ အဲဒီအိပ်ခန်းတံခါးသော့အပိုက ငါ့မှာရှိတယ်လေကွာ အဲဒါကို သူမှမသိတာ''

စို့အလှတရားတွေကို ကိုယ်မဟုတ်တဲ့ ယောကျ်ားတစ်ယောက် မြင်ခွင့်ရသွားပါလားဆိုသေအသိက ရင်ထဲမှာ မုန်တိုင်းတွေ ထန်နေမိသည်။ တကယ်ဆို သူတို့က အကြင်လင်မယားတွေလေ။

''ကဲ ထ လစ်မယ်''

သဏ္ဍာန့်စကားကြောင့် ကျော်ဒင်ခ အူကြောင်ကြောင်ပုံစံဖြင့် မော့ကြည့်ပြီး

''ဘယ်လဲ''

''ဟာ မင်းပဲ Beer Bar သွားမလို့ဆို''

''မင်းပြောတော့ မသွားဘူးဆို''

''စောစောက မသွားချင်ဘူး ခုတော့ သွားချင်တယ်ကွာ၊ ဘာလဲ မသွားတော့ဘူးလား။ ဒါဆိုလည်းပြီးရော ငါ့အခန်းငါပြန်တော့မယ်''

သဏ္ဍာန် ထပြန်မလို့ဟန်ပြင်တော့ ကျော်ဒင်ခ သဏ္ဍာန့်လက်ကို လှမ်းဆွဲကာ





''အဲ အဲလိုတော့ မဟုတ်ဘူးလေကွာ၊ မင်းမသွားဘူးပြောပြီး မြန်းစားကြီးသွားမယ်လုပ်တော့ ငါက ကြောင်သွားတာပေါ့ကွ၊ သွားမယ် ခုပဲသွားမယ် ဒီည ကုန်ကျစရိတ်ကို ငါခံမယ်ကွာ ဟုတ်ပြီလား''

''အိုကေ သိပ်ကောင်းတဲ့အစီအစဉ်ပဲ''

သူငယ်ချင်းနှစ်ယောက် လက်ဝါးချင်းရိုက်ပြီး အိမ်မှထွက်ခဲ့ကြသည်။

■ ■ ■

''ဒါက ဘယ်လိုဖြစ်လာကြတာလဲ သဏ္ဍာန်''

လူမှန်းမသိအောင် မူးနေသော ကျော်ဒင်ခကို သဏ္ဍာန်တွဲလာတာမြင်၍ စို့ စိတ်ပျက်စွာ မေးလိုက်သည်။

''မြင်တဲ့အတိုင်းပဲလေ ဒီကောင်မူးပြီး အိမ်မပြန်နိုင်လို့ ငါလာပို့တာ၊ လာတွဲလေ ကိုယ့်ယောကျ်ားကို''

မတွဲမှန်းသိ၍ တမင်ရွဲ့ပြောလိုက်ခြင်းဖြစ်သည်။

''အို ဘာလို့တွဲရမှာလဲ သူနဲ့ငါနဲ့ ဘာမှမဆိုင်ဘူး နင့်ဟာနင် သူ့အခန်းထဲသွားပို့လိုက်''

''ဒါဆိုလည်း ပြီးရော''

လူမှန်းမသိအောင် မူးနေသော ကျော်ဒင်ခကို အခန်းထဲတွဲပို့ကာ ခုတင်ပေါ်တင်လိုက်သည်။ ကျော်ဒင်ခ ခုတင်ထက်တွင် ပက်လက်လန်ကာ မျက်လုံးပင်မဖွင့်နိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ သဏ္ဌာန်ရဲ့အကွက်ပဲဖြစ်သည်မို့ ကျော်ဒင်ခဆီမှာရှိနေ
သော စိုး၏အခန်းသော့ပိုကို ပိုက်စိတ်တိုက်ရှာလိုက်သည်။ သိပ်မရှာလိုက်
ရ စားကြည့်စားပွဲအံဆွဲထဲတွင် ရှာတွေ့၍သွားသည်။

"ဒီနေ့ကစပြီး မင်း စိုးအခန်းထဲဝင်ခွင့်မရှိတော့ဘူး ကျော်ဒင်ခ
ရေ၊ မင်းရဲ့တဏှာကြောကို ဒီနေ့ပဲ ငါဖြတ်လိုက်ပြီကွ"

သော့ကို လေထဲမြှောက်ကာဖမ်းပြီး တစ်ချက်နမ်းလိုက်သည်
ကံကောင်းချင်တော့ သော့တွဲမှာပါလာသည်က စိုးအခန်းသော့တစ်ခုထဲ
တင်မဟုတ် အိမ်သော့ပိုတစ်ချောင်းပါ ပါလာသည်ဆိုမှတော့ သဏ္ဌာန်
အတွက် အတိုင်းထက်အလွန်ပေ့ါ။

"မင်း စိုး ရေချိုးတာကို ဘယ်တော့မှ ချောင်းမကြည့်နဲ့၊ ငါ
မကြိုက်ဘူး ဟေ့ကောင်"

တခေါခေါ အိပ်နေသော ကျော်ဒင်ခကို ကြည့်ပြီး ပြောကာ
လက်ထဲမှ သော့တွဲကို ဘောင်းဘီအိတ်ကပ်ထဲ ထိုးထည့်လိုက်ပြီး အခန်း
ထဲမှ ထွက်လာခဲ့လိုက်သည်။

အခန်းဝတွင် စိုးကိုတွေ့ရ၍ မလုံလဲသောစိတ်ဖြင့် ရယ်ပြလိုက်
ပြီး

"ဒီကောင်ကြီး အမူးလွန်ပြီးမှောက်သွားပြီ စိုး"

"သူကတော့ အမူးလွန်ပြီး နင်ကရော ဘာလို့ အမူးမလွန်တာ
လဲ၊ နင်တို့က အတူတူတွေမဟုတ်ဘူးလား"





"ဟုတ်တယ်လေ သူက အရက်ကြိုက်တယ် ငါက အရက်မှ
မကြိုက်တာ"

"ဩော် အင်းပေ့ါလေ နင်က စီပိုးရောဂါသည်ဆိုတော့လည်း
ဘယ်တည့်မလဲ"

"ဟမ် ဘာ စီပိုးရောဂါသည်လဲ ငါ့မှာ ဘာစီပိုးမှ မရှိဘူး"

သဏ္ဌာန့်စကားကြောင့် စိုး မျက်လုံးတွင် အံ့ဩရိပ်ဖြင့်ကြည့်
ပြီး

"နင်ပြောတော့ အဲ ကျော်နှင်းဆီပြောတော့ ရှင့်မှာ စီပိုးရှိတယ်
ဆို ဒါဆို နင်လိမ်ထားတာပေ့ါ ဟုတ်လား သဏ္ဌာန်၊ အဲလို ဘာကြောင့်
လိမ်ရတာလဲ"

ဒီတော့မှ ကိုယ်လိမ်ထားတာ သတိရသွားပြီး

"ဩော် ဟုတ်တယ် အဟဲ ကျော်နှင်းဆီအတွက်တော့ ငါ့မှာ
စီပိုးရှိတယ်"

သဏ္ဌာန့်စကားကြောင့် စိုး ဇဝေဇဝါဖြစ်သွားသည်။

"နင့်စီပိုးက ကျော်နှင်းဆီအတွက်ပဲ ရှိတယ် ဟုတ်လား၊ အထူး
အဆန်းပါလား နင် ဘာတွေများ ကျော့်အပေါ် ကြံစည်နေလဲ သဏ္ဌာန်"

"ဩော် စီပိုးရှိပါတယ်ဆိုမှ သူ့အတွက်ကိုယ့်အတွက် ရှေးပြီး
နေပေးရတာလား စိုးရ၊ နင်ကလည်း စကားကိုအထအနကောက်လိုက်တာ
ကဲ ငါသွားပြီ နင်လည်း အိပ်တော့"



www.burmeseclassic.com

www.burmeseclassic.com



ဒီထက်ဆက်နေလျှင် အလိမ်တွေပေါ်သွားမှာစိုး၍ သဏ္ဍာန် စို့ရှေ့မှ ခပ်မြန်မြန်ထွက်ခဲ့လိုက်သည်။

အိမ်ပေါက်ဝ ရောက်ခါနီးမှ

"စို နှင့်ကို ကျော်ဒင်ခ သဘောကျနေတာ ဘာကြောင့်လဲဆို တာ ငါသိသွားပြီ၊ နှင်က သိပ်လှတာကိုး"

ပြောအပြီး အိမ်အပြင်သို့ လှစ်ခနဲ ထွက်သွားသည်။

"ဒီကောင် ဘာသဘောနဲ့ ပြောသွားတာလဲ"

နားမလည်စွာ ရပ်ကျန်ခဲ့သူက စိုပင်ဖြစ်သည်။

■ ■ ■



## အခန်း (၁၇)

ကျော်ဒင်ခနားသို့ စို တရွေ့ရွေ့ လျှောက်လာသည်။ ဘယ်သူနှင့် ချက်တင်ဝင်နေသည့်တော့မသိ ကျော်ဒင်ခမျက်နှာမှာ ပြုံးရွှင်နေသည်။ အားတွင် စို ရောက်၍ရောက်နေမှန်းမသိ။

"ကိုကျော်ဒင်ခ"

စို့ခေါ်သံကြားမှ သူခိုးလူမိဟန်ဖြင့် ဖုန်းကို ကပျာကယာ ပိတ် လိုက်သည်။

"ဟာ စိုရာ လန့်လိုက်တာ"

"ရှင်က ဘာတွေမဟုတ်တာ လုပ်နေလို့ လန့်ရတာလဲ ကို ကျော်ဒင်ခရဲ့"

လက်ထဲမှ ဖုန်းကိုနောက်ပို့ပြီး ခေါင်းတခါခါနှင့် ငြင်းနေသော ခံကိုကြည့်တာနှင့် ကျော်ဒင်ခ တစ်ခုခုကို မဟုတ်တာလုပ်နေပြီဆိုတာကို



www.burmeseclassic.com

www.burmeseclassic.com



စို သိသည်။

ဒါဟာ စိုနှင့်ဘာမှမဆိုင်သည်မို့ စိတ်မဝင်စား။

"ကိုယ် ဘာမှမဟုတ်တာ မလုပ်ပါဘူး စိုရယ်"

"အင်းလေ ရှင့်လို ဂေးလ်တစ်ယောက် ဘာတွေပဲ မဟုတ်တာ လုပ်လုပ် စိုနဲ့တော့ သိပ်မဆိုင်ပါဘူး၊ အခု ရှင့်ဆီကိုလာတာ ထမင်းပွဲ ပြင်ပေးပြီးပြီ စားမယ်ဆို စားလို့ရပြီလို့ လာပြောတာ"

ကိုယ်နှင့်ဘာမှမပတ်သက်သည့် အနေအထားမျိုး ဖြစ်ပေမယ့် တစ်အိမ်ထဲအတူနေမှတော့ ထမင်းပွဲလေးပြင်ပေးရတာကို စို့အနေနဲ့ အောက်ကျတယ်လို့ ထင်မနေတော့။

"သင့်ခယူးပဲ စို ကိုယ်လည်း ဗိုက်ဆာနေတာနဲ့ အတော်ပဲ ဒါနဲ့ စိုရော စားပြီးပြီလား ကိုယ်နဲ့တစ်ခါတည်း ဝင်စားလိုက်ပါလား"

"ဟင့်အင်း စို စားပြီးသွားပါပြီ"

"အိုကေ ဒါဆို ကိုယ်သွားစားလိုက်ဦးမယ်"

လက်ထဲမှ ဖုန်းကို ဘောင်းဘီအိတ်ထဲထည့်ပြီး ထမင်းစားခန်း ဆီသို့ သွားမည်အပြု တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့်

"ဪ ကိုယ့်အခန်းထဲက အိမ်သော့တွဲကို စို ယူထားမိသေး လား"

"ဟင့်အင်းမယူပါဘူး စိုက ဘာလို့ယူထားရမှာလဲ စို့မှာလည်း ရှိနေတာပဲ နောက်ပြီး စို တစ်ခါမှ ရှင့်အခန်းထဲကို မဝင်မိသေးဘူး"





"ဪ ဆောရီးနော်"

ကျော်ဒင်ခ လှည့်ထွက်သွားသည်။ စိုလည်း ဖတ်လက်စ ဝတ္ထုဇာတ်စာအုပ်ကိုယူပြီး ဆက်ဖတ်နေလိုက်သည်။

■ ■ ■

"ကျွန်မ ခရီးထွက်ရမယ် သဏ္ဍာန်"

"ဟုတ်လား ဘာကိစ္စလဲ ကျော်"

"ကျွန်မအမနဲ့ ဘန်ကောက်ကို လိုက်သွားမလို့ပါ၊ ဟိုမှာ အသေးစားကုမ္ပဏီလေးတစ်ခုကို မြေစမ်းခရမ်းပျိုးလုပ်ကြည့်မလို့လေ"

"ကောင်းသားပဲ ကျော်ရဲ့၊ ကိုယ်လည်း ဒီလိုလုပ်ငန်းအသစ် အခြေချမှုဆိုတော့ ကိုယ့်စီးပွားနဲ့ကိုယ် အချိန်တွေအသုံးချကြတာပေါ့"

"ကောင်းတာပေါ့ ရှင်လည်း ရှင့်ရောဂါနဲ့ရှင် ကျွန်မလည်း ကိုယ့်အလုပ်နဲ့ကိုယ် တစ်နေရာစီနေလည်း ဘယ်သူမှ မနစ်နာကြပါဘူး"

သူ့ဘက်ကစတင်ပြီး အဝေးကိုထွက်သွားမည်ဆိုတော့လည်း သွားပါနဲ့လို့ တားဖို့စိတ်ကူးလုံးဝကို မရှိ။

"ဘဏ်ထဲမှာ ထည့်ထားတဲ့ငွေတစ်ဝက် ကျွန်မ ထုတ်ယူသွား မယ်"

"ယူသွားပေါ့ လက်ဖွဲ့ရထားတဲ့ငွေဆိုတော့ နှစ်ယောက်စလုံး ပိုင်ခွင့်ရှိတာပဲ၊ အကုန်ထုတ်သွားလည်း ရတယ်လေ"

"အကုန်လုံးတော့ မထုတ်ပါဘူး၊ ညီတူမျှတူပဲ ရှင်တစ်ဝက်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတစ်ဝက်''

''ဒါနဲ့ မင်းက ဟိုမှာ ဘယ်နှနှစ်လောက် နေမှာလဲ''

ကျော်နှင်းဆီ သွားပြီဆိုမှတော့ မိုးမင်းသဏ္ဌာန်မှာ ဘာ အနှောင်အဖွဲ့မှမရှိတော့။

''ဘာဖြစ်လို့ မေးတာလဲ''

''သိချင်ရုံသက်သက်ပါ''

''ရှင့်ရောဂါသည်းသည်းထန်ထန်ဖြစ်ရင် ကျွန်မကို အနားမှာ ရှိစေချင်လို့မဟုတ်လား၊ ကျွန်မက ရောဂါသည်တွေကို မပြုစုတတ်ဘူး''

ခုရှုတ်မှနှောင်ရှင်း တစ်ခါထဲ ပြောလိုက်တော့သည်။ မိဘတွေ အမြင်မှာသာ သူနှင့်ကိုယ်က အကြင်လင်မယားဖြစ်နေပေမယ့် ကိုယ်တွေ က ခုချိန်ထိ ဘာမှပတ်သက်ကြသူတွေ မဟုတ်။

သဏ္ဌာန် ခပ်ထေ့ထေ့ရယ်ပြီး ကျော်နှင်းဆီကိုကြည့်ကာ

''ကိုယ်ကလည်း ကိုယ့်ဝေဒနာကိုပြုစုခိုင်းဖို့ မင်းကို အကူအညီ မတောင်းပါဘူး၊ မင်းသာ ဝေဒနာမဖြစ်အောင်နေ၊ အခု ကိုယ်မေးတာ တခြားကြောင့်မဟုတ်ဘူး ဘန်ကောက်မှာ မင်းချစ်တဲ့သူတွေ ဘာတွေ တွေ့ခဲ့ရင် ကိုယ့်ကိုအားမနာနဲ့ လက်ထပ်လိုက်လို့ ပြောမလို့''

ကျော်နှင်းဆီ မဲ့သည်။

''အဲဒါ ရှင့်ကိစ္စမဟုတ်ပါဘူး၊ တွေ့ခဲ့ရင်လည်း ဘယ်တော့မှ တိတ်တိတ်ပုန်း လက်မထပ်ဘူး၊ ရှင့်ကိုကွာရှင်းပြီးမှ လက်ထပ်မှာပါ





ရှင်သာ ရှင့်ရောဂါတွေကို ရှင့်မိဘတွေဖွင့်ပြောပြီး ကုစရာရှိတာမြန်မြန်ကု ရောဂါပိုးတွေ ကိုယ်ခန္ဓာထဲမှာပြည့်ပြီး အပြင်ကိုလျှံထွက်လာရင် သေးလူ တွေကိုပါ ရောဂါကူးကုန်မယ်''

သဏ္ဌာန့်အပေါ် ကရုဏာမသက်ဘဲ မုန်းတီးစိတ်ဝင်မိသော ကြောင့် စကားကို အဆင်ချောအောင် ပြောမနေချင်တော့။ သဏ္ဌာန်နှင့် ပတ်သက်လျှင် အရာရာကို အဆိုးပဲမြင်နေမိတော့တာ ကျော်နှင်းဆီ အပြစ်မှမဟုတ်တာပဲလေ။

ကိုယ်နဲ့လက်ထပ်ပြီးမှ ဘွားခနဲပေါ်လာတဲ့ ရောဂါကြောင့် ကိုယ့် ဘဝ တစ်ဆစ်ချိုးခံရပြီး အရာမရောက်ခဲ့။ မိဘစကားနားထောင်ပြီး လက်ထပ်ခဲ့သည့်အတွက် ရရှိရသည့် နောင်တတွေက ဘဝကို နောက် ကြောင်းပြန်လှည့်ရုံအပြင် ဘာမှမတတ်နိုင်ခဲ့တဲ့ ကျော်နှင်းဆီ၏ ဆိုးဝါး လှတဲ့ကံကြမ္မာလို့ပဲ မှတ်ယူလိုက်ပါတော့မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"တင်းတောင် တင်းတောင်"

လူခေါ်ဘဲလ်သံကြောင့် မေမေနှင့်ဖုန်းစကားပြောခြင်းကို အဆ
သပ်ပြီး အိမ်ခန်းတံခါးကို လာ၍ ဖွင့်ပေးလိုက်သည်။

"ဟင် သဏ္ဍာန် ပြော ဘာကိစ္စလဲ"

"ငါဗိုက်ဆာလို့ ဘာရှိလဲ"

တစ်ခါမှ မမေးစဖူး လာမေးနေသော သဏ္ဍာန်ကိုကြည့်ပြီး
တအံ့တဩ ကြည့်မိသည်။

"နင့်အိမ်မှာ ဘာမှမရှိဘူးလား"

"မရှိဘူး"

"ကျော်နှင်းဆီရော"





"သူ ဘန်ကောက်သွားဖို့ စီစဉ်နေတယ်လေ၊ ဒီတော့ အိမ်ဘယ်
ကပ်တော့မလဲ"

"ကဲ ဒါဆို ဝင်လေ၊ ငါအပြင်ကပြန်လာရင်း ဝယ်လာတဲ့
င်းဆာမ်းတော့ရှိတယ်"

ရန်ဖြစ်လိုက် ပြန်ချစ်လိုက် သူငယ်ချင်းတွေမို့ စေတနာအပြည့်
ဖြင့် ကျွေးရန် အိမ်ထဲခေါ်လိုက်သည်။

"နင်ရော မစားဘူးလား ငါစားလို့ ကုန်သွားရင် နင့်အတွက်
စားစရာမရှိဘဲနေပါ့မယ်၊ ငါ့ကိုတခြားဟာပဲကျွေးပါဟာ၊ ခေါက်ဆွဲခြောက်
ဘာတွေရှိတယ်မို့လား ငါက ခေါက်ဆွဲခြောက်ကြိုက်ပါတယ်"

စို့ဘက်က စေတနာတွေထားပြန်တော့ သဏ္ဍာန် အကြောင်း
ရှိအကြောင်းရှာ လာရခြင်းအပေါ် တော်တော်လေး အားနာမိသည်။

"ငါ နေ့သိပ်မကောင်းချင်လို့ ဒီည စားဖို့အစီအစဉ်မရှိတော့
ဘူး"

ခုမှပင် စို့မျက်နှာကို သေချာဂရုစိုက်မိသည်။

"ဟင် နင်နေမကောင်းဘူး ဟုတ်လား။ ဟုတ်ပါရဲ့ နင့်မျက်နှာ
ရနေသလိုပဲ ပြစမ်း ကိုယ်များပူနေသလား"

စို့နဖူးကို စမ်းကြည့်လိုက်သည်။ ပူရှိန်းနေသော အထိအတွေ့
ကြောင့် သဏ္ဍာန် စိတ်ပူသွားသည်။

"ဟာ ကိုယ်တွေပူနေတာပဲ၊ အဲဒါကို နင် ဆေးခန်းမသွားဘူး



www.burmeseclassic.com

www.burmeseclassic.com



လား စိုရယ်''

''ဒီအချိန်ကြီးမှတော့ မသွားချင်တော့ပါဘူး ဆေးသောက်လိုက်

ရင် မနက်သက်သာသွားမှာပါဟာ''

''ဒါနဲ့ဟိုကောင်ရော ပြန်မလာသေးဘူးလား''

နာရီကို လှမ်းကြည့်ပြီး မေးလိုက်သည်။ ညဆယ်နာရီပင်ကျော်

နေပြီ။ ဒီကောင် ဘယ်သွားနေလဲ။

''သူ့မိတ်ဆွေတွေနဲ့ ရာဘာခြံဝယ်ဖို့ဆိုလား မသိပါဘူး အဲ

သွားကြည့်ကြတယ်၊ နှစ်ရက်သုံးရက်လောက်တော့ ပြန်မလာဘူးတဲ့''

''ဟာ ဒီကောင် ငါ့လည်း ဘာမှမပြောဘူး၊ ဒီလောက် ဆေ

မကောင်းဖြစ်နေတာကို သူမှီသွားရက်တယ်''

စိုနှင့်ကျော်ဒင်ခ ဘာမှမပတ်သက်ကြသေးဘူးဆိုတာ သိသိကြ

နှင့် ကျော်ဒင်ခကို တမင်ပင် အပြစ်တင်လိုက်သည်။

''ကျွတ် သူနဲ့ငါနဲ့ ဘာမှမဆိုင်တာကို သွားပြီးအပြစ်မတင်စ

ပါနဲ့ သဏ္ဍာန်ရယ်''

''ဟင် နင်နဲ့ဘာမှမဆိုင်ဘူးဆိုတော့ ရန်ဖြစ်ထားကြလို့လာ

လင်မယားပဲဟာ စိတ်ကောက်ကြလည်း ခဏပေါ့''

လျှာကြောရှည်ရန်ကောဟူသောအကြည့်ဖြင့် သဏ္ဍာန့်ကို ကြည

လိုက်ပြီး

''ကဲ ဒီမှာ သဏ္ဍာန် နင် သူ့အကြောင်းပြောဖို့လာတာလား





ဗိုက်ဆာလို့ လာတာလား''

ငွတ်ဆတ်ဆတ်ဖြင့် မေးလာသော စို့အမေးကြောင့် သဏ္ဍာန်

ဟက်ခနဲ ရယ်ကာ

''ငါက နင့်ကိုစိတ်ပူလို့ပါဟာ ကဲ နင့်အခန်းမှာသွားနားနေ၊

ငါ့ဟာငါ ထမင်းစားခန်းထဲ ဝင်မွှေပြီး စားမယ် ဟုတ်ပြီလား''

''ဒါဆိုလည်း ပြီးရော''

ခေါင်းထဲမှာ မူးနောက်မူးနောက်ဖြစ်နေသော စိုဟာ သဏ္ဍာန့်

ကို ဒီထက်ပိုပြီး ညှော်တောက်မခံနိုင်တော့။ အိပ်ရာမှာ လှဲဖို့ လေးလံသော

ခြေလှမ်းတို့ဖြင့် အခန်းထဲဝင်လာလိုက်သည်။

■ ■ ■

စားသောက်ပြီးသည်နှင့် အခန်းပြန်ရန် စို့ကိုနှုတ်ဆက်ဖို့ စို့

အခန်းဝရှေ့မှာ ရပ်လိုက်သည်။

''စို နင်အိပ်ပြီလား ငါ စားလို့ပြီးသွားပြီနော်၊ နင့်ရဲ့ဒင်းဆမ်း

တွေ ငါစားကောင်းကောင်းနဲ့ အကုန်စားပစ်လိုက်ပြီ သိလား စို''

သဏ္ဍာန်ကသာ အခန်းရှေ့မှာ တတွတ်တွတ်ပြောနေတာ စို့

ထံမှ ဘာသံမှ ထွက်မလာ၍ တံခါးချပ်မှာ နားကို အသာကပ်ပြီး စွင့်လိုက်

သည်။ ညည်းသံ ခပ်သဲ့သဲ့ ထွက်လာသည်။

''ဟင် စို အဖျားတွေ တက်နေပြီထင်တယ်''

အခန်းတံခါးကို ဆွဲလှည့်ဖွင့်သည် ဖွင့်၍မရ။ အထဲမှ လော့ခ်



www.burmeseclassic.com

www.burmeseclassic.com



ချထားသည်။

"ဟာ တံခါးက လော့ခ်ချထားသေးတယ်ပဲဟ အရေးထဲ"

စိုးအတွက် သဏ္ဍာန် စိတ်ပူသွားသည်။ စိုက ငယ်စဉ်ကတည်းက အလွန်ကျန်းမာသည်။ တော်ရုံနေမကောင်း မဖြစ်။ ဖြစ်လျှင်လည်း လူမှန်းသူမှန်းမသိအောင် အဖျားကြီးပြီး သတိတွေ ဘာတွေလစ်တတ်သည်။

ညည်းသံက ထွက်ပေါ်နေဆဲမို့ သဏ္ဍာန် အခန်းရှေ့မှာ ခေါက်တံ့ခေါက်ပြန်လျှောက်ပြီး အထဲဝင်ရန် အကြံထုတ်နေသည်။ အကြံကတော့ ထွက်ပြီး ဝင်သင့် မဝင်သင့်ပဲ ချင့်ချိန်နေရတော့မည်။

"စို နင်တော်တော် နေမကောင်းဖြစ်နေလား ငါ အခန်းထဲဝင်ပြီး နင့်ကိုဆေးတိုက်မယ်နော်"

ဝတ္ထုရားအရ ခွင့်တောင်းပြီးသည်နှင့် ကိုယ့်အိမ်ပြန်ကာ ကျော်ဒင်ခဆီမှ ယူထားသော သော့တွဲကိုယူလာပြီး စိုအခန်းတံခါးကို ဖွင့်လိုက်သည်။

အိပ်ရာထက်တွင် ခွေခွေလေးလှဲနေသည့် စိုကိုကြည့်ပြီး သဏ္ဍာန် စိတ်မကောင်းဖြစ်သွားသည်။ စိုနားကို တိုးကပ်သွားပြီး ခပ်တိုးတိုးခေါ်လိုက်သည်။

"စို နင်တော်တော် နေမကောင်းဖြစ်နေလား၊ ငါတို့ ဆေးရုံသွားကြရအောင်နော်"





စို မျက်ခွံတွေလေးလံနေပြီ။ သဏ္ဍာန်ပြောတာကို ကြားရပေမယ့် စို ခေါင်းပဲခါနိုင်သည်။ စိုကိုကြည့်ပြီး သဏ္ဍာန် သနားရှုမဆုံးတော့။ ယခင်က စိုနှင့်ရန်ဖြစ်ခဲ့ကြ ပြိုင်ခဲ့ဆိုင်ခဲ့ကြသည့်အချိန်တွေကို ပြန်တွေးပြီး ကိုယ်မှားသလိုလိုကို ခံစားလာရသည်။

သဏ္ဍာန်တွေဝေမနေတော့ဘဲ ထမင်းစားခန်းထဲဝင်ပြီး ရေခဲရေကို ဇလုံထဲထည့်ကာ စိုအခန်းထဲ ပြန်ဝင်လာခဲ့သည်။ အရင်ဆုံးလုပ်ရမည်က စိုကို ရေပတ်ဝတ်တင်ရမည်။ ဒါမှ စိုအဖျားသက်သာသွားမည်။

"စို ရေပတ်ဝတ်တင်မယ်နော်"

စို နဖူးပေါ်ကို ရေပတ်ဝတ်ခေါက်ကလေးကို စိတ်ရှည်လက်ရှည် တင်ပေးနေသည်။ အဖျားအရှိန်ကြီးနေ၍ စိုနှုတ်ခမ်းသားတွေ ရဲတွတ်ကာ အပူငွေ့က သဏ္ဍာန့်လက်ကိုပါ လာ၍ဟပ်သည်။ ခုချိန်မှ ဆရာဝန်ပင့်လျှင်လည်း အဆင်မပြေ။ ညဆယ့်တစ်နာရီပင်ကျော်နေပြီ။

စိုကို ဆေးတိုက်မှဖြစ်တော့မည်မို့ ဆေးသေတ္တာထဲမှ ဆေးတွေကိုမွှေနှောက်ရှာဖွေလိုက်သည်။ အဖျားပျောက်ဆေးနှင့်တူတာ ဘာမှမရှိ။

"ဟာကွာ ပါရာစီတမောလ်လေးတောင် မဆောင်ထားဘူး၊ ဒါနဲ့များ ဆေးသောက်ပြီးပြီတဲ့ ဟင် ဒါက ပါရာစီတမောလ်ဒုံးကျည်ပဲ အဲ ခက်ပြီ ဒါထည့်လိုက်ရင်တော့ အဖျားချက်ချင်းကျသွားနိုင်တယ်"

ခက်တာက ဒီပါရာစီတမောလ်တော်တော်က သောက်ရသော ဆေးမဟုတ်။ ကိုယ်အဖျားကြီးတိုင်း မေမေက ကိုယ့်စအိုဝထဲကို ထည့်ပေးနေ



www.burmeseclassic.com

www.burmeseclassic.com



ကျ ဒုံးကျည်ဟု အရပ်ခေါ်သောဆေးတောင့် ဒီဆေးတောင့်ကို စို့ခနွာ ကိုယ်ထဲ ထည့်ပေးဖို့ကို တွန့်ဆုတ်မိတာတော့ အမှန်ပင်။

"ကျွတ် ကွိုင်ပဲ ဒီဆေးတောင့် ဘယ်လိုထည့်ရပါ့မလဲ"

ဆေးတောင့်ကို ကိုင်ပြီး ချီတုံချတုံဖြစ်နေသည်။ မထည့်ပြန် လျှင်လည်း အဖျားက လုံးဝကျမှာမဟုတ်။ ဒီတော့ ဆေးပညာရှုထောင့် ကနေသာကြည့်ပြီး စို ရောဂါပျောက်ဖို့သာ အဓိကဟု စိတ်ကို ဒုံးဒုံးချ လိုက်တော့သည်။

■ ■ ■



## အခန်း (၁၉)

ညက အဖျားအရှိန်ကြောင့် စို့တစ်ကိုယ်လုံး လေးလံကိုက်ခဲ နေပြီး လူက အိပ်ရာထဲမှ လေးပင်စွာ ထလိုက်သည်။ နာရီကိုကြည့်လိုက် တော့ နံနက်ရှစ်နာရီပင်ထိုးနေပြီ။

"ဟင် ညက ငါဝတ်အိပ်တာ ဒီအင်္ကျီမဟုတ်ပါဘူး"

ကိုယ်ပေါ်မှ ဝတ်ထားသော ညဝတ်အင်္ကျီနှင့်ဘောင်းဘီကိုကြည့် ပြီး စို တွေဝေသွားသည်။ အကြည့်တွေက အခန်းကိုဝေ့ဝဲလိုက်သည်။ အခန်းထောင့်ရှိ လျှော်တောင်းထဲတွင် ညက စို့ဝတ်ခဲ့သည့် ဂါဝန်ကို ခရိုပရဲထည့်ထားသည်။

"ဘုရားရေ ဒီဝတ်စုံကို ဘယ်သူလဲပေးတာလဲ၊ ငါ ကိုယ်တိုင် အဖျားတွေတအားကြီးပြီး ထလဲတာလား"

တစ်ယောက်ထဲ တွေးသည် အဖြေက ထွက်မလာ။ ကျော်ဒင်မ



www.burmeseclassic.com

www.burmeseclassic.com



များ ညက ပြန်လာသလား။

အတွေးနှင့်အတူ ကျော်ဒင်ခ အခန်းဆီသို့ ထွက်ခဲ့လိုက်သည်။ ကျော်ဒင်ခ ရှိမနေ။ စို တော်တော်လေး စဉ်းစားရကျပ်နေသည်။

"မဟုတ်သေးဘူး ငါ ညက အဖျားတော်တော်ကြီးနေတာ၊ အိပ်ရာထဲက ဘယ်လိုမှ မထနိုင်တာ သေချာတယ်၊ အခု မနက် အဖျား မကြီးတော့ဘူး ဟင် ဒါ ဒါဆို သဏ္ဍာန် သဏ္ဍာန်ညက ဘယ်အချိန် ပြန်သွားလဲ"

ရင်ထဲမှာ ဒိတ်ခနဲ လန့်သွားသည်။ မဟုတ်မှလွဲရော ညက သဏ္ဍာန်များလဲပေးသွားတာလား ဟူသောအတွေး သံသယက လူကို တော်တော်လေး စိတ်ကသိကအောက် ဖြစ်စေသည်။

အခန်းဆီပြန်လာပြီး ဖုန်းယူကာ သဏ္ဍာန့်ဆီကို ဖုန်းခေါ်လိုက်သည်။ ဖုန်းကိုတော်တော်နှင့်မကိုင်။ စိုကလည်း လက်မလျှော့။ အကြိမ်ကြိမ်ခေါ်သည်။ သုံးလေးကြိမ်ဆင့်ခေါ်မှ အိပ်ချင်မူးတူးအသံဖြင့် ဖုန်းထူးသည်။

"ဟဲလို"

"သဏ္ဍာန် နင် ညက ငါ့အိမ်ကနေ ဘယ်အချိန်ပြန်လဲ"

စိတ်လောနေသော အသံဖြင့်မေးသဖြင့် သဏ္ဍာန် မျက်လုံးတွေ ကိုပွတ်သပ်ရင်း တစ်ချက်သမ်းဝေကာ

"ငါလည်း နင့်အိမ်ကပြန်လာတော့ နာရီမကြည့်မိဘူး၊ ဘာဖြစ်





လို့လဲ ဘာပစ္စည်းပျောက်သွားလို့လဲ"

အိပ်ချင်မူးတူးဖြင့်မေးနေသော သဏ္ဍာန့်အမေးက လိုရင်းကို ရောက်မည်မဟုတ်။

"ဘာပစ္စည်းမှ မပျောက်ပါဘူး၊ ညက ကျော်ဒင်ခ ပြန်လာ သလား"

"မလာပါဘူး ငါပြန်သွားရင်တော့ မပြောတတ်ဘူး၊ ဒြော် ဒါနဲ့ နင် နေကောင်းသွားပြီလား အဖျားတက်နေသေးလား"

ထိုအမေးကြောင့် စို မျက်ဝန်းအစုံ ပြူးကျယ်ဝိုင်းစက်သွား တာ

"နင် နင်ညက ငါ့အခန်းထဲ ဝင်လာသေးလား"

ထိုမေးခွန်းကြောင့် အိပ်ချင်စိတ်မပြေသော သဏ္ဍာန့်မျက်လုံး အလိုလို အိပ်ချင်စိတ်ပြေကာ လန့်သွားပြီး

"ဟုတ် ဟုတ်တယ်လေ ဘာဖြစ်လို့လဲ အဲ ငါ ငါ့ကိုအထင်မလွဲ နဲ့"

အထစ်ထစ်အငေါ့ငေါ့ ဖြေရှင်းပြနေသော သဏ္ဍာန့်လေယူလေ သိမ်းကြောင့် ကိုယ်ပေါ်က အဝတ်အစားအဖြေက သဏ္ဍာန် ဆိုတာ စို သိလိုက်သည်။

"ညက ငါ အဖျားကြီးနေတုန်း နင် ငါ့ကို အဝတ်တွေချွတ် ပြီး ဘာလုပ်သေးလဲ သဏ္ဍာန်"



www.burmeseclassic.com

www.burmeseclassic.com



ထိုမေးခွန်းက သဏ္ဍာန့်စေတနာနှင့် စိုးရိမ်ပူပန်စိတ်ကို ခါးလည်ကနေ ပိုင်းဖြတ်လိုက်သလိုပင်။ သဏ္ဍာန် ဒေါသထွက်သွားသည်။

"စို နင်စကားကို ဆင်ခြင်ပြောစမ်းပါဟာ ငါ့မှာတော့ ညက နင်လူမှန်းမသိအောင် အဖျားတွေကြီးနေလို့ စိတ်ပူလိုက်ရတာ၊ ခြေမကိုင်မိ လက်မကိုင်မိနဲ့၊ ငါ့အဖြစ်ကို နင်မှ မမြင်ဘဲ၊ အယ် ဟဲလို စို ငါပြောနေတာကို ကြားလား ဟဲလို ဟဲလို"

သဏ္ဍာန့်ကို ဘာစကားမှ ဆက်မပြောနိုင်လောက်အောင် နွမ်းလျချိနဲ့နေသော ခန္ဓာကိုယ်ကို အရုပ်ကြိုးပြတ် ထိုင်ချစေလိုက်သည်။

ရှက်လိုက်တာ သဏ္ဍာန်ကို စို ဘယ်လိုမျက်နှာပြရမလဲ။

■ ■ ■

"စို စိုရေ"

လူခေါ်ဘဲလ်ကို အဆက်မပြတ်တီးသည်။ စို တံခါး လာမဖွင့်။ ညက အဖျားတွေတအားကြီးထားပြီး ဒီမနက် ဘာမှမစားလျှင် အဖျားက ပိုပြီးကြီးသွားနိုင်သည်။

"တင်းတောင် တင်းတောင်"

လူခေါ်ဘဲလ်ကို မဖွင့်မချင်း နှိပ်နေလိုက်သည်။ နောက်ဆုံး တံခါးပွင့်လာသည်။

"ဘာဖြစ်လို့ ဘဲလ်ကို အဆက်မပြတ်တီးနေတာလဲ"

မျက်နှာလေးချောင်ကျသွားသော စိုဟာ သဏ္ဍာန့်ကိုတော့





ရန်တွေ့နိုင်သေးသည်။

"နင် ညကလို အဖျားတအားကြီးနေမှာစိုးလို့ပေါ့ဟ၊ ဒီမှာ ဆန်ပြုတ်နဲ့ အိုဗာတင်းဝယ်လာတယ်၊ ဒါက ငှက်သိုက်"

လက်ထဲမှာကိုင်လာသော ဆန်ပြုတ်ဘူးနှင့် အိုဗာတင်းပုလင်းကို ကိုင်မြှောက်ပြသည်။

သူပြောသလို စို အာဟာရတစ်ခုခုဖြည့်တင်းမှရမည်ဆိုတာ စို သိပါသည်။ သို့သော် ရှက်စိတ်ကြောင့် သူ့ကို ဘုက်တိုက်ပြောချင်နေတာပဲသိသည်။

"ဘာမှမစားချင်ဘူး နင်လည်း မလာနဲ့ သွား၊ ခုထွက်သွား"

"အံမယ် ကျေးဇူးရှင်ကို လောလောလတ်လတ် စော်ကားတယ် ဟုတ်လား၊ ငါသာမရှိရင် နင်ညက ကယောင်ကတမ်းနဲ့ပြောပြီး သေမင်းကို လှမ်းနှုတ်ဆက်နေတာ ဟွန်း"

"ငါ သေသွားတော့လည်း အေးတာပဲ"

သဏ္ဍာန် ထမင်းစားခန်းထဲ ဝင်သွားရင်း ပြောသည်။ စိုက လည်း နောက်က တကောက်ကောက်လိုက်ပြီး ပြောသည်။

"နင့်အသက်ကို နင် မနှမြောပေမယ့် ငါကတော့ နှမြောတယ် ဟေ့၊ နင်သေရင် ငါ တယ်သူ့ကိုသွားပြိုင်ရမလဲ ဘယ်သူ့ကို သွားကြွားရမလဲ"

ရှက်စိတ်တွေ ပြေလိုပြေငြား စို့ကိုရန်စကားတွေပဲ အပြိုင်ပိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြောနေမိသည်။ ဘူးထဲမှ ဆန်ပြုတ်တွေကို ပန်းကန်လုံးထဲပြောင်းလောင်းထည့်ပြီး တထောင်းထောင်းထနေသော အငွေ့တွေကို တဖူးဖူးမှုတ်လိုက်သည်။

"နင့်ကို ပြုံင်ဖို့လည်း ဆန္ဒမရှိတော့ဘူး၊ နင်ကြွားတာကိုလည်း ငါ နားထောင်မနေနိုင်တော့ဘူး ဘာမှလာမပြောနဲ့"

"အေးပါ မပြောစေချင်ရင် ဟောဒီဆန်ပြုတ်သောက်လိုက်၊ နောက်ဘယ်တော့မှ မကြွားတော့ဘူး ယုံလိုက်"

"မသောက်ဘူး"

"အံမယ် အံမယ် နေမကောင်းတဲ့သူက အဲလိုမျိုးတော့ ရန်တွေ့ပြီး ငါ့ကို ကလန်ကဆန် ပြန်လုပ်နိုင်တယ်ပေါ့ ရော့ မသောက်လို့မရဘူး သောက်ရမယ် ငါ ဆရာဝန်ကို ဖုန်းဆက်ခေါ်ထားတယ်"

"နင့်ကို ဘယ်သူခေါ်နိုင်လဲ၊ ခေါ်စရာမလိုဘူး ဘာဆေးမှမကုဘူး"

စို ရက်စိတ်တွေ မပြေသေး။

"မကုလို့မရဘူး နင်ညကတည်းက ဒုံးကျည်ထည့်ထားတာပဲ ရှိတယ်၊ ဘာဆေးမှသောက်မထားဘူး"

စို့ မျက်ဝန်းတွေ ဝိုင်းစက်သွားကာ

"ဘာ ဒုံး ဒုံးကျည်ထည့်တယ် ဟုတ်လား"

"အေးလေ ညက နင့်မှာ ဘာဆေးမှမရှိတာ ဆေးသေတ္တာထဲ





... အဲဒါပဲတွေ့လို့ အဲဒါပဲ ထည့်ပေးလိုက်တာပေါ့"

စို ဒီထက်ပိုပြီး သဏ္ဍာန်ကို မျက်နှာချင်းမဆိုင်ရဲတော့၍ အခန်း...ကို လှစ်ခနဲ ပြေးထွက်ခဲ့သည်။ အခန်းတံခါးကို ဂျိန်းခနဲ ပိတ်ပစ်လိုက်...သည်။

သဏ္ဍာန် တဟားဟား အော်ရယ်သံကို ကြားလိုက်ရသည်။ သူက ရယ်နေနိုင်ပေမယ့် စို့မှာတော့ ရှက်လိုက်တာ သေမတတ်...။

■ ■ ■

စို စိတ်တွေ ရှုပ်ထွေးနောက်ကျိကာ ခေါင်းတစ်ခုလုံး အုံနေ...အောင် ကိုက်ခဲနေသည်။ ဖျတ်ခနဲ ပွင့်လာသော တံခါးကြောင့် စို စိတ်...က်သွားကာ မျက်နှာကို တစ်ဖက်သို့လှည့်လိုက်သည်။ ပြီးမှ တစ်စုံတစ်ခု... သတိထားမိဟန်ဖြင့်

"ဟင် နင်.ဘယ်သော့နဲ့ဖွင့်ပြီး ဝင်လာတာလဲ၊ ငါ အခန်းတံခါး...သော့ခ်ချထားတာလေ"

"ငါ ကော်ဒင်ခဆီက ယူထားတာ"

တိုတိုတုတ်တုတ်သာ ရှင်းပြပြီး ဆန်ပြုတ်ပန်းကန်ကိုင်ကာ ...နားသို့ လျှောက်လာသည်။

"ရော့ ဒါသောက်လိုက်"

"မသောက်ချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မသောက်ရင် ငါ အတင်းချုပ်တိုက်မှာနော် နင် ငါ့အကြော
သိပါတယ်"

သဏ္ဍာန် စို့ဘေးမှာ ဝင်ထိုင်လိုက်သည်။ သဏ္ဍာန့်မျက်နှာ
မချိုမချဉ် ပုံစံဖြစ်နေသည်။

"ရော့ ငါကိုယ်တိုင် ခွံ့မယ် ပါးစပ်ဟ"

"မသောက်ဘူးလို့ ပြောနေတယ်နော်"

"ဒါဆိုရင် ငါ ချုပ်တိုက်ရမလား ဒါမှမဟုတ် ငါ့ပါးစပ်ထဲထ
ပြီး နှုတ်ခမ်းချင်းတေ့ပြီး တိုက်ရမလား"

"ဘာ နင်ဘာစကားပြောတာလဲ သဏ္ဍာန်"

"နင်နားမလည်ဘူးထင်တယ်၊ ငါ ထပ်ပြောပြရမှာလား

"တော် မပြောနဲ့တော့"

စိုနှင့်သဏ္ဍာန် မျက်နှာချင်းထိစပ်လုမတတ် နီးကပ်သွားသည
နှစ်ယောက်သား အကြည့်ချင်းဆုံသွားကြသည်။ သဏ္ဍာန် စို့ကိုကြည်

"စို နင့်ကိုငါ ချစ်နေပြီဟ"

"နင် နင်လူယုတ်မာပဲ ညက ဒုံးကျည်ထည့်ပြီး ငါ့ကိုယ်ပေ
အဝတ်အစားတွေလဲပေးလိုက်တာနဲ့ နင့်စိတ်တွေ ပြောင်းလဲသွားပြီ
ဟုတ်လား"

စို ဒေါသထွက်ကာ မညှာမတာ ပြောချလိုက်သည်။

"ဟာ မ မဟုတ်ဘူး အဲဒါကြောင့်မဟုတ်ဘူး၊ တ တကယ်





နင့်ကိုချစ်မိသွားတာ ကြာပြီ စိုရ"

"သွားစမ်းပါဟာ ပါးစပ်ထဲတွေ့ကရာစကားတွေနဲ့ ငါ့ကို လာ
...မနေနဲ့ နင်ပြောတော့ နင့်ဘဝမှာအချစ်ဆိုတာ မလိုအပ်ဘူးဆို၊
...ချစ်ဆိုတာ ဘာမှတန်ဖိုးမရှိဘူးဆို၊ ဒါနဲ့များ ငါ့ကိုချစ်တယ်ဆိုပြီး
...န်မရာ ပြောထွက်သေးတယ် ရှုံ့ဖို့ကောင်းလိုက်တာ"

တစ်ချိန်ကပြောခဲ့မိတဲ့စကားနဲ့ ကိုယ့်ရင်ဝကို ပြန်ထိုးစိုက်နေ
...သာ စို့ကိုကြည့်ပြီး သဏ္ဍာန် နောင်တရမိသည်။ မချစ်တတ်သေးတဲ့
...ချိန်က ပြောခဲ့မိသည့်စကားတွေက ချစ်တတ်သွားတဲ့စကားတွေရဲ့
...န်ဖိုးကို ဖြိုချခံခဲ့ရသည့်အတွက် ကိုယ့်စကားတွေဟာ စို့အတွက်တော့
...လေကချေတစ်ယောက် ပြောသည့်စကားတွေလို တန်ဖိုးမထားတာ
...တော့မဆန်း။

"နင် ကြိုက်သလိုသာ ပြောတော့ စို၊ ဒီထက်မက ဒေါသ
...ာ်လာရင် နင် ငါ့ပါးကိုသာ စိတ်ရှိလက်ရှိ ရိုက်လိုက်ပါ ငါ မနာမကျင်နဲ့
...မယ်၊ ဒါပေမဲ့ ငါ့ရင်ထဲက အစစ်အမှန်စကားတွေကိုတော့ နင် ကျေးဇူး
...း ယုံပေးပါ"

မျက်နှာကို တစ်ဖက်လွှဲပြီး စို မဲ့လိုက်သည်။

"နေပါဦး နင်က ဘယ်လိုလူစားလဲ နင့်မှာ ကျော်နှင်းဆီတစ်
...ာက်လုံး ရှိနေလျက်သားနဲ့ ငါ့ကို ဒီစကားတွေ ဘာလို့ လာပြောနေတာ
... ငါ့ရုပ်က မယားငယ်ရုပ်ပေါက်နေလို့လား မိုးမင်းသဏ္ဍာန် နင်ဟာလေ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို သိပ်ပြီးလျှော့တွက်တာပဲ''

ဒေါသဖြစ်လွန်း၍ ဝေဒနာတွေတောင် ဘယ်လို လွင့်စင်ကုန် လဲ မသိတော့။

''အဲဒါက နင့်အထင်ကိုး စိုရ၊ တကယ်ဆိုရင်လေ ငါနဲ့ကျော် နှင်းဆီဟာ မင်္ဂလာဦးညကတည်းက ခုချိန်ထိ လင်မယားအဖြစ် ပေါင်း သင်းခြင်းမရှိသေးဘူး''

စိုးအကြည့်တွေ သဏ္ဍာန့်ဆီသို့ ဖြတ်ခနဲ ရောက်လာသည်

''အဲဒါ ငါနဲ့ဘာဆိုင်လဲ''

''ဆိုင်တာပေါ့ ငါ့မိဘပေးစားလို့သာ ကျော့်ကို လက်ထပ်လိုက် ရပေမယ့် ငါ့ဘဝနဲ့သူ့ဘဝကို သွေးသားချင်းပေါင်းစပ်ဖို့ဆန္ဒ ဘယ်လို မွေးလို့မရဘူး၊ ဒါကြောင့် နင်နဲ့ကျော်ခင်ခကိုပါ ငါ့လိုဖြစ်အောင် ဖန် လိုက်တာပဲ''

ယုံကြည်လာစေရန် ပြောပြလာသောစကားတွေက စိုးအတွေး အံ့သြပြီးရင်း အံ့သြရသည်။ သူ့ရင်ထဲမှာ စိုးနှင့်ပတ်သက်ပြီး အချစ် တဖွားဖွားပေါက်ဖွားလာသည်ဆိုသည့်သဘောလား။ သို့သော် ခုချိန် ဒါတွေလာရှုတ်ပြနေတော့ရော စိုက ဘာလုပ်ရမှာလဲ။ စိုးအတွက် အသ မဝင်ပါ။

''ဒါဆို ကျော်ခင်ခက တကယ့်ဂေးလ် မဟုတ်ဘူးပေါ့''

''ဂေးလ်စိတ်နည်းနည်း ဝင်ချင်ပေမယ့် ခုချိန်ထိ သူ ဘယ်





မှ မငြိသေးပါဘူး''

သဏ္ဍာန် လှည့်ကွက်တွေဆိုတာ သိလိုက်ရသည်နှင့် ကျော်ခင်ခ အပေါ် အထင်လွဲခဲ့တာတွေကို စို အားနာမိသည်။

''နင် တော်တော် အကျင့်မကောင်းတာပဲ၊ နင့်အိမ်ထောင်ရေး ကို အတည်မပြုချင်တာနဲ့ ငါ့အိမ်ထောင်ရေးကိုပါ နင် ဝင်နှောက်ထား တယ်ပေါ့ ဟုတ်လား''

''ငါ ဝင်နှောက်တာ မဟုတ်ဘူး၊ နင့်ကို ဆုံးရှုံးရမှာကြောက်လို့ နင် ကျော်ခင်ခနဲ့လက်ထပ်မယ်ဆိုတော့ ငါ့ရင်ထဲမှာ ဘယ်လောက်မနာလို ဖြစ်ခဲ့ရလဲ နင်သိလား၊ အဲဒါကြောင့် ငါတို့လက်ထပ်ကြမယ်လို့ နင့်ဆီက ခွင့်တောင်းတော့ နင် ငါ့ကိုငြင်းခဲ့တယ်လေ''

''နင်ကိုယ်တိုင် တန်ဖိုးမထားတဲ့အချစ်မပါဘဲနဲ့ ငါက နင့်လက် ထပ်ခွင့်ကို လက်ခံရအောင် ငါ ရူးနေလို့လား''

''အခု ငါ့ရင်ထဲက အချစ်တွေကို နင်သိအောင် ဖွင့်ထုတ်ပြနေ ပြီလေ၊ ဒါကြောင့် နင် ကျော်ခင်ခကို ကွာရှင်းလိုက်ပါတော့၊ ငါလည်း ကျော်နှင်းဆီကို ကွာလိုက်တော့မယ် ဒါဆို ငါတို့နှစ်ယောက် အပျို လူပျို ဘဝကို ပြန်ရောက်သွားပြီ''

''နင့်ကိုလက်ထပ်ဖို့ ငါက ကျော်ခင်ခကို ကွာရှင်းရမယ်တဲ့လား၊ သေတောင် လက်မထပ်ဘူး သဏ္ဍာန်၊ နင်ဟာလေ ငါ့ကို အရာရာကို လျှော့တွက်လွန်းအားကြီးတယ်''



www.burmeseclassic.com

www.burmeseclassic.com



"လျှော့တွက်တာမဟုတ်ဘူး စို၊ နင့်ကိုချစ်လို့ အဆုံးရှုံးမခံနိုင်လို့ ငါ ကြံမိကြံရာ ကြံလိုက်တာပဲ၊ ဒါဟာ ဖြစ်သင့်တာပဲမဟုတ်လား။ ငါ့ရဲ့ဘဝလက်တွဲဖော်ဟာ ကျော်နှင်းဆီမဟုတ်သလို နင့်ရဲ့လက်တွဲဖော်ဟာလည်း ကျော်ဒင်ခ မဟုတ်ဘူး၊ ဒါကို နင် သေချာစဉ်းစားပါ၊ ကပါလေ ငါ့စကားတွေ ဒီထက်အများကြီးပြောနေရင် နင့်ဒေါသကိုဆွပေးရုံပဲရှိတော့မယ်၊ မကြာခင် ငါတို့ရဲ့မိသားစုဆရာဝန် ဒေါက်တာကြည်ဖြူလာလိမ့်မယ်၊ ရော့ ဒီဆန်ပြုတ်ကိုသောက်ထား ငါသွားတော့မယ်"

ရင်ထဲမှာ အောင်းထားသမျှ ဖွင့်ဟခဲ့ပြီးပြီမို့ စို့ရှေ့မှာ ဒီထက်ပိုပြီး မနေသင့်တော့၍ စို့အိမ်ထဲမှ ထွက်ခဲ့လိုက်သည်။

■ ■ ■



## အခန်း (၂၀)

အိမ်တံခါးဘဲလ်သံကြောင့် စို စာဖတ်နေရင်းမှ တံခါး ထဖွင့်ပေးလိုက်သည်။

"ဩော် ရှင်ပြန်လာပြီပဲ ဖုန်းလည်း ကြိုမဆက်ဘူး"

ကျော်ဒင်ခကို တွေ့ရ၍ စို ခါတိုင်းလို တည်တည်တင်းတင်းဆက်ဆံတော့ဘဲ အပြုံးဖြင့် ဆီးကြိုလိုက်သည်။

"ကိုယ် ဖုန်းဆက်လည်း စို စိတ်ဝင်စားမှာမဟုတ်ဘူးထင်လို့ဆက်ဖြစ်တာပါ"

"ရှင် ထမင်းရောစားပြီးခဲ့ပြီလား"

"စားခဲ့ပြီးပြီ"

လက်ထဲမှ အထာချီကော့စ်ကိုလှမ်းယူနေသော စို့အပြုအမူတွေကြောင့် ကျော်ဒင်ခ အံ့သြနေတာတော့အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ခရီးပန်းလာတော့ နားလိုက်ဦးလေ၊ စို ညနေစာ စီစဉ်လိုက်ဦးမယ်"

ထူးခြားနေသော စို့အပြုအမူတွေကြောင့် ကျော်ဒင်ခ ရှေ့ နှုတ်ပိတ်ပြီး မနေနိုင်တော့။

"စို ကိုယ့်ကို စိတ်ဆိုးပြေသွားပြီလား"

ထိုအမေးကို စို အမှန်အတိုင်း မဖြေချင်ပါ။

"စို့ဘက်က မေးရမယ့် ဝတ္တရားရှိလို့ မေးတာပါ"

"ဪ ဒါဆိုရင်တော့ ကျေးဇူးပဲ"

ကျော်ဒင်ခ လှည့်ထွက်မည်အပြု

"ဒီမှာ နေဦး"

"ပြောလေ စို"

"ဒီညနေ စိုကို ဘုရားလိုက်ပို့ပေးပါလား၊ ဒီနေ့ စို မွေးနေ့ပါ"

"ဪ ဟုတ်လား၊ ကောင်းသားပဲ ကိုယ်လိုက်ပို့ပေးမယ်လေ ကိုယ်လည်း ဘုရားမရောက်ဖြစ်တာ ကြာပြီ"

"ဒါဆို ညနေ ခြောက်နာရီလောက်သွားမယ်၊ ကဲ ရှင် အနား လိုက်ပါဦး"

"အိုကေ စို"

ကျော်ဒင်ခ စို့အနားမှ လှည့်ထွက်သွားသည်။ စို ပြုံးလိုက်





သည်။ သူဟာ စို့ခင်ပွန်းဖြစ်နေမှတော့ မချစ်သေးပေမယ့်လည်း အထင်လွဲခဲ့မိတဲ့ ကိုယ့်အပြစ်ကိုတော့ ပြန်ပေးဆပ်ရဦးမှာပေါ့။

ထိုစဉ် တံခါးဘဲလ်မြည်လာပြန်သည်မို့ အတွေးတို့ကို ဘေးချိတ်ပြီး အိမ်တံခါးဖွင့်ပေးလိုက်သည်။

"ဟယ် ကျော့် ရှင်ခုတလော ပျောက်ချက်သားကောင်းနေပါလား"

"ငါ ခရီးထွက်နေလို့ စိုရဲ့ ဒီနေ့ပဲ ပြန်ရောက်တာလေ၊ ဒီနေ့ ရှင့်မွေးနေ့ဆိုတာ သတိရမိလို့ Birthday wish လာလုပ်ပေးတာ၊ ကိုယ့်သူငယ်ချင်းလေး ရာသက်ပန်ပျော်ရွှင်ပါစေ ဗျာ ကဲ မွေးနေ့ရှင် ဘာကျွေးမှာလဲ"

သတိတရနှင့် Birthday wish လာလုပ်ပေးသော ကျော်နှင်းဆီကို ညနေ ကျော်ဒင်ခနှင့် ဘုရားသွားမှာမို့ အပြန် ယူနန်မှာ လိုက်ကျွေးရန် စိတ်ကူးရသွားသည်။

"ညခုနစ်နာရီမှာ ငါတို့အတွဲနဲ့ ရှင်တို့အတွဲ ယူနန်မှာဆုံကြမယ်လေ"

"ရှင်တို့ ဘယ်သွားကြမလို့လဲ"

"ကျော်ဒင်ခနဲ့ ဘုရားသွားကြဦးမယ်လေ"

"ဪ ရှင်တို့က စုံတွဲခုတ်ကြမယ်ပေါ့လေ"

"ဝါသနာပါရင် လိုက်ခဲ့လို့ ရတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား အနှောင့်အယှက် မဖြစ်ဘူးဆိုရင် လိုက်ခဲ့မယ်လေ"

"ကောင်းသားပဲ လူများတော့ ပိုပျော်စရာကောင်းတာပေါ့"

နှစ်ယောက်ထဲ သွားရမှာထက်စာလျှင် ကျော်နှင်းဆီနှင့်သဏ္ဍာန် ပါလျှင် ပိုကောင်းသည်ဟု စို ထင်သည်။ သဏ္ဍာန်ရှေ့မှာ ကျော်ဒင်ခကို ဂရုစိုက်ပြလိုက်လျှင် စို့အပေါ် သဏ္ဍာန် စိတ်လျှော့သွားလောက်သည်။

■ ■ ■

"ရှင် ညနေအားလား သဏ္ဍာန်"

"ဘာလုပ်ဖို့လဲ"

"ညနေ ဘုရားသွားမလို့ ရှင်ပါလိုက်ခဲ့မှရမယ်"

"ဟာ ကိုယ်မအားဘူး"

"ရတယ်လေ မအားလည်းနေပေါ့၊ စို့ကို ပြောပြလိုက်မယ်"

စို့နာမည်ပါလာ၍ သဏ္ဍာန် မျက်ခုံးနှစ်ဖက်မြင့်တက်သွားကာ

"စိုနဲ့သွားကြမလို့လား"

"ဟုတ်တယ် ဒီနေ့ စို့မွေးနေ့ သူတို့အတွဲ ဘုရားတက်ကြမယ်၊ အပြန် ယူနန်မှာစားကြဖို့ ပြောထားလို့ ရှင့်ကိုပါ ခေါ်တာ၊ မအားရင်တော့ ကျွန်မတစ်ယောက်ထဲ လိုက်သွားမယ်"

စိုနှင့်ကျော်ဒင်ခ ဘုရားအတူဖူးကြမည်ဆိုတော့ သဏ္ဍာန်စိတ်ထဲ ပူပင်သောကတို့ ရှုံ့နှိုးခနဲ တိုးဝင်လာသည်။ ကျော်ဒင်ခ ဂေးလ်မဟုတ်





ဘူးဆိုတာ သိလိုက်ရ၍ စို့စိတ်တွေ ကျော်ဒင်ခဆီကို ယိုင်များသွားပြီလား၊ အဲဒီလိုတော့ အဖြစ်မခံနိုင်။

"စို့ မွေးနေ့ဆိုတော့ မသွားလို့ရမလား ငါတို့က ငယ်သူငယ်ချင်းတွေ၊ မသွားရင် စိတ်ဆိုးမှာပေါ့၊ အရေးထဲ ညနေမှာချိန်းထားတဲ့အလုပ်ကိစ္စရှိသေးတယ်၊ မတတ်နိုင်ဘူး ဖုန်းဆက်ပြီး ရက်ရွှေ့လိုက်ရမှာပဲ"

သဏ္ဍာန် ဟန်လုပ်ပြီး ဖုန်းကောက်ကိုင်လိုက်သည်။

"ဟဲလို အေး ကိုယ်ပါ ဒီနေ့အလုပ်ကိစ္စစကားပြောဖို့ ချိန်းထားတာလေ အဲဒါ မနက်ဖြန်မှပဲ လာခဲ့တော့မယ်ကွာ"

အမှန်တော့ သဏ္ဍာန့်ဖုန်းက ဘယ်သူ့ကိုမှ ခေါ်မထား တမင်ဟန်လုပ်ပြီး တစ်ယောက်ထဲ ပြောနေခြင်း ဖြစ်သည်။

"အိုကေ အိုကေ ဒါဆို မနက်ဖြန်တော့ ကိုယ်တို့ ဆက်ဆက်တွေ့ကြမယ်နော်"

"ဟွန်း စောစောကတစ်မျိုး ခုကျတော့ တစ်မျိုး တတ်လည်း တတ်နိုင်တဲ့ ဆယ်နှစ်မျိုးဂျင်းသုတ်"

ကျော်နှင်းဆီ မကြားတကြား ပြောသည်။

"ကဲ လိုက်လို့ရသွားပြီနော် ခုပဲ ဖုန်းဆက်လိုက်တာ ကြားတဲ့အတိုင်းပဲ၊ သိပ်လိုက်ချင်လို့တော့ မဟုတ်ဘူး၊ စိမ်းလဲ့လဲ့စိုက သူ့ကို မွေးနေ့လက်ဆောင်ဝယ်ပေးရမှာကြောက်လို့ သူညွှန်ခံမယ့် ယူနန်ကို မလာဖူးလို့ ထင်မှာစိုးလို့ အလုပ်ကိစ္စကို ရက်ရွှေ့လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ဆီက ဘယ်သူမှ ဖြေရှင်းချက် တောင်းမနေဘူးလေ"

ကျော်နှင်းဆီ ခပ်ငေါ့ငေါ့ ပြောလိုက်သည်။

"မင်းသိသင့်တယ်ထင်လို့ ပြောပြတာပါ၊ နားမထောင်ချင်ရင် နားပိတ်ထားလိုက်ပေါ့"

ကျော်နှင်းဆီကို ဘုဆတ်ဆတ် ပြောပြီး အခန်းထဲ ဝင်ခဲ့လိုက်သည်။

■ ■ ■



## အခန်း (၂၁)

ညနေဆည်းဆာနှင့်အပြိုင် ငြိမ်းချမ်းအေးဆေးသော ရွှေတိဂုံ ပြင်ပေါ်သို့ လေးယောက်သား အတူတက်ခဲ့ကြသည်။

စိမ်းလဲ့လဲ့စိုရော ကျော်နှင်းဆီရော မြန်မာဝတ်စုံတို့ဝတ်ဆင်ကာ ပွိုင်အဆိုင်လှနေကြသည်။ ကျော်ဒင်ခနှင့်သဏ္ဍာန်လည်း စတစ်ကော် အဖြူနှင့် အောက်မှ ပိုးလုံချည်များကို သေသေသပ်သပ် ဝတ်ထား၍ သားရှုံးအောင် သန့်ပြန့်ကျော့ကော့နေကြသည်မှာ ဘုရားဖူးများပင် ယူရသည့် ကျက်သရေရှိသော စုံတွဲတွေအဖြစ် သိုးမွှမ်းခံကြရသည်။

အောင်မြေကိုရောက်တော့ စိုက်စပြီး ဘုရားကန်တော့ရန် ပဝါ ခုံးပေါ်တင်ပြီး ကျုံ့ကျုံ့လေးထိုင်ကန်တော့သည်။ ကျော်နှင်းဆီလည်း သားမှာ လိုက်ထိုင်လိုက်သည်မို့ သဏ္ဍာန်မှာ စို့ဘေးတွင်ကျော်ဒင်ခ



www.burmeseclassic.com

www.burmeseclassic.com



မထိုင်ခင် အရင်ဆုံး ဝင်ထိုင်လိုက်ပြီး ဘုရားကန်တော့လိုက်သည်။

ကျော်ဒင်ခ စို့ဘေးတွင် သဏ္ဍာန် ဝင်ထိုင်လိုက်၍ ကျော်နှင်းဆီ ဘေးမှာ ဝင်ထိုင်လိုက်သည်။

"စုံတွဲနှစ်တွဲ ထိုင်ပြီး ဘုရားကန်တော့တာ မျက်စိထဲအေးပြီး ကြည့်လို့ကောင်းလိုက်တာတော်"

"အတိတ်က ပါရမီကံထူးလို့ ဒီဘဝမှာ ရုပ်လှတဲ့သူအချင်းချင်း ဖူးစာဆုံတာပေါ့အေ"

တောကတက်လာဟန်ရှိသော ဘုရားဖူးအမျိုးသမီးကြီးတွေ ထဲမှာ တီးတိုးဝေဖန်သံကြောင့် သဏ္ဍာန် ဘုရားရှိခိုးနေရင်းမှ မသိမသာ ပြုံးလိုက်သည်။ လူတွေက ကျော်နှင်းဆီနှင့်ကျော်ဒင်ခကိုတစ်တွဲ စို့နှင့် သူ့ကိုတစ်တွဲဟု ထင်သွားပုံရသည်။ ထင်ကြပစေ ဒီလိုထင်အောင် တမင် ကို စို့ဘေးမှာ ဝင်ထိုင်လိုက်ခြင်းဖြစ်သည်။

"စို့ အင်္ဂါထောင့်မှာ ရေသပ္ပါယ်ဦးမှာလား"

"အင်းလေ သပ္ပါယ်တာပေါ့ ကျော်ရဲ့"

"ငါလည်း တနင်္လာထောင့်မှာ ရေသပ္ပါယ်မလို့"

"ကျော်ဒင်ခ မင်းရော ရေသပ္ပါယ်မှာလား"

သဏ္ဍာန့်အမေးကို ကျော်ဒင်ခ ဘုမသိဘမသိ ခေါင်းညိတ်ရ သည်။

"အေးလေ ဘုရားပေါ်ရောက်မှတော့ ကုသိုလ်ရအောင် သပ္ပါယ်ရမှာပေါ့"





"ဒါဆို ကျော်နှင်းဆီနဲ့မင်းက ထောင့်တူတယ်၊ အတူတူသွား လိုက်လေ"

သဏ္ဍာန် ကျော်ဒင်ခကို တမင်ပထုတ်လိုက်သည်။

"ဟုတ်သားပဲ ကျော်နှင်းဆီနဲ့ကျွန်တော်နဲ့ တနင်္လာထောင့်မှာ အတူတူရေသွားသပ္ပါယ်လိုက်မယ် လာ"

ကျော်ဒင်ခ နောက်သို့ ကျော်နှင်းဆီ ကြည်ကြည်ဖြူဖြူ လိုက် သွားရှာပါသည်။ စို့ကတော့ နင့်အကြံငါသိတယ်ဆိုသည့်အကြည့်နှင့် သဏ္ဍာန့်ကိုမျက်စောင်းလှည့်ထိုးသည်။

"စို့ လာလေ နင် ရေသပ္ပါယ်မှာမဟုတ်လား ငါအဖော်လိုက် ပေးမယ်"

"မလိုပါဘူး ငါ့ဟာငါသွားလည်း ရတယ်"

"အံမယ် သိပ်လည်းမူမနေပါနဲ့ စိမ်းလဲ့လဲ့စိုရယ် နေက သိပ် ကောင်းသေးတာမဟုတ်ဘူး၊ ရေတွေနဲ့ချော်နေတာ"

စို့လက်မောင်းကို တယုတယတွဲပြီး ရေသပ္ပါယ်ရာဂြိုဟ်တိုင်ရှိ ဘုရားဆီသို့ လျှောက်သွားလိုက်သည်။ စို့ ရုန်းချင်ပေမယ့် လူတွေရဲ့စိတ် ထင်တစား ဝေဖန်ကြည့်ခြင်းခံနေရ၍ မရုန်းနိုင်ဘဲ အသာပင်ငြိမ်နေလိုက်ရ သည်။

သဏ္ဍာန်ဟာ စို့လှုပ်ရှားမှုမှန်သမျှကို မျက်တောင်မခတ်တမ်း



www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်နေ၍ စို မနေတတ်အောင် ဖြစ်နေသည်။

"နှင်းဘာလို့ သရုပ်ပျက်တဲ့အလုပ်တွေ လုပ်နေတာလဲ သဏ္ဍာန် ငါနဲ့အတူ ငါ့ယောက်ျားပါလာတယ်ဆိုတာလည်း သတိထားပါဦး"

ခပ်ပြတ်ပြတ်ပင် ပြောလိုက်သည်။

"အဲဒါကို ငါ စိတ်မဝင်စားဘူး။ ငါ စိတ်ဝင်စားတာ နှင်း တစ်နေ့ထက်တစ်နေ့ တစိမ့်စိမ့်ချစ်လာတာကိုပဲ ဒီနေ့ နှင်းအရမ်းလှတယ် နှင့်အလှတွေကြောင့် လောကကြီးတစ်ခုလုံး မှိန်ဖျော့သွားသလိုတော ခံစားလိုက်ရတယ်"

"အပိုတွေလာပြောမနေနဲ့ သဏ္ဍာန် ဒီအချိန်မှာ ငါ့အလှ ဖောက်ပြန်တဲ့စိတ်နဲ့ ငမ်းငမ်းကြောထနေမယ့်အစား ကိုယ်နဲ့လက်ထပ်ထား ကိုယ့်မိန်းမကိုပဲ ဂရုစိုက်စမ်းပါ၊ ခုချိန်မှာ ငါက ကျော်ဒင်ခရဲ့မိန်းမ"

စို့စကားက သဏ္ဍာန်၏အရှိုက်ကို ထိုးလိုက်သည့်နှယ်။

"နှင်းထင်သလို လုံးဝဖြစ်မလာစေရဘူး စို့၊ ငါ ကျော်နှင်းဆီ ကွာရှင်းမှာ အဲလိုပဲ နှင့်ကိုလည်း ကျော်ဒင်ခက ကွာရှင်းပေးရမယ် ငါ့ဘဝရဲ့အဖြစ်ချင်ဆုံးဆန္ဒပဲ"

"လဲသေလိုက်ပါလား ကြာကူလီကောင်ရဲ့"

ပျစ်ပျစ်နှစ်နှစ် ဆဲလိုက်သောကြောင့် သဏ္ဍာန်အော်ရယ် ဖလားထဲမှရေကို လက်ဖြင့်တို့ကာ စို့မျက်နှာကို လက်ညှိုးနှင့်လက်မ ဖြတ်ခနဲ တောက်လိုက်သည်။ စို့မျက်နှာပေါ်မှာ ရေစက်ကြည်ကြည်





ထင်ကျန်သွားသည်။

"နှင်းနော် ဘုရားပေါ်မှာ ငါ စိတ်တိုလာပြီ"

"ဘုရားပေါ်မှာ ပိုးစိုးပက်စက် ပြောနေတာ နှင်းလေ၊ ငါမှ မဟုတ်တာ နှင်းကလေ ငါနဲ့အကြိမ်ကြိမ် ရန်ဖြစ်ဖူးပေမယ့် အဲဒီအချိန်တုန်းက ငါ နှင့်အလှကို လုံးဝ သတိမထားခဲ့မိဘူး၊ အဲဒီအတွက် ငါ့ကိုယ် ငါ ဒေါသဖြစ်လို့မဆုံးဘူး"

ကျော်ဒင်ခနဲ့ကျော်နှင်းဆီတို့ ရေသပ္ပါယ်ပြီး၍ အဂ္ဂါထောင့်ဘက်သို့ လျှောက်လာကြသည်ကို သဏ္ဍာန်တွေ့လိုက်ပေမယ့် မမှုဘဲပြောလက်စကိုခပ်အေးအေးပင် ဆက်ပြောနေလိုက်သည်။

ကျော်ဒင်ခ မပြီးသေးဘူးထင်၍ ခေါင်းလောင်းကြီးရှိရာ ဇရပ်ပေါ်တွင် ကျော်နှင်းဆီနှင့်အတူ ထိုင်စောင့်ရင်း စကားတွေပြောနေကြသည်။

သူတို့နှစ်ယောက် ဘာတွေပြောဆိုနေကြမလဲဆိုတာ သဏ္ဍာန် စိတ်မဝင်စား။ သဏ္ဍာန်စိတ်ဝင်စားတာ စို့နှင့်အတူရှိနေရသော အချိန်အလေးတွေကိုပါပဲ။

"တကယ်ပါ စို့ရယ် ငါ နှင့်ကို အရမ်းချစ်မိသွားတာပါ"

ဘယ်လောက်ပဲနာကျင်အောင် ပြောပြော စိတ်မဆိုးဘဲ သူ ပြောချင်ရာကိုသာ ဖွတ်ပြောနေသော သဏ္ဍာန့်ကို ရှုတ်ချသောအကြည့်ဖြင့်ကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"နင် ရှူးသွားပြီ သိလား"

စို ဖြိုးဟ်တိုင်နားမှထွက်လာကာ ဘုရားဝတ်ပြုလိုက်သည်။ သဏ္ဍာန်လည်း စို့နားမှာ ဝင်ထိုင်ပြီး ဘုရားလိုက်ပြီး ဝတ်ပြုသည်။

ဘယ်လောက်ငြိမ်းချမ်း အေးဆေးလိုက်တဲ့ ညနေခင်းလေးလဲ။ လောကကြီးထဲမှာ ဘယ်သူမှ မရှိရင်နေပါစေ အနားမှာ စိုရှိနေရင် သဏ္ဍာန့်အတွက် အရာရာငြိမ်းချမ်းပြည့်စုံပါပြီ။

စို့ကို အဲဒီလောက်ထိ ချစ်မိလာလိမ့်မယ်လို့ ဘယ်တုန်းက မတွေးခဲ့ဖူးပါဘူး။

■ ■ ■



## အခန်း (၂၂)

"မင်းနဲ့စိုနဲ့ အိုကေသွားကြပြီမို့လား ကျော်ဒင်ခ"

သဏ္ဍာန့်အမေးကြောင့် ကျော်ဒင်ခ မချိပြုး ပြုံးသည်။ သူ့ သက်ထဲမှ ဘီယာခွက်ကို နှုတ်ခမ်းမှာတေ့ပြီး တစ်ငုံအရင်မော့လိုက်သည်။ ကျော်ဒင်ခ ဘယ်လိုဖြေမလဲဆိုသည့် စိုးရိမ်စိတ်က သဏ္ဍာန့်ကို အသက်ပင်ဖြောင့်အောင်မရှူရဲ။

"ဟော့ကောင် မင်းဘာဖြစ်နေတာလဲ ငါပြောတာ ကြားလား"

"ကြားပါတယ်ကွာ မင်းအမေးကို ငါ ဘယ်လိုဖြေရမလဲ စဉ်းစားနေတာ"

"ဟာ ဖြေချင်သလိုဖြေကွာ အရေးထဲ မမှုးသေးဘဲ ရစ်နေတာယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



ကျော်ဒင်ခ လက်ထဲမှ ဘီယာခွက်ကို စားပွဲပေါ်တင်လိုက်ပြီး သဏ္ဍာန့်ကို တစ်ချက်အကဲခတ်သည်။

"ငါ့ကို စိုစိတ်ဆိုးပြေသွားပုံရတယ်၊ ခုတစ်လော လိုက်လိုက် လျောလျောဆက်ဆံတယ်"

"အဲ အဲဒါနဲ့ မင်းတို့ရဲ့မန္တလိုက်ရတဲ့ မင်္ဂလာဦးညကို အတိုးရော အရင်းပါပူးတွဲပြီး နွဲ့ နွဲ့လိုက်ပြီပေါ့"

လျှာခလုတ်တိုက်မတတ် မေးနေသော သဏ္ဍာန့်အမူအရာကို ရှိုးအသော ကျော်ဒင်ခ အကဲမခတ်တတ်။

"ဘယ်ကလာ နွဲ့ရမှာလည်းကွာ မနွဲ့ပါဘူး အဲလိုနွဲ့ဖို့ ငါ့ဘက်က ဖာတ်လမ်းကိုမစချင်တော့တာ"

"ဟင် ဘာဖြစ်လို့လဲ"

"ငါတကယ်ချစ်ရမယ့်သူ ငါ့ရင်ဘတ်ထဲကို ဝင်လာလို့ပေါ့"

ကျော်ဒင်ခ၏နှုတ်ထွက်စကားဟာ စိုနှင့်သူ့ကို ပို၍ နီးကပ် အောင် ဖန်တီးပေးနိုင်မည့် မင်္ဂလာစကားဖြစ်သည်။

"ဘာ မင်း နောက်တစ်ယောက်တွေ့နေပြီလို့ ပြောနေတာလား ငါရှင်းအောင် ပြောစမ်းပါကွာ"

"ငါ အွန်လိုင်းသုံးရင်းနဲ့ ချစ်သူရသွားတယ်"

"ဟင် တကယ်ကြီးလား"

"ဟုတ်တယ် သူနဲ့ငါ အမြဲ ချက်တင်ထိုင်ဖြစ်ကြတယ်၊ တစ်ရက်





ကလေးမှ မပျက်ကွက်အောင် ငါတို့လိုင်းပေါ်မှာ စကားတွေပြောဖြစ်ကြ တယ်"

"အဲဒီမိန်းမက စိမ်းလဲ့လဲ့စိုထက် သာပါ့မလားကွာ"

"အမှန်အတိုင်းပြောရရင် ငါတို့တစ်ယောက်နဲ့တစ်ယောက် မမြင်ဖူးကြဘူး၊ ဒါပေမဲ့ သူ ဘယ်လောက်ပဲ ရုပ်ဆိုးတယ်လို့ သူ့ကိုယ်သူ ပြောပြော သူ့ကိုငါ့ရင်ထဲမှာ စွဲလမ်းမိနေတယ်ကွာ၊ ဘယ်လောက်ထိ စွဲလမ်းမိသလဲဆိုရင် စိုကိုတောင် ငါဥပေက္ခာပြုနိုင်သွားပြီ"

ကျော်ဒင်ခ စကားကိုကြားပြီး သဏ္ဍာန် ဝမ်းနည်းဝမ်းသာ ဖြစ်ရသည်။ ဝမ်းနည်းတာက စိုကို ဥပေက္ခာပြုလိုက်သောကြောင့်ဖြစ်ပြီး ဝမ်းသာတာက စိုကို ပိုင်ဆိုင်ရတော့မည်ဆိုသည့် မျှော်လင့်ချက်ကြီး ကြောင့်ဖြစ်သည်။

"သူက ဘယ်မှာနေလို့လဲ"

"သူက မေမြို့မှာနေတာကွ"

"ဟိုတစ်လောက ငါ ရာဘာခြံတွေဝယ်ဖို့သွားရင်း ပြင်ဦးလွင် ဘက်ပြီး သူ့ကိုသွားရှာတယ်"

"ဩော် မင်းက စိုကို ဘတ်ပြီးထွက်သွားတာပေါ့လေ ဟုတ် သား"

"အဲဒီအတွက် ငါ့မှာအပြစ်ရှိမှန်း ငါသိပါတယ်ကွာ၊ ဒါပေမဲ့ စိုနဲ့ငါနဲ့က လင်မယားအရာမှမမြောက်ကြသေးတာ၊ ငါ့မှာ လွတ်လပ်ပိုင်



www.burmeseclassic.com

www.burmeseclassic.com



ခွင့်တော့ ရှိပါသေးတယ်''

ကျော်ဒင်ခ မရိပ်မိအောင် ဟန်လုပ်ပြောနေပေမယ့် စိတ်ထဲက ထခုန်မိမတတ် ဝမ်းသာနေသည်။

''အဲဒါထားပါကွာ မင်း ပြင်ဦးလွင်တက်သွားတော့ သူနဲ့တွေ့ခဲ့လား''

''မတွေ့ခဲ့ဘူး ရန်ကုန်ဘုရားဖူးထွက်သွားတယ်တဲ့၊ ငါနဲ့လွဲသွားတယ်ဆိုပါတော့ကွာ''

''ဒါဆို မင်း ရန်ကုန်မြို့ထဲ ပိုက်စိတ်တိုက်ရှာပေါ့ကွ''

''ငါမှ သူ့ကိုမမြင်ဖူးတာကွာ ဘယ်လိုရှာမလဲ၊ ငါက သူ့မျက်နှာလေးကို မြင်ဖူးချင်လို့ ဓာတ်ပုံပြပါဆိုတော့လည်း သူ ရုပ်ဆိုးလွန်းလို့ မပြပါရစေနဲ့တဲ့''

''ဒါများ သူ့ profile ထဲ ဝင်ရှာပေါ့ကွ''

''သူ့ profile ထဲမှာ ရှုခင်းပုံတွေ ဘုရားပုံတွေကလွဲပြီး ဘာမှ မတင်ဘူး၊ အဲ တစ်ခါတော့ တင်ဖူးတယ် ဒါပေမဲ့ မျက်နှာမဟုတ်ဘူး သူ့ ဘုရားဖူးနေတဲ့ နောက်ကျောပုံကို တင်ထားတာ''

''မျက်နှာမမြင်ရဘဲ ခန္ဓာကိုယ်နောက်ကျောကိုပဲ မြင်လိုက်ရတယ်ဆိုပါတော့ ဘယ်လိုလဲ ဘော်ဒီကရောဖြောင့်လား''

''တော်တော်လေး လှတယ်လို့ ပြောရမယ်''

သဏ္ဍာန် ဟက်ခနဲ ရယ်သည်။





''ဘာရယ်တာလဲ ငါ တကယ်ပြောတာကွ''

''မင်းက ဘော်ဒီကိုမြင်ပြီး မရိုးမရွတွေဖြစ်သွားတယ်ဆိုပါတော့''

ရွှတ်နောက်နောက် ပြောလိုက်သဖြင့် ကျော်ဒင်ခ ခေါင်းခါပြီး

''အဲလိုလည်း မဟုတ်ဘူးကွ ငါ သူ့ကိုချစ်မိသွားတာ ထူးဆန်းတယ်၊ မျက်နှာမမြင်ရဘဲနဲ့ သူ့အသံနဲ့ သူပို့တဲ့ မက်ဆေ့ချ်တွေဖတ်ပြီး ငါ့နှလုံးသားက သူ့ကိုစွဲလမ်းမိသွားတာ အဲဒါကို ဖူးစာလို့ခေါ်မလားပဲ''

''ဒါဆိုရင် အပြင်မှာတွေ့ကြဖို့ ချိန်းလေကွာ၊ မင်းကလည်း''

''ငါ စိုးဆိုက ခွင့်တောင်းရဦးမယ်''

ရိုးသားလွန်းသော သူငယ်ချင်းကို စိတ်ထဲမှ အကြိမ်ကြိမ် ဦးညွှတ်မိသည်။ သူ ရိုးအလို့လည်း စိုဟာ ခုချိန်ထိ သူ့ဇနီးမဖြစ်သွားတာပေါ့။

''စိုက မင်းကိုဂေးလ်မဟုတ်ဘူးဆိုတာ သိသွားပြီး ခွင့်လွှတ်နေမှ မင်းက ဒီလိုလုပ်တော့ ကောင်းသလားကွာ''

ဟန်လုပ်ပြီး ပြောလိုက်ခြင်း ဖြစ်သည်။

''ဆောရီးပဲ သူငယ်ချင်းရာ ငါ စိုကိုအားနာပေမယ့် ငါ့နှလုံးသား ခံစားချက်ကို ငါ ဦးစားပေးပါရစေ မင်းသာ ငါ့ကိုနားလည်ပေးပါ''

''အေးပါ ငါကိုယ်ချင်းစာပါတယ် သူငယ်ချင်းရာ၊ ကိုယ်တစ်သက်လုံးလက်တွဲမယ့်ဘဝအဖော်ဟာ ကိုယ့်နှလုံးသားက တကယ်ရွေးချယ်ထားပြီး



www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့သူဆိုရင်တော့ ပိုပြီးပျော်စရာကောင်းတာပေါ့ ဒါပေမဲ့ ငါတစ်ခုတော့ တောင်းဆိုချင်တယ်''

''ဘာလဲ''

ကျော်ဒင်ခ သဏ္ဍာန့်ကို ငဲ့ကြည့်ပြီး မေးသည်။

''အဲဒီကိစ္စကို စို့ကို ပေးမသိပါနဲ့ဦး''

''ဘာဖြစ်လို့လဲ''

''စိုက သူ့ပဲအမြဲအနိုင်လိုချင်တဲ့သူလေ မင်းက ခုလိုလုပ်သွားရင် သူ ရှက်သွားလိမ့်မယ်''

''အေးပါ ငါသိပါတယ်၊ မင်းလည်း ငါ့ကိုကူညီပေးပေါ့''

''အိုး နိုး နိုး ဒါတော့ ငါမကူညီနိုင်ဘူး။ မင်းနောက်တစ်ယောက်တွေ့တာ ငါ့စနက်လို့ ထင်သွားမှာကို ငါမလိုလားဘူး''

''အေးပါကွာ ဒါဆိုလည်း ငါ့ဟာငါ မီးစင်ကြည့်ကရုံပေါ့''

■ ■ ■



# အခန်း (၂၃)

''သဏ္ဍာန် နင်ဘာလုပ်နေတာလဲ''

''နင့်ကို ပြစရာရှိလို့''

ခါတ်လှေကားရှေ့တွင် ပိတ်ရပ်ထားသော သဏ္ဍာန့်ကို စို မကြည်ကြည့် ကြည့်လိုက်ပြီး

''နင်နဲ့ငါကြားမှာ ဘာများပြောစရာရှိလို့လဲ သဏ္ဍာန်''

''နင်ကမရှိပေမယ့် ငါကတော့ ရှိတယ် စို၊ ငါ ကျော်နှင်းဆီကို ကွာရှင်းတော့မယ်''

''အဲဒါ ငါက ဘာလုပ်ရမှာလဲ''

''ဟ နင်လည်း ကျော်ဒင်ခကို ကွာလိုက်တော့လေ၊ ကိုယ်မချစ်တဲ့သူနဲ့ တစ်သက်လုံးပေါင်းသင်းပြီး သူ့ဘေးမှာနေသွားရမှာ ဘယ်လောက်စိတ်ပျက်စရာကောင်းသလဲ နင်သိလား''



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ နင့်အပိုင်းလေ ငါက ကျော်ဒင်ခကို မချစ်ဘူးလို့ နင့်ကို ပြောဖူးလို့လား၊ မိဘပေးစားထားတဲ့ယောကျ်ားမို့ သူဟာ ငါ့ရဲ့ တရားဝင်ယောကျ်ားဖြစ်နေပြီးသားကို ကွာရှင်းဖို့ ငါ့မှာ ဘာအကြောင်း ပြချက်မှ မရှိဘူး"

"သိပ်ရှိတာပေါ့ နင့်ရင်ထဲမှာ ကျော်ဒင်ခ မရှိဘူးဆိုတာ ငါ သိနေလို့ပဲ၊ နင်သိအောင် ဒီထက်ပိုပြောရရင်တော့ ကျော်ဒင်ခ ရင်ထဲမှာ လည်း နင်မရှိဘူး၊ ငါပြောတာကို နင် နားထောင်ရင် ဇာတ်သိမ်းခန်းမှာ နင် မလွမ်းရဘူးပေါ့ဟာ"

ဘောင်ကျော်ပြီးပြောလာသော သဏ္ဍာန့်ကိုကြည့်ပြီး စို တဖြည်းဖြည်း မုန်းတီးလာသလို ခံစားလာရသည်။ အိမ်ထောင်ပြုတဲ့အလုပ်ကို ထမင်းစားရေသောက်လုပ်သလို လုပ်ရအောင် စိုက အဲလောက်အဆင့်မရှိတဲ့မိန်းမမှမဟုတ်တာ။ ကျော်ဒင်ခကို ချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ ရိုးမြေကျပေါင်းသင်းရမှာက မိန်းမကောင်းတစ်ယောက်ရဲ့အလုပ်မဟုတ်လား။

"ငါ့ရဲ့ဇာတ်သိမ်းခန်း ဘယ်လိုပဲ စာတန်းထိုးထိုး နင်သာ နင့်ဇာတ်သိမ်းမှာ စာတန်းလှလှထိုးနိုင်အောင် ကြိုးစားစမ်းပါ သဏ္ဍာန် ရယ်၊ နင်မှတ်ထားဖို့က ငါ ဘယ်တော့မှ နင့်ကိုလက်ခံမှာမဟုတ်ဘူး ဆိုတာပဲ"

နောင်လာမပတ်သက်အောင် တစ်ခါထဲအပြတ်ပြောလိုက်ပြီး





သူ့ကိုကွေ့ရှောင်ကာ ဓာတ်လှေကားဝရှိ မြေညီထပ်ခလုတ်ကို နှိပ်လိုက်သည်။

တံခါးပွင့်လာ၍ ဓာတ်လှေကားထဲ ဝင်မည့်အလုပ် ကျော်နှင်းဆီ ဓာတ်လှေကားထဲမှ ထွက်လာသည်။

"ဟယ် စို ဒါက ဘယ်လဲ"

"မေမေတို့အိမ်သွားမလို့ပါ၊ ရှင်ရော ဘယ်ကပြန်လာလဲ"

"ကိုယ်လား ဒီလိုပါပဲ မိတ်ဆွေတစ်ယောက်နဲ့ နေ့လယ်စာ အတူသွားစားတာလေ"

ကျော်နှင်းဆီ သဏ္ဍာန့်ကိုတစ်ချက်လေးတောင် ဝေ့မကြည့်ဘဲ နှင့် စို့ကို စကားတွေဖောင်ဖွဲ့အောင်ပြောနေသည်။ သဏ္ဍာန်ကလည်း အရေးစိုက်မနေဘဲ စိုနှင့်ကျော်နှင်းဆီအနားမှ လှည့်ထွက်ခဲ့လိုက်သည်။

သဏ္ဍာန် လှည့်ထွက်သွားမှ ကျော်နှင်းဆီ ခပ်မဲ့မဲ့ အမူအရာဖြင့်

"သူ ကုမ္ပဏီမသွားဘဲနဲ့ ငါ့ကိုစောင့်ကြည့်နေတယ်လေ"

"နင်တို့လည်း အဆင်မပြေသေးဘူးလားဟယ်"

"သူနဲ့ငါ ဘယ်တော့မှ အဆင်ပြေမှာမဟုတ်ဘူး ငါလည်း ဝဋ် အကြွေးကြီးပါတယ် သူငယ်ချင်းရယ်၊ အပျိုရည်မပျက်သေးဘဲနဲ့ စီပိုးဝေဒနာ ရှင်ကို လင်တော်ပြီး အိမ်ထောင်သည်ဖြစ်နေရတဲ့ဒုက္ခ ဘယ်တော့မှ ကင်းပါ့မလဲ မသိတော့ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ညည်းညည်းတွားတွားလေးပြောနေသော ကျော်နှင်းဆီကို ကြည့်ပြီး စို ရယ်ပါသည်။

"သူ့မှာ စီပိုးရှိတာရော ဟုတ်ရဲ့လားဟယ်၊ ဒီကောင်က အတည်ပေါက် လုပ်တတ်တယ်နော်၊ ငါတော့ သူ့မှာ စီပိုးရှိတယ်လို့ကို မထင်တာ"

သဏ္ဌာန်ဆီမှာ စီပိုးရှိမနေတာ ကျော့်ထက် စိုက ပို၍သိသည်။ သိသည့်အတိုင်းပြောပြချင်ပေမယ့်လည်း သူများလင်မယားကြား မဝင်ချင်တာ စိုရဲ့ခပ်အေးအေးနေချင်တဲ့ ဗီဇကြောင့်ပင်။

"ငါ့ကို သူ့ဆေးမှတ်တမ်းစာအုပ် တစ်ခါပြဖူးတယ် စိုရဲ့၊ နောက်ပြီး သူ့အခန်းထဲမှာ စီပိုးဝေဒနာသည်တွေသောက်တဲ့ဆေးဘူးတွေကိုလည်း တွေ့တယ်"

"ဆေးဘူးတွေလည်း စစ်ကြည့်ပါဦး၊ သူ အဲဒီဆေးတွေ တစ်နေ့ကို ဘယ်နှလုံးသောက်လဲလို့၊ ဆေးမှတ်တမ်းလည်း ပြန်ယူကြည့်ဦး ရှင်တော့ သူ့အတည်ပေါက်နဲ့နောက်တာကို ဒီအတိုင်း ယုံမနေနဲ့"

စိုသတိပေးစကားကြောင့် ကျော်ဒင်းဆီ တစ်စုံတစ်ခုကို စဉ်းစားမိသွားဟန်ဖြင့်

"အေး ဟုတ်ပါရဲ့နော်၊ စီပိုးဝေဒနာသည်က ဆေးခန်းသွားတာလည်းမတွေ့ဘူး၊ ဆေးသောက်တာလည်း တစ်ခါမှမတွေ့ဖူးဘူး၊ နောက်ပြီး သူ့မိဘတွေကိုလည်း ပေးမသိဘူးလို့ ငါ့ကိုပြောဖူးတယ်"





အယုံလွယ်သော ကျော်နှင်းဆီကို ကြည့်ပြီး စို တခစ်ခစ်ဖြင့် ရယ်ပါတော့သည်။

"ဒါကြောင့် ပြောတာပေါ့၊ သူ့ကို ရှင်ကပြန်ပြီး စောင့်ကြည့်ဖို့ လိုလာပြီလို့၊ ရှင် ခုချိန်ထိ နည်းနည်းမှမတွေးမိဘူးလား"

"ဟုတ်ပါပြီ ဒီနေ့ကစပြီး ဒင်းကိုလည်း ငါပြန်ပြီး စောင့်ကြည့်ရမယ်၊ သူ့ပုံစံလုံးဝမရိုးသားတာတော့ အသိသာကြီးပဲ တွေ့မယ် တွေ့မယ်"

ကျော်နှင်းဆီ ကြိမ်းဝါးပြီး သူ့အခန်းရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

ဟာသကားကြည့်ပြီး တဟားဟား အော်ရယ်နေသော သဏ္ဍာန်သည် အိမ်တံခါးဖွင့်ပြီးဝင်လာသော ကျော်နှင်းဆီကို မြင်သည်နှင့် မျက်နှာပိုးသတ်ကာ ရုပ်တည်ကြီးနှင့် ပြန်ဖြစ်သွားသည်။

ကျော်နှင်းဆီ ထိုအခြေအနေကို အခွင့်ကောင်းယူပြီး မိုးမင်းသဏ္ဍာန်ခန်းထဲသို့ နိုးဝင်လိုက်သည်။ သဏ္ဍာန်ကတော့ မသိရှာ။ ဧည့်ခန်းထဲတွင် တီဗွီကြည့်ကောင်းတုန်း။

သဏ္ဍာန်ဆေးမှတ်တမ်းစာအုပ်ကို တစ်ခန်းလုံးမွှေနှောက်၍ ရှာလိုက်သည်။ ဘယ်မှာမှ ရှာမတွေ့။

"ဆေးမှတ်တမ်းစာအုပ် ဘယ်မှာသိမ်းထားပါလိမ့်"

အံဆွဲထဲတွေ စာအုပ်စင်တွေမှာ မတွေ့သည့်အဆုံး ဗီရိုကိုဖွင့်ပြီးမွှေလိုက်တော့သည်။ တွေ့ပါပြီ ဗီရိုအံဆွဲထဲတွင် စာရွက်စာတမ်း





ဖိုင်တွေ ထပ်ထားသည့် ဟိုးအောက်ဆုံးတွင်ရှိနေသည်။

စာအုပ်ကို ကပျာကယာဖွင့်ပြီး ဆေးကုသမှုမှတ်တမ်းနှင့် ဒီတ်တွေကို စစ်လိုက်သည်။ သူ့ကိုပြခဲ့စဉ်တုန်းက အတိုင်းပင်။ ရောဂါနှင့်ပတ်သက်သည့်ဒေတာတွေ ဘာတစ်ခုမှ ရှိမနေ။ စိုပြောတာ ဟုတ်များဟုတ်နေမလားဟု သံသယဖြင့်တွေးကာ ဘာတွေများ ထပ်ပြီးတွေ့ဦးမလဲဟု သိချင်စိတ်ဖြင့် တခြားဗီရိုအံဆွဲတွေကိုပါ အရေးတကြီးမွှေနှောက်လိုက်သည်။

စိုနှင့်ကျော်ဒင်ခဖိတ်စာနှင့် ကျော်နှင်းဆီနှင့် သဏ္ဍာန်တို့မင်္ဂလာဖိတ်စာကို ထပ်ထားတာတွေ့ရပြီး ကျော်ဒင်ခနှင့် စိမ်းလဲ့လဲ့စိုတို့၏မင်္ဂလာဧည့်ခံပွဲဟုရေးထားသော အပေါ်စာတမ်းတွင် ကျော်ဒင်ခနေရာတွင် မိုးမင်းသဏ္ဍာန်ဟု ပြောင်းရေးထားသည်ကို တွေ့လိုက်ရ၍ ကျော်နှင်းဆီမျက်ခုံးနှစ်ဖက်စုကျုံ့ကာ တွေဝေသွားသည်။

ဒါဟာ ဘာသဘောလဲဟု နားမလည်စွာ တွေးလိုက်သည်။

"မဟုတ်မှလွဲရော သူနဲ့စို တိတ်တဆိတ် ငြိနေကြတာများလား"

မထင်ကောင်းပေမယ့် အရာအားလုံးကို သေချာစေ့စေ့တွေးကြည့်လိုက်ပြန်တော့ သံသယဖြစ်စရာတွေက တစ်ပုံတစ်ပင်။ စိုကရောသဏ္ဍာန့်အကြောင်းကို ဘာကြောင့် သူ့ထက်ပိုပြီး သိနေရတာလဲ။ ဒါ့အပြင် သဏ္ဍာန်၏အမူအရာတွေက စိုနှင့်ဆုံလျှင် အကြည့်တွေက စူးရှသွန်းသည်။ သွေးရိုးသားရိုးဟု တွေးမိပေမယ့် ယခုအခြေအနေရောက်ရသို



www.burmeseclassic.com

www.burmeseclassic.com



လျှင် မှုမမှန်ဘူးဟု မှတ်ယူရမည့်အခြေအနေမျိုး။

ဖိတ်စာမှာလည်း ကျော်ဒင်ခနာမည်ကိုအုပ်ပြီး မိုးမင်းသဏ္ဍာန် ဟူသော ရွှေရောင်ဖောင်းကြွစာလုံးကို အုပ်ပြီး ကပ်ထားတာကြည့်ခြင်း အားဖြင့် သဏ္ဍာန့်စိတ်တွေဟာ စို့ဆီမှာ ရှိနေပြီဆိုတာကို လုံးဝသေချာ သွားပြီ။

"စိတ်ဓာတ်တွေ အောက်တန်းကျလိုက်တာ၊ ဒါနဲ့များ ဘာဖြစ်လို့ ငါ့ကိုလက်ထပ်ထားသေးလဲ"

အောက်နှုတ်ခမ်းကို ပြတ်ထွက်လုမတတ် ဖိကိုက်ပြီး ထိုဖိတ်စာ ကိုယူ၍ သဏ္ဍာန့်အခန်းထဲမှ ထွက်ခဲ့လိုက်သည်။

အခန်းပြန်ရောက်သည်အထိ ကျော်နှင်းဆီစိတ်တွေ ဒေါသ ကြောင့် လှိုင်းထန်နေသည်။

အခန်းထဲမှာ အဓိပ္ပာယ်မဲ့ ခေါက်တုံ့ခေါက်ပြန်လျှောက်ကာ သဏ္ဍာန့်ကိုပဲ အပြတ်ရှင်းရမလားဟု ချီတုံချတုံ အတွေးတွေက ဒေါသနှ ရောထွေးကာ ဂနာမငြိမ်ပြန်။

"ဒီအချိန်မှာ သူနဲ့ငါ နှစ်ယောက်ထဲဖြေရှင်းရင် ငါ့အလွန် ဖြစ်ဦးမယ်၊ ဒီတော့ ငါ သူ့မိဘတွေနဲ့သွားတွေ့ပြီး သူတို့သားလုပ်ရပ် သက်သေပြရမယ်"

ဒါဟာ အကောင်းဆုံးဖြေရှင်းရမည့်နည်းလမ်းဟု တွေးပြီး ဖြ ညှပ်ကပ်လုပ်ထားသော ဖိတ်စာကို လက်ကိုင်အိတ်ထဲထည့်ပြီး ကားသော





ကာ အခန်းထဲမှ ပြန်ထွက်ခဲ့လိုက်သည်။

သဏ္ဍာန်ရှေ့မှ ခြေသံခပ်ပြင်းပြင်းနင်းပြီး လျှောက်ခဲ့သဖြင့် သဏ္ဍာန် တီဗွီကြည့်နေရင်းမှ ကျော်နှင်းဆီကို ကြည့်ပြီးမဲ့လိုက်သည်။

"မိန်းကလေးဖြစ်ပြီး ခြေသံပြင်းလိုက်တာ နွားခြေထောက်ကျ နေတာပဲ"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

ကားကို ပေါ်တီကိုအောက်ထဲ ထိုးရပ်လိုက်သည်နှင့် အိမ်

မသောင်းခင် မှန်တံခါးကို လာတွန်းဖွင့်ပေးသည်။

"အန်တီရှိလား မသောင်း"

"ဟုတ်ကဲ့ ရှိပါတယ် မမလေး မသောင်း သွားခေါ်လိုက်

မယ်"

ကျော်နှင်းဆီ ညှော်ခန်းထဲအရင်ဝင်နှင့်ပြီး ဆိုဖာပေါ်

လက်ကိုင်အိတ်ကိုပစ်ချပြီး သူပါ ခပ်ဆောင့်ဆောင့် ထိုင်ချလိုက်သည်

ယောက္ခမနှင့်တွေ့လျှင် ပြောဖို့စကားလုံးတွေဟာ ထိရောက်ပြီး

ကြည့်ဖို့လိုသည့်မို့ လမ်းမှာကတည်းက ဘာစကားတွေကို ရွေးပြော

ဟု ကြိုတင်စဉ်းစားလာပြီးသား။

"သမီးကျော် ဆိုင်းမဆင့်ဘုံမဆင့်ပါလားကွယ် မေမေက





ထဲမှာ တွေးနေသေးတာ ငါ့သားနဲ့ချွေးမလည်း အိမ်ဘက်ကို ယောင်

တောင် လှည့်မလာကြပါလားလို့ မင်းတို့အဖေက မြေးချီချင်နေတာ

ထိုစကားကြောင့် ကျော်နှင်းဆီ မချိပြုံးပြုံးလိုက်ပြီး

"မြေးချီဖို့ကိစ္စက ဝေးပါသေးတယ် အန်တီရယ် လက်ထပ်ပြီး

ညည်းက အန်တီ့သားဆင်တဲ့ဂွင်ထဲမှာ သမီးက လိပ်တစ်ကောင်လို့

ကန်ယက်ကန်နဲ့ နေခဲ့ရတာပါ"

ကျော်နှင်းဆီ စကားကြောင့် ဒေါ်ခိုင်သဇင် တအံ့တသြဟန်ဖြင့်

ကျော်နှင်းဆီကိုကြည့်ပြီး ဆိုဖာတွင် ဝင်ထိုင်လိုက်သည်။

"သမီး သားနဲ့ရန်ဖြစ်လာကြတာလား မေမေ့ကိုပြောစမ်း ဒီ

ကောင် သမီးကို စိတ်ဆင်းရဲအောင်ဘာလုပ်လဲ"

ကိုယ့်သား တဖွတ်ထိုးစိတ်ရှိတယ်ဆိုတာ ဒေါ်ခိုင်သဇင် မသိဘဲ

မလား။ ကျော်နှင်းဆီကိုတောင် သူချစ်မိသွားလို့ လက်ထပ်ခဲ့တာ

တ်။ ကျော်နှင်းဆီကိုလက်ထပ်တာနဲ့ ကုမ္ပဏီခွဲတစ်ခုကို အပြီးအပိုင်

ယ်ဟု ဖခင်က အပေးအယူလုပ်လို့ လက်ထပ်လိုက်တာ။ နို့မို့ဆိုရင်

တော့ သူ မချစ်တဲ့နဲ့လှည့်တောင်ကြည့်မှာမဟုတ်။ လက်ထပ်ဖို့တော့

"စိတ်ဆင်းရဲအောင်လုပ်တယ်ဆိုတာထက် သူ သမီးကို အကြီး

အပြစ်လုပ်ထားတယ်၊ သူ့ကြောင့် သမီးကိုယ်သမီး အပျိုလားအခြ



www.burmeseclassic.com

www.burmeseclassic.com



လားဆိုတာတောင် မခွဲခြားချင်တော့ပါဘူး''

ဒေါ်ခိုင်သဇင် ရင်ဘတ်ကို အသာဖိလိုက်ပြီး

''ဘုရားရေ ဘာတွေဖြစ်ကြလို့လဲ မေမေ့ကိုပြောစမ်း''

''အန်တီ့သားမှာ စီပိုးရှိနေတာ အန်တီတို့သိလား''

ထိုစကားကြောင့် ဒေါ်ခိုင်သဇင် မူးမေ့မတတ် အံ့ဩထိတ်လ…

သွားသည်။

''ဘုရားရေ သားမှာစီပိုးရှိတယ် ဟုတ်လား''

''အန်တီ မသိဘူးလား''

''အို မသိရပါဘူးကွယ်၊ သမီးပြောမှ အန်တီသိရတာပါ''

''အဲဒါကိုက သဏ္ဌာန် သမီးအပေါ်မှာ မရိုးသားတာ အန်…

အဲဒီရောဂါကြောင့် သူနဲ့သမီး ခုချိန်ထိ လင်မယားမဖြစ်ကြသေးပါဘူး''

''ဘုရားရေ ဘယ်လိုတွေဖြစ်ကုန်ကြပြီလဲ ဘုရား ဘုရား''

ဒေါ်ခိုင်သဇင် အံ့ဩလွန်း၍ ဘုရားပင် ဘယ်နှကြိမ်မြော…

တမိမှန်းမသိတော့။

''သိပ်မအံ့ဩပါနဲ့ အန်တီ၊ အဲဒီလို အခြေအနေမျိုးကို ဖန်…

နေတာ သမီးမဟုတ်ပါဘူး။ အန်တီ့သားပါ။ သမီးကသာ သူ့လှည့်ကွက်…

မှာ အရူးတစ်ယောက်လို ဘုမသိဘမသိ ခံနေရတာပါ''

ကျော်နှင်းဆီ သူ့ရင်ဘတ်ကို တဘုန်းဘုန်းထုပြီး မချိတင်…

ပဲ့န်ဖြင့်ပြောသည်။





''အေးပါ သမီးရယ် အန်တီ့သားကိုယ်စား အန်တီ တောင်းပန်

ပါတယ်''

''ခုကိစ္စက တောင်းပန်ရုံနဲ့မပြီးဘူး အန်တီ''

ဒေါ်ခိုင်သဇင် အထိတ်တလန့် ဖြစ်ရပြန်သည်။

''ဘာ ဘာဖြစ်လို့လဲ''

''အန်တီတို့မိဘတွေအနေနဲ့ ဖြေရှင်းပေးရမှာလေ၊ သူ့မှာ စီပိုး

ရှိတဲ့ ဆေးမှတ်တမ်းအတုတွေနဲ့ ဆေးတွေကို သမီးကို ပြပြီး စီပိုး

ရောဂါသည်လို့ ညာပြောရတာလဲ၊ မိဘတွေပေးစားလို့ လက်ထပ်လိုက်

ကြတယ်ဆိုပေမယ့် သူများသားသမီးကို ခုလို ပိုးစိုးပက်စက် ညာပြီး

အကြာကြီးတာတော့ မကောင်းဘူးပေါ့ အန်တီရယ်''

ကိုယ့်သား ဘာတွေအများလုပ်ထားမှန်းမသိ၍ ဒေါ်ခိုင်သဇင်

မှာ ကျော်နှင်းဆီပြောဆိုနေသမျှ လည်စင်းခံရုံသာ ရှိတော့သည်။ ဖြစ်နိုင်

လျှင် ခုချက်ချင်းသာ သဏ္ဌာန့်ကို ပြေးတွေ့လိုက်ချင်သည်။

''သမီးခံစားရတာကို မေမေ နားလည်ပါတယ် သမီးရယ်၊ ခု

ဘာက သား ဘာကြောင့် ဒီလိုတွေလုပ်နေသလဲဆိုတာ မေမေတောင်

ခေဦးစားတတ်တဲ့အခြေအနေမျိုးမို့ ဘယ်လိုတွေပြောရမှန်းတောင် မသိ

တော့ပါဘူး''

ကိုယ့်သားဘက်က မှားတော့ ချွေးမကို မျက်နှာအောက်ကျို့

နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီ့အပြင် နောက်ထပ် ဒေါသဖြစ်စရာကျန်သေးတယ်"

ကျော်နှင်းဆီ နောက်ထက်တွဲစကားကြောင့် ဟင်းခနဲ ချနေသော သက်ပြင်းပင် ဆုံးအောင်မချနိုင်။

"ဘာများကျန်သေးလဲ သမီး"

ကျော်နှင်းဆီဖိတ်စာ ထုတ်ပြလိုက်သည်။ ဖိတ်စာပေါ်မှ ဖြတ်ညှပ်ကပ်လုပ်ထားသော နာမည်ကြောင့် ဒေါ်နိုင်သဇင် မျက်လုံးပြူးသွားကာ

"ဒါ ဒါက ဘယ်လိုဖြစ်တာတုန်း၊ ဒီလိုမျိုး ဘယ်သူလုပ်ထားတာလဲ"

ဒေါ်နိုင်သဇင်အမေးကို မဖြေသေးဘဲ ကျော်နှင်းဆီ မဲ့လိုက်သည်။

"အဲဒါ အန်တီ့သားလုပ်ထားတာလေ၊ သူ့ဗီရိုထဲမှာ ဆေးမှတ်တမ်းစာအုပ်ဝင်မှုရင်းနဲ့ ဟောဒီဖိတ်စာကိုတွေ့တာ၊ စိမ်းလဲ့လဲ့စိုနဲ့ မင်္ဂလာဆောင်ချင်လည်း အစောကြီးကတည်းက သူနဲ့ပဲ လက်ထပ်လိုက်ပါတော့လား၊ ဘာဖြစ်လို့ သမီးနဲ့လက်ထပ်သေးလဲ၊ ခုတော့ လူကို သက်သက်မဲ့စော်ကားတာ၊ ဘယ်လောက်ခံပြင်းစရာကောင်းသလဲ"

ကျော်နှင်းဆီ ပြောရင်းဖြင့် အသံတွေ မာလာသည်။ မျက်ရည်တို့ဝေ့လာသည်။ ဒေါ်နိုင်သဇင် ချွေးမကိုကြည့်ပြီး အပြစ်မတင်ရက်

မိန်းမချင်းကိုယ်ချင်းစာစိတ်ဖြင့် ကိုယ့်သားကိုပဲ ကိုယ်ဒေါသဖြစ်နေမိ





သည်။

"သမီးခံပြင်းသင့်တာပေါ့ မေမေ နားလည်တယ် သမီး၊ ဒီကောင် မိုးမင်းသဏ္ဍာန်နဲ့ မေမေ ဒီနေ့ပဲ စာရင်းရှင်းမယ်"

ဒေါ်နိုင်သဇင် တကယ်လည်း ဒေါသဖြစ်မိတာတော့ အမှန်။ ဒီသာက ကောင်းစေချင်လို့ အိမ်ထောင်ဘက်ကောင်းကိုရှာထားတယ် ဒင်းက ပေါ့ပေါ့တန်တန်နဲ့ တခြားမိန်းကလေးကို တမ်းတနေတယ်။ စိမ်းလဲ့လဲ့စိုကို လက်ထပ်ချင်တယ်ဆိုရင်လည်း မိဘတွေ လက်ထပ်ပွဲမစီစဉ်ခင်ထဲက ပွင့်ပွင့်လင်းလင်း ပြောပေါ့။ သူငယ်ချင်းနှစ်ယောက် မာနတွေပြိုင်နေကြပြီး ခုမှ စိမ်းလဲ့လဲ့စိုကို တမ်းတနေတာကတော့ လွန်လွန်းအားကြီးသည်။

သဏ္ဍာန်ကို စိတ်ထဲကနေ အပြစ်တင်၍ မဆုံးတော့။

"ဒါဆို သမီး ပြန်တော့မယ် အန်တီ"

"အေး အေးပါ သမီးရယ်၊ မေမေ့သားအစား မေမေကပဲ သမီးကို တောင်းပန်ပါတယ်"

"အန်တီ ဘာအမှားမှ လုပ်တာမှ မဟုတ်တာ၊ ချွေးမကို တောင်းပန်စရာမလိုပါဘူး"

"ဒါပေမဲ့ မေမေ ဆုံးမအသွန်အသင်မတတ်ခဲ့လို့ မေမေ့သားခုလို အမှားတွေကျူးလွန်တာပေါ့ သမီးရယ်"

ချွေးမ ကျေနပ်အောင် နှိမ့်ချပြောဆိုနေသောကြောင့် ကျော်နှင်း



www.burmeseclassic.com

www.burmeseclassic.com



ဆီ စိတ်မကောင်းဖြစ်သွားသည်။

"အင်းလေ သမီးပဲ စိတ်ကိုလျှော့လိုက်ပါတော့မယ် အန်တီ၊ ခြော် ဒါနဲ့ ဒီဖိတ်စာကိုတော့ အန်တီတို့ပဲ ယူထားလိုက်ပါတော့"

သဏ္ဍာန် အမြတ်တနိုးသိမ်းဆည်းထားသော ဖိတ်စာကို ကျော်နှင်းဆီ ဆက်သိမ်းထားစရာမှ မလိုတာပဲ။

ယောက္ခမကို ရင်ဖွင့်သင့်ရင် ဖွင့်ပြီး ကျော်နှင်းဆီ နှုတ်ဆက်ပြီး ပြန်လာခဲ့လိုက်သည်။ ကားမောင်းနေစဉ် တစ်လျှောက်လုံး မိုးမင်းသဏ္ဍာန်၏မထီမဲ့မြင်ပုံရိပ်တို့က မျက်စိထဲ မြင်ယောင်ပြီး တနုံ့နုံ့ ခံစားနေရ၏။

"ရှင့်ကို သိပ်မုန်းတာပဲ မိုးမင်းသဏ္ဍာန်"

■ ■ ■



## အခန်း (၂၆)

လူခေါ်ဘဲလ်နှိပ်လိုက်သည်နှင့် တံခါးပွင့်လာပြီး စိုးမျက်နှာလေး ဘွားခနဲ ပေါ်လာသည်။ မျက်နှာချက်ချင်း တင်းမာသွားသည်။

"ဘာကိစ္စလဲ"

"နင့်အတွက် လမ်းကြုံတာနဲ့ ဆူရှီဝယ်လာလို့"

"မစားချင်ပါဘူး"

"အောင်မယ် အရေးထဲ မူနေသေးတယ်၊ နင် ဆူရှီကြိုက်တာ ငါသိတယ်နော်၊ ရော့ ပဲများမနေနဲ့ စားလိုက်"

စိုးလက်ကို အတင်းဆွဲကိုင်ပြီး ဆူရှီဘူးလှမ်းပေးသောကြောင့် မတတ်သာသည့်အဆုံး ယူလိုက်ရသည်။

"နောက်တစ်ခါ ဝယ်မလာပါနဲ့ ငါ ဆူရှီမကြိုက်ဘူး၊ ခုတောင် ငါစားဖို့ ယူထားမှာမဟုတ်ဘူး ကျော်ဒင်ခလာရင် စားဖို့ ယူထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ''

ဆူရှိဘူး စို့လက်ထဲ ရောက်သွား၍ ပျော်နေသောအပျော်မှာ လမ်းခုလတ်တွင် ရပ်သွားပြီး

''ဟာ ငါဝယ်လာတာ အဲ့ကောင်အတွက်မဟုတ်ဘူး၊ နင့်အတွက်ဝယ်လာတာ၊ နင် မစားဘူးဆိုရင် ငါ ပြန်ယူသွားမယ်၊ ဒင်းကိုတော့ ငါ မကျွေးနိုင်ဘူး။ အလကား နင့်အပေါ်ကောင်းတဲ့ကောင်မဟုတ်ဘူး''

စို့လက်ထဲမှ ဆူရှိဘူးကို ဆတ်ခနဲ ပြန်ယူပြီး ချာခနဲ လှည့်ထွက်သွားသော သဏ္ဍာန်၏ကလေးဆန်မှုကြောင့် စို စိတ်ပျက်သောရယ်ခြင်းမျိုးဖြင့် ဟက်ခနဲ ရယ်ကာ တံခါးကို ပြန်ပိတ်လိုက်သည်။

''တော်တော်ကလေးဆန်တဲ့ကောင် သူ့ကိုလည်း ဘယ်သူမှ ဝယ်မလာနိုင်းဘဲ မျက်နှာလိုမျက်နှာရ ဝယ်လာပြီးတော့များ''

''တင်းတောင် တင်းတောင်''

''ဟော ဘာလာပြီး အရှုးထဦးမလဲ မသိဘူး''

စို တံခါးနားပြန်လှည့်သွားပြီး တံခါးကို ဆွဲဖွင့်ပေးလိုက်သည်။ ဆူရှိဘူးကိုင်ပြီး ရပ်နေသော သဏ္ဍာန်ကို ထပ်တွေ့ရပြန်သည်။

''နင် ကျော်ဒင်ခကို မယုံနဲ့၊ ယုံပြီး နင့်ဘဝကို ပုံအပ်လိုက်လို့ကတော့ နင်ပဲ အဆုံးသတ်မှာ နာကျင်ရလိမ့်မယ်''

''နင် အဲဒါပြောဖို့ ပြန်လှည့်လာတာလား သဏ္ဍာန်''

''ဟုတ်တယ် ငါ့စေတနာကို နင် အသိအမှတ်ပြုလိုက်စမ်းပါ





ငါ တကယ်ပြောနေတာ''

''နင်ဟာလေ သူများလင်မယားကြားကို တော်တော်သွေးခွဲတာပဲ၊ အဲဒါ ယောကျ်ားကောင်းတွေရဲ့အလုပ်မဟုတ်ဘူးဆိုတာ နင်မသိဘူးလား။ ငါ ငယ်ငယ်ကတည်းက ငါ့ကို စိတ်အနှောင့်အယှက်အမျိုးမျိုးပေး ပြိုင်ဆိုင်လာရုံနဲ့တင် အားမရဘဲ ငါတို့အိမ်ထောင်ရေးမှာ ကြာကူလီလုပ်မလို့ပေါ့လေ''

စိတ်တိုလာပြီမို့ နစ်နစ်နာနာပင် ပြောလိုက်တော့သည်။ ဒါမှ စို့ကိုစိတ်ပျက်ပြီး လာမပတ်သက်တော့မှာ။

''နင်ထင်ချင်သလိုထင်လိုက် စို၊ နင့်အချစ် နင့်ဘဝကို ငါသာ ပိုင်ဆိုင်ခွင့်ရမယ်ဆိုရင် ငါ့ကိုကြာကူလီကောင်လို့ တစ်လောကလုံး စွပ်စွဲလည်း ငါ ကျေကျေနပ်နပ်ကြီးကို ခံမယ်ဟာ''

ဘယ်လောက်ပင် နစ်နာအောင်ပြောပြော အပြုံးမပျက်သောသဏ္ဍာန်ကို ဒီထက် နစ်နာအောင် ပြောဖို့ စကားလုံးမရှိတော့။

''သွားပြီ နင်လုံးဝရူးသွားပြီ''

''ရူးတာချင်းအတူတူ နင့်အချစ်ကို အငမ်းမရ တောင်းဆိုရင်ရူးရတာ တန်တယ်ဟာ ငါက အချစ်ရူးပဲ ဘာဖြစ်လဲ''

သဏ္ဍာန်ကလည်း စို မခံချင်အောင်ကို တစ်ခွန်းမခံ ပြန်လည်ချေပသည်။

''အဲဒါကို အချစ်ရူးလို့မခေါ်ဘူး သူများမိန်းမကို ကြွေင်တောင်



www.burmeseclassic.com

www.burmeseclassic.com



နှိုက်ချင်တဲ့ မယားတချူးလို့ ခေါ်တယ်တဲ့''

ဒီထက်ပိုပြီး ထပ်ပြောနေလျှင် သံသရာလည်နေပေတော့မည်ဟု အနိုင်ပိုင်းပြောပြီး တံခါးကို ဂျိန်းခနဲ ဆောင့်ပိတ်ပစ်လိုက်သည်။

''တောက်''

စိတ်ထဲမှာ ခံပြင်းလွန်း၍ ရင်ဘတ်အစုံမှာ နိမ့်ချည်မြင့်ချည်ဖြင့် မောဟိုက်လာကာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။

သဏ္ဍာန်ဆိုတဲ့ကောင်ရဲ့မျက်နှာကို စိုရဲ့လက်သည်းချွန်ချွန်တွေနဲ့ သွေးစိမ်းရှင်ရှင်ထွက်အောင် ဆွဲခြစ်ကုတ်ဖွဲ့ပစ်လိုက်ချင်တာပါ။

စိတ်ချ သဏ္ဍာန် ငါနဲ့ကျော်ဒင်ခ လင်မယားအရာမြောက်ရစေမယ်။

■ ■ ■



## အခန်း (၂၇)

''လာ သား မင်းလည်း မအေက ဖုန်းဆက်ခေါ်မှပဲ ရောက်လာတော့တယ်နော်''

''မဟုတ်ပါဘူး မေမေရာ၊ လုပ်ငန်းကိုခုမှစလုပ်တာဆိုတော့ သားဘက်က ဝန်ထမ်းတွေအပေါ် အားနည်းချက်မရှိအောင် စိတ်တွေကို အလုပ်ထဲမှာ နှစ်ထားရတယ်လေ''

မေမေ့ဘေးမှာ ဝင်ထိုင်ပြီး ရောက်တုန်းလေး ကပ်ချွဲသည့်အနေဖြင့် မေမေ့ကိုယ်လုံးဖိုင့်ဖိုင့်ကြီးကို ခပ်လေးလေး မှီချလိုက်သည်။

''အိနေတာပဲ မေမေ့ကို လွမ်းတယ်ဗျာ မေမေနဲ့ခုလိုမနေရတာကြာပြီ''

မေမေ့လက်မောင်းသားအိအိကို ချစ်စနိုးဖြင့် ခပ်ဖွဖွဆွဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလေးလို လုပ်မနေနဲ့ သား၊ မေမေ မင်းကိုဖုန်းဆက်ခေါ်ရတာ မေးစရာရှိလို့"

"မေးလေ မေမေရ ဘာလဲ သားရဲ့ကုမ္ပဏီဝင်ငွေကိုမေးမလို့လား၊ ငွေမပေါ်သေးဘူးလေ မေမေရာ၊ နောက်ထပ် ပရောဂျက်ထဲကို ငွေထပ်ဖြည့်ထားရသေးတာကိုး"

"မေမေ အဲဒါကို သိချင်တာမဟုတ်ဘူး သား၊ မင်း ဘာတွေလျှောက်လုပ်နေလဲ၊ ကျော်နှင်းဆီအပေါ်မှာ မင်း ဘာအပြစ်တွေ ကျူးလွန်ထားသလဲဆိုတာ မင်းကိုယ်မင်း သိလား"

သားကိုမဆူချင်ပေမယ့် မိဘမျက်နှာပျက်စေတဲ့လုပ်ရပ်မျိုးတွေလုပ်နေမှတော့ ဆူသင့်လျှင် ဆူရတော့မှာပင်။

သဏ္ဌာန် သူ့ကိုယ်ကို မတ်မတ်ပြန်ထိုင်လိုက်ပြီး

"သူ မေမေ့ကို လာပြီး ချွန်တွန်းလုပ်သွားပြီပေါ့"

"ချွန်တာမဟုတ်ဘူး သူ့ဘက်က လာပြောသင့်တဲ့ကိစ္စပဲ၊ နေစမ်းပါဦး ငယ်ငယ်ကတည်းက မိဘက အစာအာဟာရပြည့်ပြည့်လေး ကျွေးမွေးပြုစုလာတဲ့မင်းက ကျန်းမာလိုက်တာမှ ဒေါင်ဒေါင်မြည်လို့ နှာစေး ချောင်းဆိုးတောင် ဖြစ်ဖူးတာမဟုတ်ဘူး၊ အဲဒါနဲ့များ ဘယ်က စီပိုးက မင်းခန္ဓာကိုယ်ထဲ ဝင်သွားရတာလဲ၊ ဒါမှမဟုတ် မင်း ဘယ်သူ့ဆီကကူးသလဲ မိဘတွေမှာ စိတ်ပူလွန်းလို့ ညက ကောင်းကောင်းတောင်အိပ်မပျော်ကြဘူး၊ ဒါပေမဲ့ ကိုယ့်စိတ်ကိုယ်ဖြေပါတယ်၊ ငါ့သားမှာ စီပိုးဝင်တာ





ဘယ်လိုမှ မဖြစ်နိုင်ပါဘူးလို့"

ကျော်နှင်းဆီကို လိမ်ညာထားသည့်ကိစ္စ မေမေတို့ဆီကို ရောက်ပြီဆိုမှတော့ အဆင်ပြေသလို ရှိုးရှမ်းရတော့မှာပင်။

"ဩော် ဒါလား ဒါက ဒီလိုရှိတယ် မေမေရ၊ သားက သူ့စိတ်ကိုစမ်းသပ်တဲ့အနေနဲ့ သားဆီမှာ စီပိုးရှိပါတယ်လို့ ညာပြောလိုက်မိရုံလေးပါ၊ အဲဒါကို မေမေ့ချွေးမက သားကို သူ့အနားအကပ်မခံတော့တဲ့အပြင် သားနဲ့အိုးခွက်ပန်းကန်ကအစ လုံးဝခွဲထားပြီး သားသုံးသမျှအသုံးအဆောင်ကို အနူအဝဲသုံးတဲ့ဟာလိုမျိုး မသတီသလိုလုပ်ပြနေတော့ သားလည်း အမြတ်ကတ်တာနဲ့ ငါ့မှာစီပိုးရှိတာ မဟုတ်ပါဘူးလို့ ပြန်ဖြေရှင်းတော့တာ၊ ဟွန်း တော်တော်ချောတဲ့မိန်းမ ယုတ်စွအဆုံး သားနဲ့အကြောင်းကိစ္စရှိလို့ စကားပြောရင်တောင် ငါးကိုက်အကွာကနေ လှမ်းပြောတယ်၊ လူဆိုတာ သေမျိုးကြီးပဲလေ ခန္ဓာရှိရင် ဝေဒနာဆိုတာ ပုံစံအမျိုးမျိုး အက်ရှင်အမျိုးမျိုးနဲ့လာမှာပဲ၊ ဒီတရားသဘောကို သူမသိဘဲ သားကို မတူသလို မတန်သလို ဆက်ဆံတာကိုတော့ ရေလည်တင်းတယ် ဒီကတည်းက ဒီမိန်းမ သားကို တကယ်မချစ်ဘူးဆိုတာ လုံးဝသေချာသွားပြီ မေမေ"

ကိုယ်ကလည်း ကိုယ့်မှန်ကြောင်း အခိုင်အမာပြောပြလိုက်တော့ မေမေ အနည်းငယ် တွေဝေသွားသည်။

"ဘာပဲဖြစ်ဖြစ် သားဘက်ကစပြီး အမှားလုပ်တာမို့ သားဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဒီပြဿနာကို ပြန်ဖြေရှင်းပါ၊ ယောက်ျားဆိုတာ ကိုယ်လုပ်တဲ့ကိစ္စတ
ကို အဆုံးထိ တာဝန်ယူရဲရတယ် သားရဲ့၊ ဒါမှ ယောက်ျားကောင်း
မှာပေါ့''

''သားက ယောက်ျားကောင်းပီသတော့ရော သူက မိ
ကောင်းပီသလို့လား၊ ထမင်းချိုင့်ပေးဆွဲစားပြီး ကိုယ့်အတွင်းခံဘော
တောင် ကိုယ်လျှော်မဝတ်တဲ့မိန်းမ သားအဝတ်လျှော်ပေးဖို့ဆိုတာ
လာဝေးပဲ''

''ဟမ် သားက သူ့အတွင်းခံဘောင်းဘီလျှော်မဝတ်တာက
အသေးစိတ်သိနေပါလား၊ ဒါနဲ့များ ကိုယ့်မိန်းမကို ဂရုမစိုက်သလ
ဘာလိုလို နဲ့''

ချောင်ပိတ်ပြီး ဆော်လိုက်သော မေမေ့ထင်ကြေးကိုတော့
ဆတ်ခါအောင် နာပါသည်။

''ဟာ မေမေကလည်း အဝတ်လျှော်စင်တာကိုပဲ့တာ
အမှတ်တမဲ့ မြင်လိုက်လို့ ပြောတာပါ သားကချောင်းစရာလား''

''အေးပါ ဘာပဲဖြစ်ဖြစ် မင်းလုပ်ရပ်တွေ တစ်ဖက်စွန်း
နေတာတော့သေချာတယ်၊ သား ဟောဒီမှာကြည့် ဒါ ဘာသဘော
ဒီလို လုပ်ထားတာလဲ''

သဏ္ဍာန်ရှေ့ပစ်ချပေးသော ဖိတ်စာကြောင့် သဏ္ဍာန် မျက်
ပြူးသွားသည်။





''ဒီဖိတ်စာက မေမေ့ဆီ ဘယ်လိုရောက်နေတာလဲ''

''ဘယ်လိုရောက်နေတာလဲဆိုတာထက် ဒီလိုပုံစံမျိုး ဘာ
သဘောနဲ့ လုပ်ထားတာလဲဆိုတာ မေမေ့ကိုအရင်ဖြေ''

သဏ္ဍာန် အမှန်အတိုင်းပြောပြဖို့အချိန်တန်လာပြီမို့ ရင်ထဲ
ရှိသည့်အတိုင်း အကုန်ပြောချလိုက်သည်။

''အမလေး ဘုရား ဘုရား မကြံကောင်းမစည်ကောင်းတွေပါ
လား၊ ကိုယ့်အိမ်ထောင်ရေးတင်မဟုတ် သူများအိမ်ထောင်ရေးကိုပါ လိုက်
ဖျက်နေတဲ့စနိုက်ကြော်ပါလား''

''သားစနိုက်ကြော်မဟုတ်ဘူး မေမေ၊ အချစ်ကို ရှာဖွေတွေ့ရှိ
သွားတာ၊ ဒါကြောင့် သား ကျော်နှင်းဆီနဲ့ ကွာရှင်းလိုက်မယ် မေမေ''

ဒေါ်ခိုင်သဇင်သည် သဏ္ဍာန့်စကားကြောင့် ရင်ဘတ်ကိုဖိလိုက်
ပြီး

''အမလေး ဘုရား ဘုရား အိမ်ထောင်ပြုတာကို ကလေးကစား
ရာလို သဘောထားနေလားမသိဘူး၊ မိဘတွေက ကောင်းမယ်ထင်လို့
ကျက်သိက္ခာရှိတဲ့အသိုင်းအဝိုင်းထဲက မိန်းကလေးနဲ့ ငွေတွေသိန်းပေါင်း
များစွာ အကုန်ခံပြီး မင်္ဂလာပွဲကို ခြိမ့်ခြိမ့်သဲ စီမံပေးထားတယ်၊ ခုတော့
အဲဒါတွေက အလကားဖြစ်ရတော့မှာလား''

''သားမှ သူ့ကိုမချစ်တာ မေမေရာ၊ မချစ်တဲ့မိန်းမနဲ့တော့
သေတဲ့အထိ မပေါင်းပါရစေနဲ့''



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန့်တောင်းဆိုမှုကို မိခင်ဖြစ်သူ လိုက်လျောလိုဟန်မပေ

“အရှုးမထစမ်းပါနဲ့ သားရယ်၊ မင်းကြောင့် ကိုယ့်မိဘဆွေ
သူများကို အောက်ကျို့တောင်းပန်ရတဲ့ဘဝမျိုးရောက်အောင် မလုပ်ပါ
နောက်ပြီး လဲ့လဲ့စိုလေးရဲ့အိမ်ထောင်ရေးကိုလည်း ပြိုကွဲအောင်မလုပ်ပါ
တစ်သက်လုံး သူငယ်ချင်းလိုနေလာပြီးမှတော့ ခုလည်း သူငယ်ချင်းလို
ဆက်ပြီးနေလိုက်ပါ သားရယ်”

“သားတို့လေးဦးစလုံး လူပျိုအပျိုဘဝမှာပဲ ရှိကြသေးတ
မေမေ၊ အဲဒီအတွက် ကွာရှင်းလိုက်လို့လည်း ဘယ်သူမှ ထိခိုက်နစ်
တာမျိုး မရှိပါဘူး”

ကလေးငယ်တစ်ယောက်လို လိုချင်တာကို မရမက ပူနေသေ
သားဖြစ်သူကိုကြည့်ပြီး ဒေါ်နိုင်သဇင် သက်ပြင်းခပ်လေးလေးချလိုက်

“အေးလေ သားကိုပြောမရရင်တော့ လဲ့လဲ့စိုကိုခေါ်ပြ
တားမြစ်ဖို့ပဲရှိတော့တာပေါ့”

“ဟာ. စိုနဲ့ဘာဆိုင်လဲ မေမေရဲ့၊ ခုကိစ္စမှာ စို ဘာမှ အ
မလုပ်ဘူး၊ သားက သူ့ကို နှောင့်ယှက်လို့ဆိုပြီး သားကို သူ စ
တောင်မပြောတော့ဘူး၊ ဒါကြောင့် သူ့ကိုတော့ ဘာမှသွားမပြော
မေမေရာ”

ဒီကိစ္စမှာ စိုနှင့် ဘာမှမဆိုင်တာ။

“မပြောစေချင်ရင် သားလုပ်ရပ်တွေကို ရပ်တန့်ကရပ်ပါတော





ဒို့ မေမေ ပြောချင်တယ် သားရယ်”

“ဟုတ်ကဲ့ သားကြိုးစားပါ့မယ် မေမေ”

မေမေ စိတ်ချမ်းသာအောင်သာ နှစ်သိမ့်ပေးခဲ့ပေမယ့် သဏ္ဍာန်
စိတ်ထဲမှာ စိုကို ချစ်မိသည့်အချစ်တွေက နည်းနည်းလေးမှ လျော့သွား
ဘာမှမဟုတ်တာ။

သဏ္ဍာန် စိုကိုချစ်သည်။ စို ချစ်လာအောင် သဏ္ဍာန် ရအောင်
ကြိုးစားမည်။ သဏ္ဍာန်ဘဝရဲ့ကျန်ရှိနေတဲ့ အချိန်တွေကို စိုနဲ့ပဲ ကုန်ဆုံး
ချင်တယ်။

ကျော်နှင်းဆီနှင့်လက်ထပ်ပြီးကတည်းက စိုကိုဆုံးရှုံးလိုက်ရပြီ
ဆိုတဲ့အသိကြောင့် ခံစားချက်တွေ ခါးသီးခဲ့ရတာ ကိုယ်သာအသိဆုံး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"မင်းတော်တော် ကလေးဆန်တဲ့မိန်းမပဲ၊ ငါ့အခန်းထဲခိုးဝင်ပြီး မွှေနှောက်ရှာ ပြီးတော့ မေမေ့ကို မျက်နှာလိုမျက်နှာရ သွားပြီးတိုင်တယ်"

မေမေ့ဆီက ပြန်လာလာချင်း ကျော်နှင်းဆီကို ဒေါသနှင့်ပြောလိုက်သည်။

"ခြော် ရှင့်အပြစ်ကို သွားတိုင်တာများ ကျွန်မကပဲ မျက်နှာလိုမျက်နှာရ သွားလုပ်တယ်ပဲ ရှိရသေးတယ်၊ ရှင်တော်တော် အတ္တကြီးတဲ့လူပဲ"

"ရှင်က လူတိုင်းထက်ပိုတယ်၊ သူများသားသမီးကို လက်ထပ်ထားပြီး တာဝန်မကျေတဲ့သူ"





ကျော်နှင်းဆီစကားကြောင့် ကျော်ဒင်ခ ခွက်ထိုးခွက်လန် အော်ဆဲသည်။

"ဘာရယ်တာလဲ ကျွန်မ ပြောတာ အော်ရယ်စရာပါလား"

"ပါတာပေါ့ ဘာလဲ ငါနဲ့မင်းက လက်ထပ်ထားပြီး မင်းနဲ့ အိပ်ရာဝင်မယားချင်းမဆက်ဆံတာကို ငါက တာဝန်မကျေဘူးဆိုတဲ့သဘောလား၊ ရတယ်လေ မင်းက ငါ့ကိုတာဝန်ကျေစေချင်ရင် ငါနဲ့မင်း ဒီညပဲ လင်မယားလိုဆက်ဆံကြမယ်၊ အဲလို ဆက်ဆံပေးရင် ငါမင်းကို တာဝန်ကျေတယ်ပေါ့ ဟုတ်လား"

သဏ္ဌာန်စကားက ကျော်နှင်းဆီကို လှောင်ပြောင်သလိုဖြစ်နေသည်မို့ ကျော်နှင်းဆီအသားတွေ တဆတ်ဆတ်တုန်လာကာ

"ရှင် လူပါးဝလှချည်လား၊ ကျွန်မနဲ့ဒီည ဆက်ဆံရအောင် ကျွန်မကို နန့်နန့်တက်မိန်းမလို့များ ထင်နေလား၊ ရှင့်ကိုဆို ရွံလွန်းလို့ အတ်ကို မပတ်သက်ချင်တာ၊ အရှင်းဆုံးပြောလိုက်မယ်၊ ကျွန်မ ရင်ထဲမှာ ရှင်ဘယ်တော့မှ ရှိလာမှာမဟုတ်သလို ရှင် ကျွန်မကို စိတ်နဲ့တောင်ပြစ်မှားလို့မရအောင် ကျွန်မကိုယ်ကျွန်မ ကာကွယ်မယ်"

"ဟား ကျေးဇူးတင်ပါတယ် ကာကွယ်ပါ ကာကွယ်ပါ အသက်နဲ့ လဲပြီးကာကွယ်ပါ၊ ဒါပေမဲ့ ငါ့ကိုတော့မဟုတ်ဘူး မင်းရဲ့အွန်လိုင်းပေါ်က အကောင့်တွေရန်က ကာကွယ်၊ ငါကတော့ မင်းလိုကြီးကျယ်တဲ့မိန်းမမျိုးကို ဒီတစ်သက်မပြောနဲ့ နောင်ဆယ်သက်တောင် စိတ်နဲ့မပြစ်မှားဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ထိလက်ရောက်ကျူးလွန်ဖို့ဆိုတာတော့ စဉ်းတောင်မစဉ်းစားနဲ့တော့

ဒေါ်သအရှိန်တွေ မြင့်လာသဖြင့် နှစ်ယောက်စလုံး၏အသံတွေ က တိုက်ခန်းထဲတွင် ဟိန်းထွက်နေသည်။

"ရှင်က ကျွန်မကို နောင်ဆယ်သက် ဘယ်ပြစ်မှားမလဲ ရှင် ပြစ်မှားနေတာက လင်ရှိမယားတစ်ယောက်ကို ပြစ်မှားနေတာပဲ၊ ရှင့် အဆင့်က ဒီလောက်ပဲရှိတယ်ဆိုတာ အစကတည်းက သိခဲ့ရင် ရှင့်လို ကြာကူလီစနိုက်ကြော်နဲ့ မင်္ဂလာပွဲတောင် မလုပ်ခဲ့ဘူး၊ ခုတော့ ကျွန်မ သေလောက်အောင်ကို နောင်တရတယ် သိလား"

"ဒါပေါ့ ရသင့်တာပေါ့"

ခနိုးခနဲ့ ပြောလိုက်သော စကားကြောင့် ကျော်နှင်းဆီ တက် တစ်ချက်ကို ခပ်ပြင်းပြင်း ခေါက်ပြီး ချာခနဲ လှည့်ထွက်သွားသည်။

"နောင်တရရုံနဲ့ မပြီးနဲ့ဦး၊ ကွာရှင်းကြဖို့ကိုလည်း ခေါင်းထဲ ထည့်ဦး ငါက ကြာကူလီဆိုတော့ မင်းပါကြာကူလီမယားဖြစ်နေဦးမယ်"

တံခါးကို ဝုန်းခနဲ မြည်အောင်ပိတ်ပြီး အခန်းထဲဝင်သွားသော ကျော်နှင်းဆီ ကြားအောင် လှမ်းအော်၍ ခနဲ့လိုက်ပြီး သဏ္ဍာန် တဟား ဟားအော်ရယ်လိုက်သည်။

တကယ့်တမ်း စတင်မှားခဲ့တဲ့သူက ကျော်နှင်းဆီမဟုတ်ဘဲ ကိုယ်ဆိုတာကို သဏ္ဍာန် သိပါတယ်။ ဒါပေမဲ့ သဏ္ဍာန့်ဘဝမှာ ဘယ်သူ့ ကိုမှ အရှုံးမပေးခဲ့ဖူးတဲ့အတွက် ကျော်နှင်းဆီကိုလည်း သဏ္ဍာန် ဘယ်





တော့မှ အရှုံးပေးမှာမဟုတ်၊ အမှားကို ဝန်ခံမှာမဟုတ်။ ကျော်နှင်းဆီ မင်းကိုငါ ဘယ်တော့မှ အရှုံးမပေးဘူး။

■ ■ ■

"ရှင့်ပြောစရာရှိတယ် စို"

ကျော်နှင်းဆီမျက်နှာမှာ အရင်လို ရွှင်ရွှင်ပျပျ မရှိတာကို စို သတိထားမိသည်။

"ပြောလေ ကျော် ဘာလဲ ရှင်တို့လင်မယားတွေ အဆင်ပြေ သွားကြပြီမို့လား"

"ငါ သူ့ကို ကွာရှင်းတော့မယ် စို"

"ဟင် ဘာဖြစ်လို့လဲ"

"ငါက သူ့ရဲ့အမည်ခံမယားသက်သက်ပါ၊ တကယ်ဆို သူ့ရင်ထဲ မှာ ငါရှိတာမဟုတ်ဘူး၊ သူ့ရင်ထဲမှာရှိနေတာက နင့်ကိုပဲ"

သွယ်ဝိုက်ပြီးပြောမနေတော့ဘဲ ဒဲ့ပင်ပြောချလိုက်သဖြင့် စို မျက်နှာမထားတတ်အောင် အနေခက်သွားသည်။

"အို မဟုတ်တာ ကျော်ရယ် ငါတို့က ငယ်ငယ်ကတည်းက သူငယ်ချင်းတွေလေ၊ အဲလိုမထင်ပါနဲ့ ကျော်ရယ်"

မျက်နှာပူပူဖြင့်ပင် ကျော့်ကို ဖြေရှင်းလိုက်သည်။

"ငါ မထင်ချင်ပါဘူး စိုရယ်၊ ခုဟာက ငါ့မျက်စိနဲ့တပ်အပ်မြင် သွားလို့ ပြောရတာပါ၊ ရှင်တို့ရဲ့မင်္ဂလာဖိတ်စာမှာလေ ကျော်ဒင်ခရဲ့နာမည်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှာ သူ့နာမည်ကို ဖြတ်ညှပ်ကပ်လုပ်ထားတာ ငါတွေ့တယ်၊ အရှင်းဆုံးပြောရရင် သူ နင့်ကိုတစ်ဖက်သတ် ကြိုက်ပြီး စွဲလမ်းနေတယ်၊ အဲဒါကိုတော့ သူ လုံးဝငြင်းလို့မရအောင် ငါသိနေတယ်''

''သူက ထင်ရာကိုစွတ်လုပ်ပြီး အချစ်ကို တန်ဖိုးမထားတတ်တဲ့လူပဲ ကျော်ရဲ့၊ သူက ငါ့ကို တစ်ဖက်သတ်ကြိုက်စွဲလမ်းတယ်ဆိုတာ ဖြစ်နိုင်ပါ့မလား ကျော်ရယ် ရှင်က ဟာသတွေပြောနေပြောနေပြန်ပြီ၊ ဘာပဲဖြစ်ဖြစ် ငါ့ဘက်ကတော့ မိုးမင်းသဏ္ဍာန်ဆိုတာ ငါ့ရဲ့ဘယ်တော့မှ မပြောင်းလဲတဲ့ သူငယ်ချင်းပါပဲ၊ နောက်ပြီး ငါ့မှာကျော်ဒင်ခရှိနေတာပဲ ငါ့ကို ယုံစမ်းပါ ကျော်ရယ်''

ကျော့်ခံစားချက်ကို နားလည်သည့်မို့ အထင်မလွဲစေရန် ဖြေသိမ့်ရသည်။

''ရှင့်ကိုယုံတယ် စို၊ ဒါပေမဲ့ ငါ သူ့ကိုကွာရှင်းမှဖြစ်တော့မယ်၊ သူနဲ့ငါရဲ့အဖြစ်က ကျောက်ခေတ်မှာ ပန်းရောင်းရသလိုပဲ သူကလည်း အချစ်ကို တန်ဖိုးမထားတတ် ငါကလည်း အချစ်ကို တန်ဖိုးမဖြတ်တတ်နဲ့ အချိန်တွေသာ ကုန်လွယ်လာတယ်၊ ငါတို့ရင်ထဲမှာ ဗလာပဲ၊ မိုးမင်းသဏ္ဍာန်က ငါ့ရင်ကို ကိုင်လှုပ်နိုင်စွမ်းရှိတဲ့ယောကျ်ားတစ်ယောက်မဟုတ်ဘူးဆိုတာ ခုတော့ လုံးဝကို သေချာသွားပြီ၊ ဒါကြောင့် ငါချစ်တဲ့သူနဲ့ပဲ အတူနေရဖို့ ငါ သူနဲ့ကွာရှင်းရမယ်''

သေချာဆုံးဖြတ်ပြီးသွားဟန်ဖြင့် အတိအလင်းပြောနေသော





ကျော့်ကို ဘယ်လိုစကားမျိုးတွေနဲ့ မကွာရှင်းရအောင် တားမြစ်ရမှန်းပင် မသိတော့။

စိုကတော့ ကျော်ဒင်ခကိုချစ်တဲ့စိတ်မဖြစ်ပေါ်သေးပေမယ့် ကွာရှင်းဖို့တော့ စိတ်ကူးမရှိ။ ရိုးမြေကျတစ်သက်လုံး ပေါင်းသင်းသွားမည်ဟု ကိုယ့်စိတ်ကိုကိုယ် ဘောင်ခတ်ထားသည်။

''ရှင့်မှာ ချစ်တဲ့သူရှိနေပြီလား ကျော်''

''ဟုတ်တယ် စို ငါ သူ့ကိုချစ်မိသွားပြီ ငါ သူနဲ့လက်ထပ်မယ်၊ အဲဒီအတွက် မိုးမင်းသဏ္ဍာန်ကို ငါက စပြီး ကျောခိုင်းရတော့မယ်''

''ရှင် သေချာစဉ်းစားပါဦးလား၊ ငါကတော့ ရှင်တို့ကို မကွာရှင်းစေချင်ဘူး''

''အဲဒါက ရှင့်ဆန္ဒလေ၊ သူက ငါနဲ့မြန်မြန်ကွာရှင်းချင်နေတာ၊ ဒါကြောင့် ငါ့မိဘတွေကို အဖြစ်မှန်အကုန်ပြောပြပြီး ကွာရှင်းလိုက်တော့မယ်၊ အဲဒါမှ ငါ့စိတ်တွေ လွတ်လပ်သွားမှာ''

ကျော်နှင်းဆီကိုကြည့်ပြီး စို သက်ပြင်းခပ်ဖျော့ဖျော့ကို မသိမသာ ချလိုက်သည်။ ကျော်နှင့်ကွာရှင်းမည်ဆိုမှတော့ သဏ္ဍာန်၏အာရုံတွေက စို့ဆီမှ ခွာမည်မဟုတ်တော့။

စို့စိတ်တွေ ပို၍ ပို၍ ရှုပ်ထွေးသွားသည်။ သဏ္ဍာန်ရယ် နင်တော်တော်ကို တဖွတ်ထိုးဆန်ပါလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ ဖျောင်းဖျပြောဆို၍မရသော သဏ္ဍာန်နှင့်ကျော်နှင်းဆီကို နှစ်ဖက်မိဘများက တရားသူကြီးရှေ့မှောက်တွင် တရားဝင်ကွာရှင်းပေးလိုက်သည်။

နှစ်ဖက်မိဘများ မျက်နှာမသာမယာဖြင့် တစ်ယောက်နှင့်တစ်ယောက် ဖက်လှဲတကင်း နှုတ်ဆက်ကြပြီး စိတ်မကောင်းစွာဖြင့် ကားမောင်းထွက်သွားကြသည်။

မိုးမင်းသဏ္ဍာန်နှင့်ကျော်နှင်းဆီကလည်း ကားတစ်ယောက်တစ်စီးစီမောင်းပြီး ပျော်ရွှင်စွာဖြင့် ဆန့်ကျင်ဘက်လမ်းဆီသို့ မောင်းရန် ကားစက်နှိုးလိုက်ကြသည်။

ကျော်နှင်းဆီ ကားစက်နှိုးရင်း သဏ္ဍာန့်ကို မျက်စောင်းဝေ့ကြည့်ကာ

"ဒီမှာ ညနေကျရင် ရှင်နဲ့ကျွန်မ အိမ်ထောင်ပရိဘောဂတွေ တစ်ဝက်လာခွဲမယ်၊ ရှင့်အိမ်မှာ ဆက်ဆက်စောင့်နေပါ"

အရေးထဲလာပြီး မက်လုံးထနေသေးတယ်ဟူသော အကြည့်ဖြင့် ကျော်နှင်းဆီကို ခပ်မဲ့မဲ့ကြည့်ကာ

"ကြိုက်တဲ့အချိန်လာခွဲ ငါ့ဘက်က ညီတူမျှတူလုပ်ပေးရမှာပေါ့၊ လိုအပ်ရင် မင်းနောက်ယူမယ့်ယောက်ျားကိုပါ ပစ္စည်းထမ်းဖို့ခေါ်လာခဲ့ဦး"

မိုးမင်းသဏ္ဍာန်တို့က ရှုံပြီဆိုလျှင် တစ်ဖက်လူ ဆတ်ဆတ်ခါအောင် ရှုံ့တတ်သည်။





"ဒီမှာ ကျွန်မ နောက်ယူမယ့်ယောက်ျားက မဖြစ်စလောက်ပစ္စည်းကိုမက်စရာအကြောင်းကိုမရှိဘူး၊ ရှင့်အဆင့်အတန်းထက်လည်း သာတယ်၊ ခုလာခွဲမှာလည်း မက်လို့မဟုတ်ဘူး ရှင့်ကိုအကြောမပေးချင်လို့၊ ယူသင့်ယူထိုက်တာကို လာယူတာ ရှင်းလား"

လက်ထပ်ပြီးကတည်းက ကိုယ့်အပေါ် အကြောကြီးနှင့်ဆက်ဆံလာသော သဏ္ဍာန့်ကိုဖြစ်နိုင်လျှင် ဒီထက်မကပိုပြီး ပြောပစ်ချင်တာပါ။

"ဟုတ်ပါပြီ ဟုတ်ပါပြီ မှတ်ထားလိုက်ပါမယ် ခင်ဗျာ၊ နောက်လမ်းမှာတွေ့လည်း ခေါ်ချင်ရတယ် မခေါ်ချင်လည်းရပါတယ် တာ့တာဘိုင့်"

နောက်ဆုံးလမ်းခွဲချိန်မှာတောင် သဏ္ဍာန်ပုံစံက အပျော်တွေနဲ့ မြူးကြွသွက်လက်နေကာ ကျော်နှင်းဆီအား မခံချိမခံသာဖြစ်အောင် ခနိုင်သေးသည်။

ဘာပဲဖြစ်ဖြစ် ဒီနေ့ဟာ သဏ္ဍာန့်အတွက်တော့ အကျဉ်းထောင်က လွတ်မြောက်သွားသူတစ်ယောက်နှယ် စိတ်တွေပေါ့ပါးလွတ်လပ်၍နေသည်။

စိုရေ ငါလျှောက်ခဲ့တဲ့လမ်းများတစ်ခုထဲကနေ ငါဟာ ယောက်ျားပီပီသသနဲ့ ရုန်းထွက်နိုင်ခဲ့ပါပြီ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ကိုယ်တို့အိမ်ရဲ့အရှေ့ရပ်ဝန်းကတော့ တစ်ယောက်ကိုတစ် ယောက် ကျောခိုင်းစိမ်းကားကုန်ကြပြီ စိုရဲ့"

ညှို့ခန်းထဲဝင်လာသော ကျော်ဒင်ခစကားကြောင့် စို စိတ်ညစ် သွားသည်။ သဏ္ဌာန်၏နှောင့်ယှက်မှုကို ယခင်ကထက် ပို၍ ကြုံတွေ့ရ တော့မည်ဆိုသောစိတ်ကြောင့် နေရတာပင် နောက်ကျောမလုံသလို ခံစား လိုက်ရသည်။

"စိတ်မကောင်းစရာပဲနော်"

ဘာပြန်ပြောရမှန်းမသိ၍ လောကွတ်စကားသာ ဆိုလိုက် သည်။

"စိုကသာ စိတ်မကောင်းဖြစ်နေတာ သူတို့နှစ်ယောက်က ပျော် နေကြတယ်မဟုတ်လား။ ဘယ်အချိန်ကတည်းက ကွာရှင်းချင်နေကြလဲ မသိဘူး"





"ရှင်ရော သူတို့ကွာရှင်းတော့ ဘယ်လိုခံစားရလဲ၊ အရှေ့ရပ်ဝန်း ကတော့ ကွာရှင်းပြီးသွားပြီ၊ ငါတို့ အနောက်ရပ်ဝန်းလည်း ကွာရှင်းရရင် သိပ်ကောင်းမှာပဲ ဆိုပြီးတော့လေ"

မိန်းမဆန်ဆန် ခနဲ့လိုက်သော စိုစကားကြောင့် ကျော်ဒင်ခ ဟက်ခနဲ ရယ်လိုက်ပြီး စို့ဘေးမှာ ဝင်ထိုင်လိုက်သည်။ အသားချင်းထိ ကပ်ပြီး ဝင်ထိုင်လိုက်သဖြင့် စို ရှူးတို့ရှန့်တန့်ဖြစ်မိပေမယ့် တစ်ဖက်ကို ပြောင်းပြီး မထိုင်မိ။

"ကိုယ်နဲ့စိုက ဘာလို့ ကွာရှင်းရမှာလဲ စိုရော၊ ရန်သူတွေမှမဟုတ် တာ ကိုယ်က စို ကိုယ့်ကိုစိတ်ဆိုးပြေတဲ့အထိ စိတ်ရှည်လက်ရှည်နဲ့ကို စောင့်မှာ"

စို့ပခုံးကို သိုင်းဖက်ပြီး ခပ်တိုးတိုးပြောလာသော ကျော်ဒင်ခ စကားကြောင့် စို ခပ်ဖွဖွပြုံးလိုက်သည်။

"ရှင် ဂေးလ်မဟုတ်ဘူးဆိုရင် ကျွန်မက ဘာလို့ စိတ်ဆိုးရ တော့မှာလဲ"

"ကိုယ် ဂေးလ်မဟုတ်ပါဘူးကွာ ဟိုကောင် သဏ္ဌာန် သက် သက်မဲ့ ကိုယ့်ကိုချောက်တွန်းတာပါ၊ အဲဒါကို စို ယုံပေးပါ"

"ပြီးပြီးသားကိစ္စတွေကို ထပ်မပြောပါနဲ့တော့ ကိုကျော်ဒင်ခရယ် ရှေ့လျှောက် စိုတို့ တစ်ယောက်ကိုတစ်ယောက် နားလည်မှုအပြည့်နဲ့ နေထိုင်သွားကြဖို့ကိုပဲ စဉ်းစားကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



စို့စကားကြောင့် ကျော်ဒင်ခ ကျေနပ်နှစ်သက်သွားပုံဖြင့် စို့ကို
တစ်ဆင့်တိုးပြီး ဖက်လိုက်ကာ

"ဝမ်းသာလိုက်တာ စိုရာ ကိုယ်တော့ အရမ်းပျော်သွားပြီ
စိတ်ချပါ ကိုယ်နဲ့စို ရှေ့လျှောက် ချစ်ချစ်ခင်ခင် နေသွားကြရအောင်
ကိုယ့်အချစ်တွေကို စို မလိုချင်လောက်အောင်ကို ပေးမယ်ကွာ"

စို ပြုံးပြီး ခေါင်းညိတ်လိုက်ပါသည်။

■ ■ ■

စို့မျက်ဝန်းတို့ ဖျတ်ခနဲ ပွင့်လာသည်နှင့် ယခင်ကြုံတွေ့နေရ
သော နံနက်ခင်းတွေသည် စိုနှင့်နေသားကျနေသလောက် ယခု ကြုံတွေ့
ရသော နံနက်ခင်းကတော့ စို့ကို စိမ်းစိမ်းကြီး စိုက်ကြည့်နေသလို
ခံစားလိုက်ရသည်။

စို့ရင်ဘတ်ပေါ်တွင် လက်တင်ပြီး အိပ်ပျော်နေသော ကျော်ဒင်ခ
ကို လှည့်ကြည့်လိုက်ပြီး စိတ်ထဲမှ ခပ်တိုးတိုးရေရွတ်လိုက်သည်။

"ဘုရားရေ ခုမှ ငါ ငါ တကယ့်ကို အိမ်ထောင်ရှင်မဖြစ်သွား
ပြီပဲ"

ညက စိုနှင့်အတူ တစ်ခန်းထဲ အတူစတင်အိပ်ဖြစ်ကြသည်
စိုတို့ ခံစားမှုအသစ်တွေ မင်္ဂလာဦးညကို ဖြတ်သန်းကြသည်။

ညကအဖြစ်ကို စို့မျက်စိထဲ ပြန်မြင်ယောင်ပြီး မျက်နှာတစ်ပြင်
လုံး ပန်းသွေးရောင်လွှမ်းသွားပြီး ကျော်ဒင်ခကို ဖျတ်ခနဲ ကြည့်မိသည်





ကာ်စိတ်ကြောင့် အကြည့်ကို ချက်ချင်းလွှဲလိုက်ပြီး အိပ်ရာထက်မှ ထလိုက်
ပြီး အရှိန်ယူလိုက်သည်။

"မထနဲ့ဦးကွာ"

ဘယ်အချိန်ကတည်းက နိုးနေမှန်းမသိသော ကျော်ဒင်ခ စို့ကို
ဆွဲထားသည်။ စို ထ၍မရ။

"နေမြင့်နေပြီလေ ရှင် ကုမ္ပဏီသွားဖို့ မထသေးဘူးလား"

"ဒီနေ့ နောက်ကျမှသွားမယ်၊ စိုနဲ့အတူတူနေချင်သေးတယ်"

"အို မဟုတ်တာ ကိုကျော်ဒင်ခရယ် အဲလိုမလုပ်ပါနဲ့၊ စို မနေ
တတ်လို့ပါ"

"ဟာကွာ မရဘူး ကိုယ့်မိန်းမကို ခုမှချစ်ခွင့်ရတာမို့ တစ်ဝကြီး
ကို ချစ်ပစ်မယ်ကွာ"

စို့ကိုယ်လေးကို လွတ်ထွက်သွားမတတ် ဖက်ကာ စို့မျက်နှာအနှံ့
ကို အနမ်းတို့ ခပ်စိတ်စိတ် ကြဲပစ်လိုက်သည်။ စို ငြင်းချင်ပေမယ့်
ငြင်းခွင့်ပင်မရှိလိုက်။

ကျော်ဒင်ခ၏အထိအတွေ့တွေကို ဇနီးမယားတစ်ယောက်ပဲလေ
ဆိုသည့် နှလုံးသွင်းခံစားချက်ဖြင့် အလိုက်သင့်လေး စီးမျောလိုက်ပါတော့
သည်။

စိမ်းလဲ့လဲ့စိုနှင့်ကျော်ဒင်ခ လင်မယားအရာမြောက်သွားပြီဆို
သည့်အသိက သဏ္ဍာန်နှောင့်ယှက်မှုမှ ကင်းဝေးနေပြီဆိုသည့်အသိကြောင့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တို့လုံးခြုံနွေးထွေးသလို ခံစားရပြန်သည်။

ကျော်ဒင်ခကို မချစ်သေးပေမယ့် စို လမ်းခွဲဖို့ဘယ်တော့မှ စိတ်မကူးခဲ့။ သဏ္ဍာန့်လို စွန့်စားဖို့မှ မလိုတာပဲလေ။

■ ■ ■



## အခန်း (၃၀)

သဏ္ဍာန်ဟာ ကျော်နှင်းဆီနဲ့လမ်းခွဲပြီးနောက်ပိုင်း စို့ဆီသို့ အကြောင်းမရှိအကြောင်းရှာ ရောက်ရောက်လာတတ်သည်။ ယခင်လို ဆော့ စို့ကို ထိကပါးရိကပါး မပြောတော့ဘဲ သူငယ်ချင်းတစ်ယောက်၏ ဆိုသော ဆက်ဆံမှုမျိုးနှင့်သာ တည်တည်ငြိမ်ငြိမ် ဆက်ဆံရာသည်။

ထို့ကြောင့် စို့ဘက်ကလည်း ကောင်းကောင်းမွန်မွန် ပြန်၍ ဆက်ဆံလိုက်ပါသည်။

"စို အန်တီနေမကောင်းဘူးဆို၊ ငါ ဒီနေ့ အန်ကယ်နဲ့ရုံးချုပ်မှာ တွေ့လို့ ပြောလိုက်တယ်"

"ဟုတ်တယ် သဏ္ဍာန် ဆီးချိုတက်တာပါ၊ ငါလည်း စောစော ကမှ မေမေ့ဆီက ပြန်လာတာ"

"ဒါနဲ့ နင် ဖက်ရှင်မောလ်ဖွင့်ဖို့ စီစဉ်နေတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်ဟ ငါ့အဘွားက သူမသေခင် ငါ့ကိုအမွေတွေခွဲပေးသွားတော့ ငါက နိုင်နေတာ နင်သိတယ်မို့လား၊ ဒါနဲ့ပဲ ငွေတွေကိုဘဏ်ထဲမှာ ဒီအတိုင်းထားမယ့်အတူတူ စီးပွားရေးလုပ်ငန်းလေးတစ်ခုလောက် လုပ်ကြည့်မလားလို့လေ"

"မဆိုးဘူးဟ နင့်အိုင်ဒီယာ ဂွတ်လာပြီ၊ ပြင်သစ်မှာငါ့သော်ဒါတွေက ဝတ်စုံဒီဇိုင်းနာတွေလေ၊ သူတို့ဆီက အထည်ဆန်းတွေကို နင်စိတ်ဝင်စားမယ်ဆိုရင်တော့ ငါချိတ်ပေးမယ်၊ နင်တို့ချင်း အင်တာနက်မှာတွေ့ပြီးငြိကြပေါ့၊ သူတို့ဝတ်စုံတွေကို နိုင်ငံတကာကအမျိုးသမီးအားလုံးနဲ့လိုက်ဖက်အောင် ဒီဇိုင်းဆွဲထားတာဆိုတော့ ငါတို့မြန်မာမတွေနဲ့လည်းအဆင်ပြေနိုင်တာပဲလေ"

စီးပွားရေးအကြံပေးနေသော သဏ္ဍာန်ကို အရင်က သဏ္ဍာန်ဟုတ်ရဲ့လားဆိုပြီး စို သံသယဝင်ချင်သလိုလို။

ယခင်က ကြွားဝါပြိုင်ဆိုင်ချင်သောစိတ်တွေနှင့် စို့ကိုတွေ့လျှင်အမြဲစိတ်အနှောင့်အယှက်ပေးတတ်သော သဏ္ဍာန်သည် ရက်ပိုင်းအတွင်းမှာ ဘာကြောင့်ပြောင်းလဲသွားရသလဲ စိုပင် မဝေခွဲတတ်တော့။

"နင် အဲလိုချိတ်ပေးရင်တော့ ပိုကောင်းတာပေါ့၊ ငါကလည်းအမျိုးသမီးဖက်ရှင်ဒီဇိုင်းတွေကိုပဲ ဦးစားပေးတင်မှာဆိုတော့ ပိုအဆင်ပြေတာပေါ့"

"အိုကေ ငါ သူတို့နဲ့ ချိတ်လိုက်မယ်လေ၊ confirm ဖြစ်ရင်





နင့်ကို ပြောမယ်"

"အေးပါဟာ ဩော် ဒါနဲ့ နင်ထမင်းရော စားပြီးပြီလား"

"ဘယ်စားရဦးမလဲဟာ ရုံးကပြန်လာလာချင်း အန်တီ နေကောင်းတာ နင်မသိဘူးထင်လို့ အရင်လာပြောပြတာ၊ ပြီးမှ အပြင်မှာထွက်စားမှာ"

"ဒါဆို အပြင်မှာစားမနေနဲ့ ငါ့အိမ်မှာ စီစဉ်ထားတာရှိတယ်ဒီမှာပဲ စားသွားလိုက်"

စို့ဘက်က လိုလိုချင်ချင် ထမင်းစားခေါ်နေသောကြောင့်သဏ္ဍာန် ဟန်လုပ်ပြီးတောင် မငြင်းတော့ပါ။ ဒါဟာ သဏ္ဍာန့်အတွက်တော့ ရခဲလှတဲ့အခွင့်အရေးတစ်ခုလေ။

"ဟား အတိုင်းထက်အလွန်ကို ကျေးဇူးတင်တယ်ဟာ၊ အဟဲအမှန်ပြောရရင် ငါ အိမ်ထမင်းအိမ်ဟင်း ဝတ်နေတာကြာပြီဟ"

"ဒါဆိုရင်လည်း ကိုယ့်မိဘအိမ်မှာ ကိုယ်ပြန်နေလိုက်ပါလားသဏ္ဍာန်ရယ်၊ ဒီမှာ တစ်ယောက်ထဲ ဘာလို့လာနေနေလဲ"

စို့စကားကြောင့် သဏ္ဍာန့်အကြည့်တို့ စို့ထံ ဖျတ်ခနဲ ရောက်သာပြီး အကြည့်တို့ ချက်ချင်းပြန်လွှဲကာ

"မနေတော့ပါဘူးဟာ ခုချိန်မှာ ငါက တစ်ခုလပ်ဖြစ်နေပြီလေ၊ဘာအိမ်ပြန်နေရင် အရင်တုန်းကလို ကလေးစိတ်မျိုးတွေ ပြန်ဝင်ပြီးဘာနဲ့သက်ခံထိုင်စို့နေရင် ငါဘယ်တော့မှ အောင်မြင်မှာမဟုတ်ဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် ငါ့ဖာသာ တစ်ယောက်ထဲနေဖို့ဆုံးဖြတ်လိုက်တာ''

''အေးလေ ဒါတော့ နင့်ရဲ့ဆုံးဖြတ်ပိုင်ခွင့်ပဲ ကဲ လာ ငါတို့ ထမင်းစားခန်းထဲသွားကြရအောင်''

သူငယ်ချင်းဆိုသည့် ဆက်ဆံရေးက ဘယ်လောက်လွတ်လပ်သလဲဆိုတာ ယခု စို့လက်တွေ့မို့ ယခင်က သဏ္ဍာန် စို့ကို နှောင့်ယှက်ခဲ့တာတွေကို စို မေ့လိုက်တော့သည်။

သဏ္ဍာန်ကလည်း ပါးနပ်ပါသည်။ ယခင်ကလို စို့အချစ်ကို ကလေးအရုပ်တောင်းသလို တဂျီဂျီလုပ်ပြီး ဖွတ်တောင်းနေလျှင် စို့ဆီက အချစ်ကိုမရဘဲ အထင်သေးရှုတ်ချမှုတွေ၊ အမုန်းတွေပဲရပြီး နောက်ဆုံး စို့အနားကပ်ခွင့်တောင် ရတော့မှာမဟုတ်။ ထို့ကြောင့် ဗျူဟာတစ်မျိုးပြောင်းပြီး စိုအနားမှာ အချိန်မရွေးနေခွင့်ရအောင် လက်ပူတိုက်ပြီး အကြံထုတ်လိုက်တာဖြစ်သည်။

''သဏ္ဍာန် ဘာတွေပြုံးနေတာလဲ ထလေ''

''သြော် အင်း လာပါပြီဟ ငါ ကျော်ဒင်ခဆီ ဖုန်းဆက်မလားလို့ သူ ပြန်လာပြီဆိုရင် သူ့ကိုပါစောင့်လိုက်တာပေါ့''

''အို လာပါ ဝမ်းချင်းဆုံတာမဟုတ်ဘူး နင့်ဖာသာပဲ စားနှင့်လိုက်''

''အိုကေ ကောင်းပြီလေ ငါစားလိုက်လို့ ဒီကောင့်အတွက် မကျန်ရင်တော့ မတတ်နိုင်ဘူးပေါ့ဟ''





သဏ္ဍာန့်စကားကြောင့် စို ပေါ့ပေါ့ပါးပါး ရယ်မောကာ မီးဖိုခန်းဘက်ဆီသို့ ဦးဆောင်ပြီးလျှောက်သွား၏။ သဏ္ဍာန်လည်း နောက်မှ လိုက်ခဲ့လိုက်သည်။

■ ■ ■

ကားပါကင်မှ ထွက်လာသော သဏ္ဍာန်သည် လမ်းမပေါ်တွင် တက္ကစီငှားနေသော စိုကို လှမ်းတွေ့လိုက်၍ စိုရှိရာသို့ ကားကိုမောင်းသွားပြီး စို့ရှေ့မှာ ရပ်လိုက်သည်။

''စို နင့်ကား ဘယ်ရောက်သွားလို့ တက္ကစီငှားနေရတာလဲ''

''ငါ့ကား ဝပ်ရှော့ရောက်နေတယ်၊ ညနေမှ သူတို့လာပို့လိမ့်မယ်၊ အခု မေမေ့အိမ်သွားမလို့''

''လာ တက် ငါလိုက်ပို့ပေးမယ်''

''ဟယ် နင် ရုံးနောက်ကျနေမှာပေါ့ နေပါစေ ငါ့ဖာသာ တက္ကစီနဲ့ပဲ သွားမယ်''

''တက်စမ်းပါဟာ နင်ကလည်း ငါက နင် အားနာရမယ့်သူမှ ဘား''

''မဟုတ်ပါဘူး ငါ ဈေးလည်း ဝင်ဝယ်စရာရှိတော့ နင် ကြာနေမှာစိုးလို့ ပြောတာ''

''ကြိုက်သလောက်ကြာရတယ် တက္ကစီနဲ့တော့ နင့်ကိုငါ စိတ်မချဘူး''



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန့်ကို ပိုရန်ကောဟုသောအကြည့်ဖြင့် ပြုံးကြည့်လိုက်ပြီး ကားပေါ်တက်လိုက်သည်။ စိုနှင့်သဏ္ဍာန့်ကြားမှာ ဘာအဖုအထစ်မှမရှိဘဲ ပြန်လည်အဆင်ပြေနေသည်မို့ သဏ္ဍာန် ကျေနပ်နေမိသည်။

စို့ ရင်ထဲမှာ သဏ္ဍာန့်အပေါ် အမုန်းတရားတွေ ကင်းစင်တဲ့ မေတ္တာတရားတွေ ပြည့်နှက်နေအောင် သဏ္ဍာန်ကြိုးစားရမည်။

အချစ်ဆိုတဲ့အရာဟာ အတင်းဓမ္မတောင်းယူလို့ရတဲ့အရာ မဟုတ်ဘူးဆိုတာ သဏ္ဍာန် သဘောပေါက်သွားပြီမို့ စို့ရင်ထဲ သဏ္ဍာန် တဖြည်းဖြည်းတိုးဝင်ဖို့ အချိန်အနည်းငယ်တော့ ယူရလိမ့်မည်။

ဒီအတွက်ကြောင့် ကျော်ခင်ခ၏မကောင်းကြောင်းကို သဏ္ဍာန် နှုတ်မှ မဟာမိအောင် နှုတ်စောင့်စည်းလိုက်သည်။

"စို ငါ မောနင်းစာ ဘာမှမစားရသေးဘူး၊ တစ်ခုခုဝင်စားရအောင်"

"သဘောလေ ဟိုရှေ့မှာ ကော်ဖီဆိုင်တော့ ရှိတယ်၊ အဲဒီမှာ တရုတ်စာရော ရှမ်းစာရော အကုန်ရတယ်"

"အိုကေ ဒါဆို ငါ အဲဒီကိုမောင်းလိုက်မယ်"

စို ညွှန်ပြရာ ကော်ဖီဆိုင်သို့ ကားကိုမောင်းလာလိုက်သည်။

"စို ဟိုမှာ ကျော်ခင်ခ ကားလား"

ကော်ဖီဆိုင်ဝင်းအတွင်းထဲမှ မောင်းထွက်သွားသော ကျော်ခင်ခ ကားကိုမြင်လိုက်ရ၍ စိုပါ တအံ့တဩ ဖြစ်ရသည်။





"ဟုတ်တယ် သူ့ကားထဲမှာ အမျိုးသမီးတစ်ယောက် ပါသွားသလိုပဲ"

ဇဝေဇဝါဖြစ်နေသော စို့ကို မြင်လိုက်တယ်ဟု မပြောချင်၍

"သူပြောတော့ ခရီးထွက်မယ်ဆိုပြီး မနေ့ထဲက ထွက်သွားတာလေ၊ ခုဘယ်နှယ့် ရန်ကုန်မှာရှိနေပါလိမ့်၊ ကျေနော် သူ မသွားဖြစ်ဘူးထင်တယ်နော် သဏ္ဍာန်"

"သေချာအောင် ဖုန်းဆက်ကြည့်လိုက်မယ်လေ"

သဏ္ဍာန် ကားမောင်းရင်း ဖုန်းထုတ်ပြီး ကျော်ခင်ခဆီကို ဆက်လိုက်သည်။ စပီကာပါ တစ်ခါတည်းဖွင့်လိုက်သည်။ ဒါမှ စိုပါ ကြားရမှာ။

"ဟဲလို ကျော်ခင်ခ မင်းဘယ်မှာလဲ"

"ငါလား ဟား ဟား ဟား စို့ကိုခရီးထွက်မယ်ဆိုပြီး ဖယား အသစ်ကလေးနဲ့ ရွှေ့နေတယ်လေ"

ကျော်ခင်ခ ဖုန်းထဲမှာပြောလိုက်သောစကားကြောင့် စို မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"မင်းကွာ ကိုယ့်ဆီမှာမိန်းမတစ်ယောက်လုံး ရှိနေတာကို ဘာ ဖယားကရွှေ့ချင်နေတာလဲ၊ မင်း အဲဒီကိစ္စကို ရပ်တန်းက ရပ်သင့်နေပြီနော် ကျော်ခင်"

စို့ကို သနားပေမယ့် စိုပါ ကျော်ခင်ခအကြောင်း သိသင့်သည်



www.burmeseclassic.com

www.burmeseclassic.com



မို့ ဝင်ပြီး ပနာယူပြလိုက်ခြင်းဖြစ်သည်။

"မင်းကလည်းကွာ ငါနဲ့စိုနဲ့က ခုချိန်ထိ လင်မယားစခန်းကိုမှ မရောက်သေးတာ၊ ငါတစ်ဖက်မှာ ငါချစ်တဲ့သူနဲ့တွဲတာ အပြစ်ရှိလို့လား"

"ရှိတယ် ဟေ့ကောင်၊ မင်းတို့ဟာသာ လင်မယားအရာမြောက် မြောက် မမြောက်မြောက် မင်းတို့က လူသိရှင်ကြားလက်ထပ်ထားတဲ့ ဇနီးမောင်နှံတွေကွ၊ ဒါလည်း ဖောက်ပြန်တာပဲ"

စို ဆက်ပြီးနားမထောင်ချင်တော့။ ထို့ကြောင့် စိုလက်က ဖုန်း ပြောနေသော သဏ္ဍာန့်လက်ထဲက ဖုန်းကို ဆတ်ခနဲ လှမ်းယူပြီးပိတ် ပစ်လိုက်သည်။

"ဟာ စို ဖုန်းပြောလို့ မပြီးသေးဘူးလေ"

"ဟင့်အင်းဟာ ငါ နားမထောင်ချင်ဘူး၊ ဒီကောင် အရမ်းယုတ် မာတယ်၊ နောက်တစ်ယောက်နဲ့ဖောက်ပြန်မယ်ဆိုရင်လည်း ငါ့ဆီက ကွာရှင်းခွင့်ယူပါလား ငါ ကွာရှင်းခွင့်ပေးမှာပေါ့"

မျက်ရည်မကျအောင် မနည်းထိန်းပြောနေရပေမယ့် စိုအသံတို့ က တုန်ခါနေသည်။ သဏ္ဍာန်ရှေ့မှာ စို ကျော်ဒင်ခနှင့်ပတ်သက်ပြီး စိတ်လှုပ်ရှား၍ မဖြစ်။

"သိပ်လည်း စိတ်မကောင်းမဖြစ်ပါနဲ့ စိုရာ၊ ဒီကောင်နဲ့ငါနဲ့ တွေ့ပြီး ပြောပါဦးမယ်"

စိုမျက်နှာ တင်းသွားပြီး





"ငါတို့အိမ်ထောင်ရေးကိစ္စ နင်နဲ့ဘာဆိုင်လဲ သဏ္ဍာန်၊ ဘာလဲ အဲဒီမိန်းမနဲ့အဆက်ဖြတ်ပြီး စိုကို ရိုးမြေကျပေါင်းသင်းပေးပါလို့ တောင်း ပန်မလို့လား၊ လုံးဝမလိုတူးနော် သဏ္ဍာန် ငါအဲဒါမျိုး လုံးဝလက်မခံဘူး"

ဒီနေ့ စိုစိတ်တွေ တစ်စက်ကလေးမှ မကြည်လင်ခဲ့၊ ကိုယ့်တက် ဘ ရိုးသားစွာ ဆက်ဆံခဲ့ပြီးမှ သူ့ဘက်က ဘာကြောင့်ဖောက်ပြန်ခဲ့ရ တာလဲ။ ကျော်ဒင်ခ အဲဒီလောက် ယုတ်မာလိမ့်မယ်လို့ စို မတွေးခဲ့မိတာ စို တော်တော်ညံ့ဖျင်းတာပဲ။

"သမီးစို အိမ်မပြန်သေးဘူးလား မှောင်တော့မယ်လေ"

မေမေက စိုးရိမ်ပြီး သတိပေးသည်။ တကယ်ဆို စို အိမ်ကို သုံးဝပြန်ချင်စိတ်မရှိ။ ဒီည ကျော်ဒင်ခ ခရီးသွားရာက ပြန်လာမည့်ည။ တကယ်တမ်း သူက ခရီးသွားနေတာမှ မဟုတ်တာ။

"ပြန်မယ် မေမေ သဏ္ဍာန်က အပြန်ဝင်ခေါ်မယ်ဆိုလို့ စို စောင့်နေတာပါ"

"ဪ သဏ္ဍာန် ဝင်ခေါ်မှာလား"

"ဟုတ် မေမေ"

"ကျော်ဒင်ခရော ဘယ်တော့မှ ပြန်လာမှာလဲ"

"ဒီညတော့ ပြန်ရောက်မယ်လို့ ပြောသွားတယ်"

"အေး အေး သမီးတို့အိမ်ထောင်ရေး အဆင်ပြေတာမြင်ရ တော့ မေမေ စိတ်ချမ်းသာပါတယ်ကွယ်၊ မေမေလည်း မြေးလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ချိချင်နေပြီကွယ့်၊ မေမေ့ကို မြေးလေးတွေမွေးပေးဖို့ အစီအစဉ်မရှိကြ
သေးဘူးလား''

ဘာမှမသိရှာသော မေမေ့ဆန္ဒကို စို ဘယ်လိုဖြည့်ဆည်းပေးရ
မလဲ။ ခုပုံအတိုင်းဆို ကျော်ဒင်ခကို စို ဘယ်လိုမှ ရှေ့ဆက်မပေါင်းသင်း
နိုင်တော့တာ သေချာသွားပြီ။

''မေမေ့ကို မြေးလေးတွေအများကြီးနဲ့ ပျော်စေချင်ပါတယ်
မေမေရယ် ဒါပေမဲ့''

စို ရှေ့ဆက်ပြီး ပြောစရာစကားမရှိ။ အဖြစ်မှန်ကို မေမေသိ
သွားရင် ချက်ချင်းသွေးတိုးပြီး ဆီးချိုတွေပါ တက်သွားမလားမသိ။
တကယ်ဆို စို့အိမ်ထောင်ရေးက မင်္ဂလာဦးညကတည်းက အဆင်မချော
တာပါ။

''ဒါပေမဲ့ ဘာဖြစ်လို့လဲ သမီးရဲ့''

''ဩော် ဘာ ဘာမှမဖြစ်ပါဘူး မေမေရဲ့၊ မေမေ လိုချင်တဲ့
မြေးလေးတွေ တစ်ချိန်ချိန်တော့ ရလာမှာပေါ့''

အသက်မပါသော ဖြေသိမ့်ခြင်းတွေဖြင့် မေမေ ယုံအောင်
ဖြေလိုက်သည်။ မေမေ ဝမ်းသာသောမျက်နှာဖြင့်

''အေးပါ သမီးရယ် မေမေ အဲဒီအချိန်ကို မျှော်နေပါ့မယ်''

သားအမိနှစ်ယောက် ပြိုင်တူ ပြုံးလိုက်ကြသည်။

■ ■ ■



## အခန်း (၃၁)

''ဘယ်လိုလဲ ကိုကျော်ဒင်ခ ရှင် ရာဘာခြံဝယ်ဖို့ ခြံပိုင်ရှင်နဲ့
ဈေးသွားညှိတာ အဆင်ပြေခဲ့ရဲ့လား''

စို ဘာမှမသိသလိုဟန်ဖြင့် ခပ်အေးအေးမေးလိုက်သည်။ ကျော်
ဒင်ခ စိုအဆင်သင့်ပြင်ထားသော ထမင်းဝိုင်းတွင် ဝင်ထိုင်လိုက်ပြီး

''မပြေပါဘူး စိုရယ် သူက ကိုယ်လိုချင်တဲ့ဈေးကို လုံးဝလျှော့
မပေးဘူးကွာ၊ နောက်ပြီး သူ့ရာဘာပင်သက်တမ်းကလည်း အရမ်းနုသေး
တာ၊ ကိုယ်က ငွေတွေအကြာကြီး မြှုပ်ထားရဦးမှာလေ''

ယုံအောင်ပြောနေသော ကျော်ဒင်ခကိုကြည့်ပြီး စို တော်တော်
အံ့သြမိသည်။ လူတစ်ယောက်၏အတွင်းစိတ်ကိုမသိဘဲ စို တစ်ဘဝလုံး
ကို ပုံအပ်ခဲ့မိသည့်နောင်တက စို တစ်ဘဝစာလုံးအတွက် အမြဲတမ်း
ခြောက်လှန့်နေပေတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က စိုကို အရမ်းသတိရနေတာကွ၊ အလုပ်ကိစ္စကြောင့်သာ ခရီးထွက်သွားရတာ စိုကို သိပ်ခွဲနိုင်တာမဟုတ်ဘူး"

စို မသိမသာမဲ့လိုက်သည်။ သူ့လုပ်ရပ်ကို စို မသိဘူးထင်ပြီး ဟန်လုပ်ပြောနေသော ကျော်ဒင်ခကို ရှင် တခြားမိန်းမတစ်ယောက်နဲ့ သွားဖောက်ပြန်နေတာ ကျွန်မသိတယ်ဟု ပြောဆိုရန်တွေ့လိုက်ချင်ပေမယ့် ကျော်ဒင်ခ၏ဖောက်ပြန်ပုံကို စို လက်ပူးလက်ကြပ်မိအောင် စောင့်ကြည့်ချင်သေးသည်။

အဲဒီအချိန် သူ စိုကို ဘယ်လိုငြင်းမလဲ။

"စို ဘာတွေ ဆွေးနေတာလဲ နေမကောင်းဘူးလား၊ မျက်နှာက ဖြူဖတ်ဖြူလျော်နဲ့"

"နေကောင်းပါတယ်၊ ကိုကျော်ဒင်ခရယ် ဒီနေ့စိတ်မကောင်းစရာကိစ္စလေးတစ်ခုနဲ့ ကြုံခဲ့ရလို့ပါ"

ကျော်ဒင်ခ ထမင်းကို ဟန်လုပ်စားပြနေရင်းမှ စိုကို အကဲခတ်သလိုကြည့်ပြီး

"ဘာများလဲ စို ကိုယ့်ကိုပြောပြလေ"

"စိုပြောပြလည်း ရှင်သိမှာမှမဟုတ်တာ ကဲ စားနှင့်တော့နော် စို လုပ်စရာတွေရှိသေးတယ်"

ကျော်ဒင်ခနား ဆက်နေလျှင် စို့ဒေါသတွေ အဆောက်အအုံကြီးထွားလာနိုင်သည်။ ထို့ကြောင့် စို အခန်းထဲဝင်ခဲ့လိုက်သည်။ ဒီည





ကျော်ဒင်ခနှင့် တစ်အိပ်ရာထဲ အတူမအိပ်ဖြစ်အောင် စို အကြံထုတ်ရဦးမည်။

အိပ်ခန်းထဲတွင် စို ခေါက်တုံ့ခေါက်ပြန်လျှောက်ပြီး အကြံထုတ်နေစဉ် ကျော်ဒင်ခဖုန်းထဲ မက်ဆေ့ဝင်လာသည်။ ထိုသို့ မက်ဆေ့ဝင်လာတိုင်း စိုဘယ်တုန်းကမှ ဖွင့်မဖတ်ဖြစ်။ စိုနှင့်ဘာမှ မသက်ဆိုင်ဘူးဟုတွေးကာ မဆိုင်သလို နေခဲ့ဖူးသည်။ ခုတော့ စို ဖွင့်ကြည့်မှရမည်။

"ကို ရှိစ်တို့ကိစ္စကို စို့ကိုဖွင့်ပြောပြလိုက်တော့လေ ရှိစ်တော့ အဲလိုဇာတ်မျောကြီးနဲ့ မနေနိုင်တော့ဘူးကွာ"

"ဖြစ်နိုင်ရင် ဒီညပဲ ပြောပြလိုက်တော့"

မက်ဆေ့ပို့လာသောစာကို ဖတ်ပြီး စို အံ့အားသင့်နေသည်။ ရှိစ်ဆိုတာ ဘယ်သူလဲ သူက စိုကိုသိနေပါလား။

စို ခပ်တိုးတိုးပြောပြီး ကျော်ဒင်ခ အနေနဲ့စာပြန်ပို့လိုက်သည်။

"ကိုယ်လဲပြောချင်ပါတယ်၊ စို့ကိုအားနာနေလို့"

ဖုန်းကိုင်ပြီး စာရိုက်နေသော လက်အစုံ တုန်နေသည်။ စို ရေးလိုက်သောစာကို send လုပ်ကိုသည်။ သူ့ထံမှ စာပြန်ရိုက်နေသည့် မက်ဆေ့ ပြန်ဝင်လာသည်။

"ဒါဆို ရှိစ်ပြောလိုက်ရမလား"

"Ok လေ ရှိ့စ်ပြောလိုက် စိုကမေးလာတော့မှ ကိုယ်နဲ့သူ ကွာရှင်းဖို့ ပြောလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစာကြောင်းကို ပြန်ရေးပို့လိုက်ပြီး အောက်နှုတ်ခမ်းကို ပြွတ်လုမတတ် ဖိကိုက်လိုက်သည်။

"မနက်ဖြန် ဒီနေ့တွေ့တဲ့ ကော်ဖီဆိုင်မှာစောင့်နေ ကိုယ်လာခဲ့မယ်"

"အိုကေ"

ရှိုစ်ဆိုတာ ဘယ်သူလဲသိရဖို့ ကျော်ဒင်ခအနေနဲ့ ချိန်းလိုက်သည်။

မဟုတ်မှလွဲရော ကျော်နှင်းဆီများ ဖြစ်နေမလား။

"အို မဖြစ်နိုင်တာ ကျော်နှင်းဆီနဲ့ ကျော်ဒင်ခတွဲဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါတခြားတစ်ယောက်ပဲ ဖြစ်မှာပါ"

သူငယ်ချင်းအပေါ် ဝင်ခဲ့မိသည့် သံသယကို ခပ်မြန်မြန်ဖျောက်ပြီး စို ပို့ထားသော မက်ဆေ့တွေကို delete လုပ်ပစ်လိုက်သည်။

ထိုစဉ် အခန်းအပြင်မှ ကျော်ဒင်ခ ခြေသံကြောင့် ဖုန်းကို ဟန်မပျက်ထားပြီး အိပ်ရာမှ အသာလှဲအိပ်လိုက်သည်။

"စို အိပ်ပြီလား"

စို မဖြေ။ တမင်ပင် အိပ်ပျော်ဟန်ဆောင်လိုက်သည်။ စိုနှင့် ကျော်ဒင်ခ ဘာမှပတ်သတ်စရာ အကြောင်းမှမရှိတော့တာ။

■ ■ ■

ကော်ဖီဆိုင်ရှေ့ ရောက်ပေမယ့် စိုတော်တော်နှင့် ကားပေါ်မှ





ဆင်းသေးဘဲ ကားထဲမှာပင် ရှိုစ်ဆိုသောသူကိုစောင့်ကြည့်နေလိုက်သည်။ မမြင်ဖူးပေမယ့် တစ်ယောက်ထဲလာမည်မို့ အလွယ်တကူ မှန်းနိုင်လောက်သည်။

ငါးမိနစ်ခန့်ကြာတော့ ကျော်နှင်းဆီ မောင်းလာသောကားက စိုကားနှင့် ခပ်လှမ်းလှမ်းနေရာတွင် ရပ်လိုက်သည်။ စို ကားထဲမှကြည့်ပြီး ဘုရားတမိသည်။

"ဘုရားရေ ငါ ငါထင်သလိုမျိုး ရှိုစ်ဆိုတဲ့ မိန်းမက ကျော်နှင်းဆီများ ဖြစ်နေမလား"

ဆိုင်ထဲသို့ ခပ်ကြော့ကြော့လေး ဝင်သွားသော ကျော်နှင်းဆီကို မသိမသာ အကဲခတ်ရန် စိုပါ ကော်ဖီဆိုင်ထဲသို့ ဝင်လာလိုက်သည်။

စားပွဲတွင်ထိုင်နေသော ကျော်နှင်းဆီ ဖုန်းဆက်နေသည်။

"ကို မလာသေးဘူးလား ရှိုစ်ကရောက်တောင် ရောက်နေပြီ ဆော ချိန်းထားပြီးတော့ သူကနောက်ကျနေတယ်"

စိုအတွက် ဒီထက်ပိုပြီး စောင့်ကြည့်စရာမလိုတော့။ ကျော်ဒင်ခနှင့် ငြိနေတာ ကျော်နှင်းဆီဆိုတာ သေချာသွားပြီပဲ။

"ကျော် ရှင် ကျော်ဒင်ခကို စောင့်နေတာလား"

အနားလာရပ်ပြီး ပြောလိုက်သော စိုအသံကြောင့် ကျော်နှင်းဆီ မော့ကြည့်ပြီး

"ဟင် စို ရှင်ရောက်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ရှိစ်ဆိုတာ ဘယ်သူလဲသိရအောင် လာစောင့်ကြည့်နေတာလေ လတ်စသတ်တော့ ရှင်ဖြစ်နေတာကိုး"

ကျော်နှင်းဆီနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

"ဒါဆို မက်ဆေ့ပြန်ဖြေတာ ရှင်လား"

"ဟုတ်တယ်လေ နင့်ကို ချိန်းလိုက်တာ ငါပဲ၊ ကျော်ဒင်ခ မဟုတ်ဘူး"

ကျော်နှင်းဆီ ပေါ့ပေါ့ပါးပါးရယ်ကာ

"အင်း ရှင်လာတော့လည်း ပိုကောင်းသွားတာပေါ့ ရှင်နဲ့ကျော်ဒင်ခတို့လည်း ငါတို့လိုပဲ မိဘတွေပေးစားလို့သာ လက်ထပ်လိုက်ပေမယ့် ခုချိန်ထိ အပျိုလူပျိုတွေလို ကင်းကင်းရှင်းရှင်း နေနေကြသေးတယ်ဆိုတာ ကျုပ်သိပါတယ် စိုရယ်"

ကျော်နှင်းဆီ ဘာကိုရည်ရွယ်ပြီး ပြောဆိုနေသလဲဆိုတာ မသိပဲ ရှိဖို့မလား။

"အခု ကျုပ်နဲ့ကျော်ဒင်ခနဲ့ ငြိနေကြပြီဟ"

"ဒါဆိုရှင်က ကျော်ဒင်ခရဲ့ မယားငယ် ဖြစ်သွားပြီပေါ့"

ခပ်ရွဲ့ရွဲ့ပြောလိုက်သော စိုစကားကြောင့် ကျော်နှင်းဆီ မျက်နှာမဲ့သွားကာ

"သူငယ်ချင်း အချင်းချင်းအဲလိုတော့ ဒွဲ့မကစ်နဲ့လေဟာ ကျုပ်က ကျော်ဒင်ခ မယားငယ်မဟုတ်သလို ရှင်ကလည်း ကျော်ဒင်ခရဲ့





မယားကြီး မဟုတ်ဘူးလေ၊ တကယ်တော့ ဖူးစာရေးနတ်က ငါတို့ကို နေရာမှားပြီး ချပေးထားတာဟ"

အားနာရကောင်းမှန်းမသိ စိတ်လွတ်ကိုယ်လွတ် ပြောနေသော ကျော်နှင်းဆီကို စို တော်တော်လေး အံ့ဩနေမိသည်။

"ရှင်နဲ့ကျော်ဒင်ခ ဘယ်အချိန်ကတည်းက ဒီလိုအခြေအနေ ရောက်နေကြတာလဲ"

"သူနဲ့ငါ စတွေ့ကြတာ အပြင်မှာမဟုတ်ဘူး လိုင်းပေါ်မှာတွေ့ကြတာ၊ ငါတို့တစ်ယောက်ကို တစ်ယောက်မမြင်ဖူးကြဘဲ ညတိုင်း chatting ဆိုင်ကြတယ်၊ ကြာတော့ ငါတို့သံယောဇဉ်တွေ ဖြစ်သွားကြတယ်လေ၊ အဲဒါနဲ့ငါလည်း သူ့ကို လူမမြင်ဖူးဘဲချစ်မိသွားပြီး သဏ္ဍာန်နဲ့ ကွာရှင်းခဲ့တယ်"

ဝိတ်တာလေး ကော်ဖီခွက်လာချပေး၍ ကျော်နှင်းဆီ စကားစကို ဖြတ်ရပ်လိုက်သည်။ ဝိတ်တာလေး ထွက်သွားမှ ဆက်ပြော၏။

"ငါနဲ့သူ အပြင်မှာ လူချင်းတွေ့ကြတဲ့နေ့က ငါအွန်လိုင်းပေါ်မှာ ချိန်းခဲ့တဲ့သူဟာ ကျော်ဒင်ခ ဖြစ်နေတာကိုသိရတော့ ငါ့ကိုယ်ငါ ဘာပြောလို့ပြောရမှန်း မသိအောင် ရှက်မိတယ်၊ သူကလည်း ငါဖြစ်နေတာ သိပြီး အံ့ဩပေမယ့် ငါ့လောက်စိတ်မလှုပ်ရှားဘူး၊ ငါသူ့ကို ဘာမှမပြောတော့ပဲ ဆိုင်ထဲက လှည့်ထွက်ဖို့ပြင်တော့ သူငါ့နောက်ကျောကနေ ဖိုင်းလိုက်ပြီး ကိုယ်တို့အချစ်စစ်ကို ရှာတွေ့သွားကြပြီပဲ ဘာကိုတွန့်ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



နေတာလဲ၊ ရဲရဲသာ ဆက်လျှောက်လိုက်ပါဆိုပြီး ပြောတယ်၊ အဲဒီမှာတင် သူနဲ့ငါ ဆက်တွဲဖြစ်ကြတယ် စို ငါဘာကြောင့် ဆက်တွဲသလဲဆိုတော့ သူနဲ့ရှင်နဲ့ကလည်း လုံးဝကင်းရှင်းနေသေးတဲ့ ဟန်ဆောင်လင်မယားလေ ဒါကြောင့် ငါရှင့်အပေါ် အပြစ်လုပ်မိသွားတယ်၊ အဲဒီအတွက် ရှင် ခွင့်လွှတ်ပေးပြီး သူ့ကို ကွာပေးလိုက်ပါလား''

ရက်ရက်ရောရော တောင်းဆိုနေသော ကျော်နှင်းဆီကို စို ဘယ်လို အပြစ်တင်ရက်ပါ့မလဲ။ ထူးဆန်းတာက စို့ဆီမှာ ဝန်တိုစိတ် ခံပြင်းဒေါသစိတ်တွေ ရှိမနေတာပါပဲ။

''ရှင်တို့နှစ်ယောက် တကယ့်အချစ်စစ်ကို တွေ့သွားကြပြီ ဆိုမှတော့ ငါကလည်း ကျော်ဒင်ခကို ကွာရှင်းဖို့ဘာကြောင့် တွန့်ဆုတ် နေရမှာလဲ ငါ့အတွက်လည်း ကျော်ဒင်ခလို သစ္စာမရှိတဲ့ ယောကျ်ားမျိုး ကို သည်းခံပြီး လက်တွဲနေစရာ မလိုပါဘူး''

''ရှင် ရှင် ငါ့ကို အထင်သေးသွားပြီလား စို''

ကျော်နှင်းဆီ အမေးကို စိုပြုံး၍ ခေါင်းလိုက်လိုက်သည်။

''ဒီအချိန်မှာ ဒါတွေလာမေးမနေပါနဲ့တော့ ကဲ ငါသွားတော့ မယ် သူငယ်ချင်း''

ကျော်နှင်းဆီကို နှုတ်ဆက်ပြီး စို ကော်ဖီဆိုင်ထဲမှ ထွက်ခဲ့လိုက် သည်။

စို့ရင်ထဲမှာ ကျော်ဒင်ခကို ဆုံးရှုံးလိုက်ရပြီဆိုသည့် ပူဆွေး





သောကအစား ကိုယ့်အသွေးအသားတွေကို ညာယူသွားသော ကျော်ဒင်ခ ကို ဗီလိန်အဖြစ် အော့နှလုံးနာနေမိသည့် ခံစားချက်က ဘဝတစ်ခုလုံး စုတ်ပြတ်သွားသလို ခံစားရသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ကဲ ရှင်းစမ်းပါဦး မင်းနဲ့ငြိနေတဲ့ မိန်းမရှိနေတာကို ဘာဖြစ်လို့ စိုကို ဖွင့်ဖွင့်လင်းလင်း မပြောတာလဲ၊ စိုရဲ့ယုံကြည်မှုတွေကို မင်းအလွဲသုံးစားလုပ်တာတော့ မကောင်းဘူးပေါ့ကွာ"

"ငါ အလွဲသုံးစား လုပ်တာမဟုတ်ပါဘူး သူငယ်ချင်းရာ စိုကို ဖွင့်ပြောမလို့ပါပဲ၊ ဒါပေမဲ့ စိုဘက်က ငါ့ကိုခွင့်လွှတ်ပါပြီလို့ စပြောလာတော့ ငါပြောမယ့်စကားတွေက စိုကိုစိတ်ထိခိုက်သွားနိုင်တာမို့ ငါမပြောသေးဘဲ အချိန်ဆွဲမိတာပါကွာ၊ နောက်ပြီး ငါနဲ့အွန်လိုင်းပေါ်မှာ ငြိသွားတယ်ဆိုတဲ့သူက ဘယ်သူလဲဆိုတာ မင်းမသိချင်ဘူးလား"

မျက်နှာငယ်လေးဖြင့် မေးလာသော ကျော်ဒင်ခကို ဘယ်သိမှာလဲ ဟူသော အကြည့်ဖြင့် ကြည့်လိုက်ပြီး

"မင်းတွဲနေတဲ့ မိန်းမ ဘယ်သူဖြစ်မလဲဆိုတာ ငါဘယ်သိမလဲ





အရေးထဲ ပဟေဠိတွေ လာလုပ်နေပြန်ပါပြီ"

"မင်း စိတ်မဆိုးရဘူးနော်"

"ဘာလဲ ငါ့အမျိုးထဲကမို့လား ပြောမှာသာ ပြောစမ်းပါကွာ"

"ကျော်နှင်းဆီ ကွ"

"ဘာ"

ကျော်ဒင်ခ တွန့်သွားပြီး သဏ္ဌာန်နဲ့ကို မရဲတရဲကြည့်ပြီး

"ငါ ငါလည်း အွန်လိုင်းပေါ်မှာ Chat ကြတော့ ကျော်နှင်းဆီနီး ဘယ်သိမလဲကွာ ငါ့ကိုလည်း သူမသိဘူး၊ ငါတို့သံယောဇဉ်တွေဖြစ်လာကြပြီး အွန်လိုင်းပေါ်မှာပဲ ချစ်သူတွေ ဖြစ်သွားကြတယ်ကွာ၊ အဲဒါနဲ့ အပြင်မှာလူချင်းတွေ့ဖို့ ဒိတ်ကြတော့ မင်းရဲ့မိန်းမ ဖြစ်နေတယ်"

"တော် တိတ်"

"အယ် ငါ့ ငါ့ကိုခွင့်လွှတ်ကွာ သူနဲ့ငါ အပြင်မှာစဒိတ်တော့ မင်းနဲ့လည်း ကွာရှင်းပြီးသား ဖြစ်နေပြီလေကွာ၊ နောက်ပြီး ငါတို့ရဲ့ သံယောဇဉ်ကလည်း ခိုင်မာနေပြီ၊ ဒါ ဒါကြောင့် ငါတို့ဆက်တွဲဖြစ်ကြတယ်၊ အဲဒီအချိန်မှာ စိုကလည်း ငါ့ကို အရောတဝင်ရှိလာတော့ ငါ ငါလည်း စိုကိုရော ကျော်နှင်းဆီကိုရော လက်မလွှတ်ချင်တော့ဘူး"

"ခွပ်"

ကျော်ဒင်ခ မျက်နှာပူခနဲ ဖြစ်သွားသည်။

"မင်း မင်း ငါ့ကိုထိုးတယ် ဟုတ်လား၊ ငါ ငါပြောပြီးပြီလေ

www.burmeseclassic.com

www.burmeseclassic.com



မင်းမိန်းမနဲ့ ငါငြိတာမှန်ပေမယ့် မင်းတို့ကွာရှင်းပြီးမှ သူဟာ ကျော်နှင်းဆီ မှန်း သိတာပါလို့"

"တော်စမ်း မင်း အဲဒီကောင်မကို ငါ့မိန်းမဆိုတဲ့ နာမ်စားမျိုး မသုံးမိစေနဲ့ ငါအခုမင်းကို ထိုးလိုက်တာ ကျော်နှင်းဆီကို ပတ်သက်လို့ ထိုးတာမဟုတ်ဘူး။ သူနဲ့မင်းငြိငြိ မငြိငြိ ငါစိတ်မဝင်စားဘူး အခု ငါ့လက် သီးက စို့အတွက်ကွ"

"ဟင် စို စိုကငါ့မိန်းမပဲကွ"

"အေး အဲဒါကိုက မင်းကိုသတ်ပစ်ချင်စရာ ဖြစ်သွားတာ မင်း စို့ကို မိန်းမလို့ အသိအမှတ်ပြုရင် ဘာဖြစ်လို့တခြားမိန်းမနဲ့ ဖောက် ပြန်သလဲ ခုတော့ မင်းကိုအချောင်သမားပဲ ဟိုကိုလည်းမလွှတ် ဒီက လည်းမလွှတ်နဲ့"

"ဒါ ဒါကတော့ ငါ့နေရာမှာ မင်းဆိုရင်ရော စို့ကိုငြင်းမလား နောက်ပြီး သူတို့နှစ်ယောက်စလုံးက အရမ်းလှကြတယ်၊ ဒါကြောင့် ငါ စို့ကိုရော ကျော့ကိုရော လက်မလွှတ်ချင်တော့တာပေါ့"

"ဒါဆို စိုက အပျိုစင်မဟုတ်တော့ဘူးပေါ့ ဟုတ်လား ကျော် ကြီး"

"တစ် တစ်ခါထဲပါကွာ အဲနောက်ပိုင်း စို့ကိုငါ လက်ဖျားနဲ့ တောင် ထိခွင့်မရတော့ပါဘူး၊ ခုဆိုရင် စို ငါ့ကိုရှောင်နေတယ်၊ ငါ ငါလည်း ကိုယ့်လိပ်ပြာ ကိုယ်မလုံတာနဲ့ စို့အနားကို သိပ်မကပ်ရဲခဲ့ဘူး





ခုဆိုရင် ငါနဲ့ရှိစ်အကြောင်းကို သိပြီးလောက်ပြီကွ သူနဲ့ရှိစ်နဲ့အပြင်မှာ တွေ့နေကြတယ်တဲ့"

သူပြောသည့် တစ်ခါထဲပါဆိုသည့် စကားတစ်ခွန်းက သူ့အ တွက် အမြတ်ထုတ်၍ ရသွားပေမယ့် ကိုယ်နှင့်စိုအတွက်တော့ ဘဝတစ်ဖွဲ့ ပဲ့သွားသည့်နှယ်။ ထိုအများကို ဘယ်လိုမှ ပြန်လည်ပြင်ဆင်၍ မရနိုင် တော့။

"မင်းနဲ့ရှိစ်အကြောင်း ငါစိတ်မဝင်စားဘူး ကျော်ဒင်ခ၊ မင်း စို့အပေါ်မှာ ယုတ်မာတာကိုပဲ ငါ ခံပြင်းတယ်"

"ငါ မှားပါတယ်ကွာ"

"မှားပါတယ်ဆိုပြီး မိန်းမနှစ်ယောက်ကို တစ်ပြိုင်တည်း ပေါင်း သင်းမလို့လား"

"စို စိုက မိဘတွေပေးစားထားတာလေ၊ ငါ ကွာရှင်းလို့ မဖြစ် ဘူး"

"ဘာလို့မဖြစ်ရမှာလဲ မင်း စို့ကို ကွာကိုကွာရှင်းရမယ်၊ မင်းလို သူယုတ်မာလက်ထဲ စို့ဘဝကို အနစ်မွှန်းမခံနိုင်ဘူး"

"အဲ အဲလိုမဟုတ်ပါဘူးကွာ၊ ငါကစပြီး စိုကို ကွာရှင်းမယ်လို့ ပြောမထွက်လို့ပါ၊ စိုကသာ ကွာရှင်းပေးမယ်ဆိုရင် ငါက ကျေကျေနပ် နပ်ကြီး ကွာရှင်းပေးမှာပါ"

"ကောင်းပြီလေ မင်းသာ စို့ကိုမကွာပေးရင် မင်းနဲ့ကျော်နှင်းဆီ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုအရှက်ကွဲမလဲဆိုတာ စောင့်ကြည့်လိုက်''

ကျော်ဒင်ခကို ကျိန်းဝါးပြီး ကားရှိရာသို့ ဒေါသခြေလှမ်းဖြင့် လျှောက်လာခဲ့လိုက်သည်။

စို ဘယ်လောက်တောင် ခံစားနေရမလဲဆိုတာ သဏ္ဍာန် သိသည်။

''ကျွန်မတို့ ကွာရှင်းကြရအောင် ကိုကျော်ဒင်ခ''

စို့ထံမှ ဒီလိုစကားမျိုး ပြောထွက်လာလိမ့်မည်ဆိုတာ ကျော်ဒင်ခ တွက်ပြီးသားပါ။

''ခုချိန်မှာ စို့ကို ပြောစရာစကား မရှိတော့ပါဘူး စိုရယ်၊ ကိုယ်မှားပါတယ်၊ အနည်ထိုင်ပြီးသားဘဝတစ်ခုကို နိုင်မာအောင် မကြိုးစားဘဲ ဆန္ဒတွေကို ဦးစားပေးခဲ့မိတယ်''

စို နှုတ်ခမ်းကို ခပ်တင်းတင်းစေ့လိုက်ပြီး ကျော်ဒင်ခကို စက်ဆုပ်စွာ ကြည့်သည်။

''ခုချိန်မှာ ဒါတွေပြန်ပြောပြနေလို့ရော ဘာထူးလာမှာမို့လဲ၊ ရှင့်အတွက် ဒီအချိန်မှာ အသင့်တော်ဆုံးက ကျွန်မနဲ့ကွာရှင်းပြီး ကျော်နှင်းဆီကိုလက်ထပ်လိုက်ဖို့ပဲမဟုတ်လား၊ ကျွန်မဘက်က ကျေကျေနပ်နပ်ကြီးကို ကွာရှင်းပေးပါ့မယ်၊ ရော့ ဟောဒီမှာ ကွာရှင်းစာချုပ်၊ ကျွန်မတို့ခုပဲ တရားရုံးမှာသွားပြီး ကွာရှင်းကြရအောင်''

ကျော်ဒင်ခ ဆက်တီစားပွဲပေါ် တင်ပေးသော ကွာရှင်းစာချုပ်





နှစ်စောင်ကို စိတ်မကောင်းစွာ ကြည့်လိုက်ပြီး သက်မတစ်ချက်ကို ဟင်းခနဲ ချလိုက်သည်။

''အဲလောက် မြန်မြန်ဆန်ဆန်ကြီး ကွာရှင်းစရာလိုလို့လား စို''

စို့ထံမှ စက်ဆုပ်ရွံရှာသောအကြည့်စူးစူးတွေ ဖျတ်ခနဲ ရောက်လာပြီး

''ရှင်က ဘာဖြစ်လို့ အချိန်ဆွဲချင်နေတာလဲ ဘာလဲ မိန်းမနှစ်ယောက်ကို တစ်ပြိုင်တည်း ပေါင်းသင်းချင်နေတာလား၊ အဲဒါဆိုရင်တော့ ရှင် လောဘတွေကို တရားဥပဒေရဲ့အဆုံးအမကို ခံနိုင်းလိုက်လေ၊ ကျွန်မကတော့ ရှင့်လိုလူမျိုးနဲ့ ဘဝစက္ကန့်လေးတောင် မပတ်သက်ချင်တော့ဘူး၊ ရှင်နဲ့ကျွန်မအကြောင်းကို ရှင့်မိဘတွေရော ကျွန်မမိဘတွေကိုပါ အားလုံး အသိပေးပြီးသွားပြီ၊ သူတို့အားလုံး တရားရုံးမှာ စောင့်နေကြလိမ့်မယ်''

တည်ငြိမ်အေးဆေးလွန်းသော စိုကိုကြည့်ပြီး ကျော်ဒင်ခ မကွာရှင်းချင်သောဆန္ဒတွေကို တောင့်ခံ၍မရတော့။

''ကိုယ် စို့ကိုတစ်ခုတော့ မေးချင်တယ်''

''မေးပါ''

''စို ကိုယ့်ကို တကယ်ချစ်ခဲ့သလား၊ မချစ်ခဲ့ဘူးလားဆိုတာ ကိုယ် သိချင်တယ်''

စို နာကျည်းစွာ ပြုံးလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



“ရှင့်ကို အဲဒီအဖြေပေးဖို့ လိုသေးလို့လား”

“လိုတာပေါ့ စိုရယ်၊ ကိုယ့်အတွက်တော့ စိုနဲ့လက်ထပ်ခဲ့တဲ့ ခြောက်လသက်တမ်းဟာ ဘဝမှာ အမြဲအမှတ်ရနေမယ့် အချိန်ကာလ တစ်ခုပါ”

“ကျွန်မအတွက်တော့ စက်ဆုပ်ရွံရှာစရာကောင်းတဲ့ အချိန်ကာလတစ်ခုလို့ပဲ မှတ်ယူထားလိုက်မယ် ကိုကျော်ဒင်ခ၊ တကယ်ဆို ကျွန်မ ရှင့်ကို လုံးဝမချစ်ခဲ့ပါဘူး၊ ကဲ ရှင်သိချင်တဲ့အဖြေကို ကျွန်မပေးပြီးပြီမို့ ကျွန်မတို့ တရားရုံးကို သွားကြရအောင်”

ခပ်ငေါင်ငေါင်ဖြစ်နေသော ကျော်ဒင်ခ ရှေ့မှ အရင်ဆုံးထကာ အိမ်ထဲမှ ထွက်ခဲ့လိုက်သည်။ ခတ်လှေကားရှေ့အရောက်တွင် တံခါး ပွင့်ပြီးထွက်လာသော သဏ္ဍာန်နှင့်သွားဆုံသည်။

“ဟင် စို ဘယ်လဲ”

“တရားရုံးကို”

“ဟင် နင်တို့အချင်းချင်း မညှိကြတော့ဘူးလား”

“မလိုတော့ပါဘူး သဏ္ဍာန်ရယ် ငါ့အကျင့်ကိုက စိတ်ဝင်စား စရာမကောင်းတဲ့ခတ်လမ်းဆိုရင် ရှေ့ကိုထပ်ပြီး မဆက်ချင်တာ နင် လည်း သိမှာပါ”

သဏ္ဍာန်ရင်ထဲ ကြိတ်ပြီး ဝမ်းသာနေပေမယ့် မျက်နှာအမူအရာ ကိုတော့ စိတ်မကောင်းသောအမူအရာမျိုးဖြင့် ဟန်လုပ်နေရသည်။





“အေးဟာ ငါတို့သူငယ်ချင်းနှစ်ယောက်ရဲ့အိမ်ထောင်ရေးကံ က ကောင်းကိုမကောင်းဘူး၊ ဘာပဲဖြစ်ဖြစ် က ဟာ နင့်ဘေးမှာ ငါ အမြဲရှိနေမယ် သူငယ်ချင်း”

အားပေးဖော်ရသော သဏ္ဍာန့်စေတနာကို, အပြုံးခပ်အေးအေး ဖြင့်သာ တုန့်ပြန်ပြီး ခတ်လှေကားခလုတ်တွေကို နှိပ်လိုက်သည်။

သဏ္ဍာန် အပြင်မှာရပ်ငေးပြီး ကျန်ခဲ့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

ကျော်ဒင်ခနှင့် လမ်းခွဲပြီး နှစ်လခန့်အကြာတွင် စို့ဆီသို့ မင်္ဂလာဖိတ်စာတစ်စောင် ရောက်လာသည်။

"ဒုန်း ဒုန်း ဒုန်း"

"သမီးရေ အပြင်ကို ခဏထွက်ခဲ့ပါဦး"

မေမေ့အသံကြောင့် လက်ပ်တော့တစ်လုံးဖြင့် အင်္ကျီဒီဇိုင်းဆွဲနေသော စို အခန်းဝဘက်သို့ လှည့်ပြီး

"ကိစ္စရှိလို့လား မေမေ"

"ဟုတ်တယ် သမီးရေ မေမေ ဧည့်ခန်းထဲက စောင့်နေမယ်နော်၊ သဏ္ဍာန်လည်း ရောက်နေတယ်ကွဲ့"

"ဟုတ်ကဲ့ပါ မေမေ"

အလုပ်ကို လက်စသတ်ပြီး စို့အခန်းထဲမှ ထွက်ခဲ့လိုက်သည်။





ဧည့်ခန်းထဲတွင် ဖေဖေနှင့်မေမေအပြင် သဏ္ဍာန်ပါ စိုထွက်အလာကို ထိုင်စောင့်နေသည်ပဲ။

"နင် ရောက်နေတာ ကြာပြီလား သဏ္ဍာန်"

"ကြာပြီဆိုပါတော့ နင်အလုပ်ရှုပ်နေမှန်းသိလို့ အန်တီနဲ့ဦးတို့က ငါ့ကိုဧည့်ခံပေးနေတာ"

"ဟုတ်တယ် နွေရာသီအတွက် နွေဦးဖက်ရှင်ဒီဇိုင်းလေးတွေ ထုတ်ကြည့်နေတာပါ၊ နင်လည်း ပျောက်နေတယ်နော်၊ ခုမှပဲ ပေါ်လာတော့တယ်"

မေမေနှင့်ဖေဖေနားတွင် ဝင်ထိုင်ပြီး သဏ္ဍာန့်ကို အလာပသလာပ စကားဆိုလိုက်သည်။

"အဟဲ အလုပ်နဲ့ငါနဲ့ တစ်သားထဲကျသွားပြီဆိုတော့ ငါလည်း အလုပ်ထဲမှာပဲ ငါ့အချိန်တွေကို နှစ်မြုပ်ထားလိုက်တော့တယ်၊ ခုတောင် နင်နဲ့ငါနဲ့ မင်္ဂလာပွဲတစ်ခုကို အတူတူတက်ဖို့ရှိလို့ ဖိတ်စာလူကြုံပါးထားတာနဲ့ လာပို့တာ"

"ဟင် ဘယ်သူ့ဖိတ်စာလဲ"

"ကျော်ဒင်ခနဲ့ကျော်နှင်းဆီရဲ့မင်္ဂလာဖိတ်စာလေ"

"ဪ ဟုတ်လား သွားရမှာပေါ့"

စို အပြုံးမပျက်ပင် သဏ္ဍာန့်ကို ပြောလိုက်သည်။

ဖေဖေနှင့်မေမေ အနားမှာ ထိုင်အကဲခတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"သဏ္ဍာန်နဲ့စို ဟိုတုန်းကလို မတည့်အတူနေ ဆက်ဆံရေး မဟုတ်တော့ဘဲ သူငယ်ချင်းတွေ ချစ်ချစ်ခင်ခင် ပြန်ဖြစ်သွားတာ ဖေဖေ တော့ ဝမ်းသာတယ် သမီးရယ်"

အမြဲတမ်း စကားနည်းသော ဖေဖေ့ထံမှ ချီးကျူးစကားကြောင့် စိုနှင့်သဏ္ဍာန် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးလိုက်သည်။

"အင်းလေ တကယ်ဆို မေမေတို့ စိတ်ကူးလွဲသွားတာပါ၊ ကျော်ဒင်ခနဲ့သမီးကို သင့်တော်တယ်ထင်ပြီး နေရာချပေးခဲ့မိတယ်"

"ခုချိန်မှာ ဒါတွေကို ဘာဖြစ်လို့ ပြန်ပြောနေတာလဲ မအေ ကြီးရယ်၊ ကလေးတွေတောင် မေ့ထားပြီးတဲ့ကိစ္စကို ပြန်ပြီး အစမဖော် ပါနဲ့တော့"

ဖေဖေ ထပြောလိုက်သည်မို့ မေမေ့စကား ရှေ့ဆက်မဆက်တော့။

"နင် သွားမှာလား စို"

"သွားရမှာပေါ့ သူတို့ကတောင် လာစေချင်လို့ ဖိတ်ထားမှတော့ ငါတို့က ဘာလို့မသွားရမှာလဲ"

"အိုကေ ဒါဆို ငါတို့အတူတူသွားကြတာပေါ့"

"မေမေကတော့ မသွားစေချင်ဘူး သမီးရယ်"

"ဟင် ဘာဖြစ်လို့လဲ မေမေရဲ့"

"သမီးရဲ့ဂုဏ်သိက္ခာအတွက်ပေါ့"

"မေမေ့စေတနာကို စို နားလည်ပါတယ် မေမေရယ်၊ ဒါပေမဲ့





စိုက ဘာအမှားမှလုပ်ထားတာမှမဟုတ်တာ အမှားလုပ်ထားတဲ့သူတွေရဲ့ မင်္ဂလာပွဲကို စို တက်ရဲရမှာပေါ့"

ဆုံးဖြတ်ပြီးရင် လုပ်တတ်သောအကျင့်ကို မေမေသိထားသည်မို့ ဆက်ပြီး မဟန့်တားတော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

စိုနှင့်သဏ္ဌာန် မင်္ဂလာပွဲကို အတူတူတက်ခဲ့ကြသည်။ အားလုံး က စုံတွဲဟုထင်နေကြပြီး တီးတိုးချီးကျူးကြသည်။

"ဟို စုံတွဲကိုကြည့်ပါဦး နေနဲ့လ ရွှေနဲ့မြပဲနော်၊ မင်္ဂလာ သတို့ သား သတို့သမီးထက်တောင် ပိုပြီးတောက်ပနေသေးတယ်"

"အို အဲဒါ ကျော်နှင်းဆီရဲ့ပထမယောကျ်ားနဲ့ ကျော်ဒင်ခဲ့ ပထမမိန်းမလေ"

"ဟော့တော် အဲလိုကြီးလား၊ ဘုရား ဘုရား ဒီခေတ်ကြီးထဲ လူတွေ ဘာတွေဖြစ်ကုန်ပြီလဲ သူ့မယားကိုယ်ယူ ကိုယ့်မယားသူ့ပေး

ဖြတ်လာသော ဝိုင်းတွေမှ တီးတိုးဝေဖန်သံကြောင့် စို ရှက် မိပေမယ့် ဟန်မပျက်ပင် ကိုယ်ထိုင်မည့်စားပွဲဝိုင်းဆီသို့ လျှောက် လိုက်သည်။





ဘေးမှာ သဏ္ဌာန်ပါလာတာကိုပင် ခုမှ ရုက်ရကောင်းမှန်း သိတော့သည်။

"စို ဒီမှာထိုင်လေ"

သဏ္ဌာန် ညွှန်ပြသောနေရာမှာ စို ဝင်ထိုင်လိုက်သည်။ ရုတ် ချက် ခေါင်းထဲမှာ မိုက်ခနဲ ဖြစ်သွား၍ ခန္ဓာကိုယ်မှာ သဏ္ဌာန့်ဘက် သို့ အနည်းငယ် ယိုင်သွားသည်။

"စို ဘာဖြစ်တာလဲ ရရဲ့လား"

စို့ကိုယ်လေးကို မယိုင်အောင် ဖမ်းထိန်းပြီး စိုးရိမ်တကြီး မေး သည်။

"ငါ့ခေါင်းထဲ ချာချာလည်အောင် မူးနေသလိုပဲ သဏ္ဌာန်"

ခြေဖျားလက်ဖျားတွေ အေးစက်လာကာ အသံတွေပင် တုန် လာသဖြင့် သဏ္ဌာန် မင်္ဂလာပွဲမှာ ဆက်ထိုင်၍မဖြစ်တော့မှန်း ကာ

"ပွဲက မစသေးပါဘူး၊ ငါတို့ ဒီအနီးအနားက အထူးကုဆေး ခုခုကို သွားကြမယ်"

လူက ချာချာလည်မူးဝေနေပြီမို့ သဏ္ဌာန့်ဆန္ဒအတိုင်း ဆေးခန်း သဘောတူလိုက်သည်။ စို့ကိုတွဲပြီး မင်္ဂလာခန်းမထဲမှ ထွက် သဖြင့် ဧည့်ပရိသတ်အချို့ သတိထားမိပြီး ဝိုင်းကြည့်နေကြသည်။ မနေနိုင်တော့။ ဖြစ်နိုင်လျှင် ဒီမင်္ဂလာပွဲထဲက မြန်မြန်လွတ်မြောက်



www.burmeseclassic.com

www.burmeseclassic.com



ချင်နေပါပြီ။

"ဟော ကျော်ဒင်ခရဲ့ပထမမိန်းမ စိတ်ထိခိုက်ပြီး ရှော့ခ်ရသွားတယ်ထင်တယ်"

"အေးလေ ကိုယ့်ယောက်ျား နောက်မိန်းမနဲ့လက်ထပ်တဲ့ မင်္ဂလာပွဲကို သူ့စိတ်သူမနိုင်ဘဲ လာတာကိုး၊ ကြည့်ပါဦး ချက်ချင်းကို ဖြူဖျော့သွားတာပဲ"

လူတွေရဲ့ဝေဖန်သံ ကဲ့ရဲ့သံတွေက စို့နားထဲ တိုးဝင်လာသည်။ စို့ လည်ချောင်းထဲမှာ အော်ဂလီဆန်စွာ ပျို့တက်လာသည်။

သဏ္ဍာန် ကျေးဇူးပြုပြီး ငါ့ကိုဒီနေရာကနေ မြန်မြန်ခေါ်ထုတ်ပေးသွားပါ။

■ ■ ■



အခန်း (၃၅)

"ရှင့်အမျိုးသမီးမှာ ကိုယ်ဝန်ရှိနေပြီ"

"ဗျာ"

"ကိုယ်ဝန်က လေးပတ်မြောက်ဆိုတော့ ဒီအချိန်က အရမ်းကိုဂရုစိုက်ရမယ့်အချိန်ပဲ အလွယ်တကူ ပျက်စီးသွားနိုင်လို့လေ"

"ဗျာ ဟုတ် ဟုတ်ကဲ့ပါ၊ ဒေါက်တာ ကျွန်တော် ဂရုစိုက်ပါမယ်ခင်ဗျာ"

"ခုလောလောဆယ်တော့ ကျွန်မ အားဆေးတစ်လုံးသွင်းပေးထားပါတယ်၊ ကိုယ်ဝန်အစမှာ ဖြစ်တတ်တဲ့လက္ခဏာရပ်တွေမို့ စိုးရိမ်စရာတော့ မရှိပါဘူး"

"ဟုတ်ကဲ့ ဒေါက်တာ ကျေးဇူးပါပဲ"

ဒေါက်တာနှင့်စကားပြောနေစဉ် စို့ကို နာ့စ်က ဆေးသွင်းပေးနေ



www.burmeseclassic.com

www.burmeseclassic.com



၍ စို ထိုစကားတွေကို ဘယ်လိုမှ မကြားနိုင်။ အကယ်၍ စို သိခဲ့လျှင်လည်း ပို၍ စိတ်ထိခိုက်သွားနိုင်သည်။

လောကမှာ သဏ္ဍာန် အကြောက်ဆုံးက စို စိတ်ဒုက္ခခံစားရမှာကိုပဲ ဖြစ်သည်။ ဒီတော့ ကိုယ်ဝန်ရှိတာကို စို့ကို အသိပေး၍ မဖြစ်သေး။

သဏ္ဍာန် ခုံတန်းတွေမှာ စိတ်ပျက်လက်ပျက်ဖြင့် ထိုင်ချလိုက်ပြီး တစ်စုံတစ်ခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်သည်။

စို ဆေးသွင်းပြီး၍ နာ့စ်က စို့ကိုအခန်းထဲမှ တွဲခေါ်လာသည်နှင့် သဏ္ဍာန် ထိုင်ရာမှထပြီး စို့ကို သွားတွဲကူသည်။

"သက်သာရဲ့လား စို"

"သက်သာပါတယ် ဆရာဝန်က ငါ့ကိုဘာမှလည်းမပြောဘူး ငါ ဘာရောဂါတဲ့လဲ၊ ရိုးရိုးသွေးအားနည်းတာလား"

"နင် အရမ်းမူးနေလို့ ဆရာဝန်က ဘာမှမပြောတာပါ၊ ငါ့ကိုတော့ ပြောသွားတယ်၊ ဒီရက်ထဲမှာ အစားအသောက်ကို အာဟာရပြည့်ပြည့်ဝဝ စားပါတဲ့၊ နင့်မှာ ဘာရောဂါမှ ထွေထွေထူးထူး မရှိပါဘူးတဲ့ ကဲ လာ ငါတို့ တစ်နေရာကိုသွားပြီး အနားယူကြရအောင် မင်္ဂလာပွဲကိုတော့ မသွားနေပါနဲ့တော့"

"ဟင့်အင်း ငါလည်း မသွားချင်တော့ပါဘူး"

"အိုကေ ဒါဆိုရင် ငါတို့ စိတ်ပြေလက်ပျောက် ကားလျှောက်





မောင်းပြီး တစ်နေရာမှာ အနားသွားယူပြီး စကားတွေပြောကြတာပေါ့၊ နင် လေကောင်းလေသန့်ရှူဖို့ လိုတယ် စို"

စို ခေါင်းကို ခပ်လေးလေးညိတ်လိုက်သည်။

ချာချာလည်အောင်မူးသည့်ဝေဒနာက သက်သာပေမယ့် ရင်ထဲမှာ မွန်းကျပ်နေသည့်ဝေဒနာကတော့ ခုထိ မသက်သာသေး။

စို တစ်စုံတစ်ခုကို စိုးထိတ်နေသည်။ ထိုတစ်စုံတစ်ခုသည် ဘာလဲဆိုတာကိုတော့ စို ကိုယ်တိုင်ပင် မဝေခွဲတတ်။

ဆေးခန်းထဲမှာ စို့ကိုတွဲပြီး ထွက်လာသော သဏ္ဍာန့်ပုံစံက ကြင်နာဖေးမမှုတွေအပြည့်အဝ ပေါ်လွင်နေသည်။ သဏ္ဍာန့်ကိုကျေးဇူးတင်မိပေမယ့် မင်္ဂလာပွဲမှာ လူတွေပြောကြသည့်စကားသံတွေက စို့မျက်နှာကို အကြိမ်ကြိမ်လွှဲရိုက်လိုက်သည့်နှယ်။ လူတွေက စိုနဲ့သဏ္ဍာန်ကို ဘာကြောင့် အဲလိုထင်နေကြတာလဲ။

တကယ်ဆို သဏ္ဍာန်ရော စိုရော ရိုးသားခဲ့ကြတာပဲ။ ရှက်စိတ်က ရင်ထဲမှာ တမြေ့မြေ့နှင့်လောင်ကျွမ်းနေသည်။

"စို နင် တစ်ခုခုကို ခံစားနေရတယ်မဟုတ်လား"

"ဘာကိုလဲ"

"ကျော်ဒင်ခရဲ့မင်္ဂလာပွဲကို မြင်ပြီးတော့လေ"

"မဟုတ်တာ သဏ္ဍာန်ရယ် ငါ့ရင်ထဲမှာ သူ ဘယ်တုန်းကမှ ရှိမနေခဲ့တာပဲ၊ အဲဒီအတွက် ငါက ဘာကိုထူးပြီး ခံစားရမှာလဲ"

"ဒါဆိုရင်တော့ တော်ပါသေးရဲ့ဟာ၊ ငါက နင့်အတွက် စိတ်ပူ



www.burmeseclassic.com

www.burmeseclassic.com



နေတာ၊ ရုတ်တရက်ကြီး နင့်ပုံစံက ရှော့ခ်ဝင်သွားတော့ ဒီမင်္ဂလာပွဲကြောင့် နင် ခံစားရပြီထင်နေတာ''

''ငါ ဘယ်တော့မှ သူ့ကိုလမ်းခွဲရလို့ နောင်တရမှာမဟုတ်ဘူး သဏ္ဍာန်၊ ငါ အခု စိတ်လှုပ်ရှားသွားတာက လူတွေရဲ့ဝေဖန်သံတွေကြောင့်ပဲ''

သဏ္ဍာန် စိုကို အားနာစွာကြည့်လိုက်ပြီး

''ငါပါလို့ နင် ဒီလို ဝေဖန်ခံရတာ ငါစိတ်မကောင်းပါဘူး စိုရယ်၊ ကဲပါလေ ပြီးခဲ့တာတွေကို စိတ်မကောင်းဖြစ်မနေပါနဲ့တော့၊ ငါတို့သွားကြရအောင်နော်''

ကားတံခါးဖွင့်ပေးလိုက်သဖြင့် စို ကားထဲဝင်ထိုင်လိုက်သည်။

စိုရယ် နင့်မှာ ကျော်ဒင်ခနဲ့ရတဲ့ ကိုယ်ဝန်ရှိနေပြီဆိုတာသာ နင်သိသွားရင် ဒီထက်စိတ်သောကရောက်မယ်ဆိုတာ ငါသိတယ်၊ ဒါကြောင့် အဲဒီတာဝန်ကို ငါယူပါရစေတော့၊ နင့်ကိုယ်ဝန်ဟာ ငါနဲ့နင်နဲ့ရတဲ့ကိုယ်ဝန်ဆိုပြီး နင်လက်ခံလာအောင် ငါနည်းငါ့ဟန်နဲ့ ကြိုးစားကြည့်ရတော့မယ်''

ဒါဆို နင်ရော နင့်ရင်သွေးရော လူ့လောကကြီးထဲမှာ လိပ်ပြာသန့်သန့်နဲ့ နေသွားလို့ရပြီပေါ့။

နင်ကိုယ်တိုင်တောင်မသိတဲ့ နင့်ရဲ့လျှို့ဝှက်ချက်ကို ငါပဲ ဆက်ထိန်းပါရစေတော့။

■ ■ ■



## အခန်း (၃၆)

ရန်ကင်းစင်တာရှေ့တွင် ကားကိုရပ်လိုက်ပြီး သဏ္ဍာန် ကားပေါ်မှ ဆင်းလိုက်သည်။

''စို ကားထဲမှာ ခဏနေဦးနော်၊ ငါနဲ့နင် စားဖို့ စားစရာလေးဘာလေး ဝင်ဝယ်ရဦးမယ်''

မျက်လုံးမှေးစင်းပြီး ငြိမ်လိုက်လာသော စို သဏ္ဍာန့်ကို ခေါင်းညိတ်ပြသည်။ သဏ္ဍာန် စင်တာထဲသို့ ခပ်သွက်သွက်ဝင်လာခဲ့လိုက်ပြီး ...အပ်သည့်ပစ္စည်းများကို တစ်ပွေ့တစ်ပိုက် ဝယ်လိုက်သည်။ လိုအပ်တာ ...တ်တိုင်းကျဝယ်ပြီးတော့မှ စင်တာထဲမှ ပြန်ထွက်လာပြီး ကားနောက်ဖုံး ...ငြီး ပစ္စည်းတွေကို ထည့်လိုက်သည်။

သဏ္ဍာန် ကားထဲဝင်ထိုင်တော့ စို မျက်လုံးတို့ ပွင့်လာသည်။

''ဝယ်ပြီးပြီလား သဏ္ဍာန်''



www.burmeseclassic.com

www.burmeseclassic.com



"ဝယ်ပြီးသွားပြီ၊ ငါတို့ သွားကြမယ်လေ၊ နင် ဗိုက်ဆာပြီလား၊ ရော့ ဒီကော်ဖီလေး အရင်သောက်ထားနှင့်လိုက်"

စို ကော်ဖီခွက်ကို လှမ်းယူရင်း

"ဟင့်အင်း ငါ ဘာမှမစားချင်ဘူး၊ အိမ်ပဲပြန်တော့မယ်ဟာ"

"ဆာတယ်ဆိုရင် ပြောနော်၊ ကားနောက်ခန်းထဲမှာ အဆင်သင့် ဝယ်ထားပြီးပြီ၊ အခု ငါ နင့်ကို အိမ်ပြန်လိုက်ပို့မယ် ဟုတ်ပြီလား"

စို ခေါင်းညိတ်ပြီးတော့ ကော်ဖီကို မော့သောက်လိုက်ပြီး တစ်ဝက်ခန့်ကျန်မှ

"နင်ရော သောက်လေ"

"ငါ သောက်ခဲ့ပြီးပြီ နင်ပဲသောက်လိုက်တော့"

စို လက်ကျန်ကော်ဖီကို ကုန်အောင်မော့ပြီး အနီးရှိအမှိုက်ပုံး ထဲသို့ ကားထဲမှ လှမ်းထည့်လိုက်သည်။ စို့မျက်လုံးတို့ ဆေးအရှိန်ကြောင့် မှေးစင်းစပြုလာသည်ဟု စို ထင်လိုက်၏။

စို သက်သက်သာသာလေး လှဲအိပ်ပြီး သဏ္ဌာန် ကားမောင်း ခေါ်ဆောင်ရာသို့ ခပ်ငြိမ့်ငြိမ့် လိုက်ပါသွားသည်။

စိုရေ နင်နဲ့ကျော်ဒင်ခ မင်္ဂလာပွဲနဲ့ ငါနဲ့ကျော်နှင်းဆီတို့ မင်္ဂလာ ပွဲကို တစ်ချိန်က တစ်နေ့ထဲ ကျင်းပခဲ့ကြသလိုပဲ ခုတစ်ကြိမ်လည်း ငါတို့ တစ်နေ့ထဲ တစ်ရက်ထဲ ဖြစ်စေရမယ်၊ နင့်ဘဝကို ငါ ဒီနေ့ အပိုင်သိမ်းပိုက်လိုက်ပြီမို့ ကျော်ဒင်ခ ကျော်နှင်းဆီကို ပိုင်ဆိုင်သလို





ငါကလည်း နင့်ကို ပိုင်ဆိုင်ရဖို့ ခုကစပြီး စွန့်စားလိုက်တော့မယ်ဟာ"

နင့်ခန္ဓာကိုယ်ထဲမှာ ရောက်နေတဲ့ ကျော်ဒင်ခရင်သွေးကို ငါ့ ရင်သွေးအဖြစ် နင်ထင်လာအောင် ငါ ဇာတ်လမ်းဆင်ရဦးမှာမို့ ငါဆင်တဲ့ ဇာတ်လမ်းထဲ နင်လိုက်က,ပေးပါဦးဟာ။

ငါ နင့်ကိုချစ်တယ် စို။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

စို မျက်လုံးတို့ ဖျတ်ခနဲ ပွင့်လာသည်။ စိမ်းသက်နေသော အိပ်ရာတစ်ခုပေါ်သို့ ရောက်နေသည်ဆိုသည့်အသိကြောင့် စိတ်တွေ နိုးကြားလာကာ ဆတ်ခနဲ ထလိုက်သည်။

အခန်းမီးရောင် ဝါကျင်ကျင်ကြောင့် ညအချိန်ဆိုတာကို စို သိလိုက်သည်။

"ဒါ ဒါဘယ်နေရာလဲ ငါ ဘယ်နေရာကိုရောက်နေပြီလဲ"

ပြင်ပလောကမှ ပုစဉ်းရင်ကွဲအော်သံ ခပ်စူးစူးတွေကလွဲ၍ ဘာသံမှ မကြားရလောက်အောင် တိတ်ဆိတ်နေသောအခန်းကို စို ဝေ့ကြည့်လိုက်သည်။

စို နောက်ဆုံးမှတ်မိလိုက်တာက သဏ္ဍာန်တိုက်သည့် ကော်ဖီ





ကို သောက်ပြီး ရန်ကင်းစင်တာရှေ့မှ သဏ္ဍာန် ကားမောင်းထွက်လာရာ နောက်သို့ စိုပါလာသည်ဆိုတာကိုလောက်ပဲ သိတော့သည်။

"သဏ္ဍာန် သဏ္ဍာန်"

"နိုးပြီလား စို ငါ နှင် နိုးလာရင်စားဖို့ ညစာပြင်ဆင်နေတာ"

ညစာဆို၍ ခပ်လှမ်းလှမ်းနံရံမှ ချိတ်ထားသောနာရီကို လှမ်းကြည့်လိုက်သည်။ ညဆယ်နာရီတိတိ။

"ဒါ ဘယ်နေရာလဲ နှင် ငါ့ကို ဘယ်ခေါ်လာတာလဲ သဏ္ဍာန်"

"သိပ်လည်း စိတ်လှုပ်ရှားမနေပါနဲ့ စိုရာ၊ ငါ လူကြီးတွေကိုလည်း အကုန်အကြောင်းကြားပြီးပြီ၊ မနက်မိုးလင်းတာနဲ့ သူတို့ရောက်လာကြလိမ့်မယ်"

"ဘာ"

စို ထိတ်လန့်စွာ အော်လိုက်သည်။

"သိပ်လည်း သောကများမနေပါနဲ့ စိုရာ၊ ငါ နှင့်ကို ခိုးပြေးလာတယ်ဆိုတဲ့အကြောင်း ဖုန်းနဲ့လှမ်းအသိပေးရုံပါ"

"ဟင် နှင် နှင် ဘာကြောင့် ဒီလိုလုပ်ရတာလဲ ဒါ ငါ့သဘောဆန္ဒမှမပါတာ၊ မဖြစ်ဘူး ငါ အဲလိုမလုပ်နိုင်ဘူး၊ ခုချက်ချင်း ငါ့ကို အိမ်ပြန်လိုက်ပို့"

သွေးရူးသွေးတန်းစိတ်လှုပ်ရှားနေသော စို့အနားမှာ ဝင်ထိုင်လိုက်ပြီး စို့ကို သေချာကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို အိမ်ပြန်ပို့လိုက်ရုံနဲ့ နင်အပျိုပြန်ဖြစ်သွားမလား စို၊ ငါ နင့်ကိုချစ်လွန်းလို့ မှားခဲ့ပြီးတဲ့အမှားကို ငါ ဘယ်အရာနဲ့မှ အစား ပြန်မပေးနိုင်ဘူး၊ တစ်ခုပဲရှိတယ် နင် ငါ့ကို လက်ထပ်လိုက်ပါ၊ ဒါမှ ငါနဲ့ရလာတဲ့ ငါ့ကလေးမှာ အဖေခေါ်စရာရှိတော့မှာပေါ့"

စို ထိတ်လန့်တကြား နောက်ကိုဆုတ်သွားပြီး

"ဘာ ဘာရယ် နင် နင် ငါ့ကို ကြံစည်လိုက်ပြီပေါ့ ဟုတ်လား"

"ဆောရီးပဲ စိုရာ ငါ ဒီနည်းလမ်းသုံးမှ နင့်ကိုပိုင်ဆိုင်ရမှာမို့ လို့ပါ၊ ငါ့ကို မငြင်းပါနဲ့တော့"

စို ချုံးပွဲချ ငိုလိုက်ပါတော့သည်။ စို ငိုတော့ သဏ္ဍာန် မနေ တတ်တော့။

"မငိုပါနဲ့ စိုရယ်၊ ငါ နင့်အပေါ် ဒီလိုမလုပ်သင့်ဘူးဆိုတာ သိပါတယ်၊ ဒါပေမဲ့ ငါမှ နင့်ကိုအဆုံးရှုံးမခံနိုင်တော့တာ၊ နင်နဲ့ပတ်သက် ပြီး ငါ့အချစ်တွေကို မျိုသိပ်ခဲ့တာ ကြာပါပြီဟာ"

"နင်ဟာ နွားပဲ၊ ငါ့ကိုပိုင်ဆိုင်ချင်ရအောင် နင် ငါ့အကြောင်း ဘာသိထားလို့လဲ၊ ကျော်ဒင်ခနဲ့ငါနဲ့က နင်ထင်သလို မဟုတ်ခဲ့ဘူး၊ ငါတို့ လင်မယားအဖြစ် နေထိုင်ခဲ့ကြဖူးတယ်၊ အဲဒါကို နင်မသိလို့ ငါ့ကိုနိုးပြေး လာတာမဟုတ်လား"

သဏ္ဍာန် အကုန်သိထားပြီးနေတာကို မသိသော စို့ကို သဏ္ဍာန် ပို၍ပင် မြတ်နိုးမိပါသည်။ တကယ်ဆိုရင် စို့အကြောင်းကို စို့ထက်





သဏ္ဍာန်က ပိုသိနေတာပဲ။

"နင်နဲ့ကျော်ဒင်ခ လင်မယားအဖြစ်နေထိုင်ခဲ့ရုံနဲ့ ငါ့အချစ်တွေ ကို ငါက ပြန်ခေါက်သိမ်းလိုက်ရမှာလား စို၊ ငါ့ဘဝမှာ နင် ဘာပဲဖြစ်နေ ဖြစ်နေ ငါ့ရင်ထဲက အချစ်တွေက မြူတစ်မှုန်စာတောင် လျော့မသွား ဘူးဆိုတာ နင် ယုံလိုက်ပါ"

ဒီထက် စစ်မှန်သော ချစ်ခြင်းတရားတွေကို စို ဘယ်မှာထပ် ပြီး ရှာတွေ့နိုင်တော့မှာလဲ။

"ဒါပေမဲ့ ငါတို့ အဲလိုလုပ်ဖို့ အချိန်မကျသေးဘူး မဟုတ်လား သဏ္ဍာန်ရယ်၊ ငါတို့ကို လူတွေက ဘယ်လိုပြောကြမလဲ ဒါကို နင် စဉ်း စားသင့်တယ်၊ ငါ ငါ လူတွေမေးငေါ့ဝေဖန်လာတဲ့ စကားလုံးတွေကို ကြောက်တယ်"

တကယ်ဆိုရင် စိုလည်း သဏ္ဍာန်အချစ်တွေကို ရင်ထဲမှာ မသိ သော သိမ်းဆည်းခဲ့တာ ကြာခဲ့ပြီပဲ။

"တစ်ခါတစ်ရံမှာ ငါနဲ့နင် လူ့ဘောင် အသိုင်းအဝိုင်းထဲက ညည်းမျဉ်းတွေကို ဥပေက္ခာပြုကြရအောင်လား စိုရယ်၊ အဲဒါဆိုရင် နင် ဆောင်ရော ပျော်စရာကောင်းတဲ့ဘဝကို ဖန်တီးနိုင်မှာဟ၊ နင် ငါ့လက်ကို ခိုင်ခိုင်သာဆုပ်ကိုင်လိုက်စမ်းပါ၊ နင့်ဘဝထဲကို ငါ ရဲရဲကြီးဝင်လာပြီး ငါ့ရဲ့ အချစ်တွေနဲ့ နင့်ရဲ့ပျော်ရွှင်မှုတွေကို ငါ ဖန်တီးပေးနိုင်ပါတယ်"

သဏ္ဍာန် စို့ကို လွတ်ထွက်မတတ် သိမ်းဖက်လိုက်သည်။ စို



www.burmeseclassic.com

www.burmeseclassic.com



မရှန်းမီ။ ဘဝမှာ တစ်ကြိမ်တစ်ခါတော့ ယောက်ျားတစ်ယောက်ရဲ့ဟန်ဆောင်မှုကင်းတဲ့အချစ်ကို ပိုင်ဆိုင်ကြည့်ချင်လို့ပါ။

အဲဒီယောက်ျားဟာ သဏ္ဌာန်ဖြစ်နေတဲ့အင ~ စို ကျေနပ်ပါတယ်။

■



www.burmeseclassic.com